Information ▪ Communication ▪ Technology ▪ Lifestyle

# Digital life

Technology Journal volume : 03 issue : 06 1 June 2014

SONY
OFFICIAL PARTNER

## ခေတ်မီတိုးတက်လာတဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနည်းပညာများ



အန္တရာယ်ရှိမှန်းသိသိနဲ့ လမ်းပေါ်မှာ လူတွေမရှောင်ရှားနိုင်တဲ့အလေ့အကျင့်တစ်ခုက ကားမောင်းရင်း ဖုန်းပြောတာပါပဲ။ အဲဒီလို အပြုအမူတွေကြောင့် လမ်းပေါ်မှာ သေဆုံး၊ ဒဏ်ရာရသူတွေလည်း များလာပါပြီ။ နည်းပညာကြောင့် ဖြစ်လာတဲ့ဆိုးကျိုးတွေကို နည်းပညာနဲ့ပဲ တန်ပြန်ချေဖျက်ဖို့ ပြုလုပ်နိုင်ပါတယ်။ ကားအတွင်း အန္တရာယ်ကင်းရှင်းရေး နည်းပညာတစ်ခုက WorkLoad Manager ဖြစ်ပြီး Volvo ကား မော်ဒယ်အချို့မှာ ပါတယ်။ ကားကိုကွေ့နေတဲ့အချိန်၊ လမ်းကြောင်းပြောင်းတဲ့အချိန် ဖုန်းခေါ်ဆိုသူကို တားမြစ်ပေးတယ်။ နောက်ထပ်နည်းပညာတစ်ခုက ယာဉ်မတော်တဆဖြစ်မှုကို ကာကွယ်ပေးမယ့် ကား Black Box နည်းပညာပါ။ ယာဉ်အန္တရာယ်ဖြစ်ပွားမှုကို လျှော့ချပေးတာကြောင့် ဖွံ့ဖြိုးပြီး နိုင်ငံအချို့မှာ ကားတွေကို Black Box တပ်ဆင်ဖို့ ဥပဒေအရ တိုက်တွန်းထားတာကို တွေ့နေရတာကြောင့် ဒီနည်းပညာတွေနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

Page - 19 & 32>>

Recommened Accessory For Ascend P7

**Huawei Talkband B1**

Page - 53>>



### Local News >>

- ဖိုင်ဘာကေဘယ်လိုင်း ပြတ်တောက်မှုကြောင့် အင်တာနက်သုံးစွဲမှု အမြန်နှုန်းများ ကျဆင်း Page - 4>>
- 3G နှင့် 4G မိုဘိုင်းလ်ကွန်ရက်အတွက် မိုက်ခရိုဝေ့(ဗ်)ဆက်ကြောင်းများ တည်ဆောက် Page - 5>>

### International News>>

- Google က ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို သိရှိသည့် တက်ဘလက်များကို တီထွင်နေ Page - 50>>
- Lenovo ၏ Windows Phone ကို ယခုနှစ်အတွင်း မြင်တွေ့ရဖွယ်ရှိ Page - 33>>

Midea
Beyond your expectation




2014 Air conditioner Special Promotion

ဗလာမပါငွေသားကံစမ်းမဲများအပြင် အထူးဆုကားနှင့် ရွှေဆွဲပြားများပါဝင်ကံစမ်းနိုင်မည့်
အထူးအခွင့်အရေးကြီး





ပူပြင်းသောနွေရာသီကို Midea နှင့်အတူဖြတ်သန်းကြပါစို့

VSK International Co.,Ltd:
No(47/49),Phone Gyee Road,Lanmadaw Township, Yangon.Tel:01-215136,224752,210758,225648,214009,214085, 09 421049294
No(280), 82 Street, Between 26x27 Street Mandalay. Tel:02-21279,68048







# HUAWEI Ascend P7

## Excellence With Edge

**Redefining Craftsmanship**

- ၆.၅ mm သာရှိသော ကျစ်လစ်ပါးလွှာပြီး သယ်ဆောင်ရလွယ်ကူသော ဖုန်း၏ကိုယ်ထည်
- ချောမွေ့သော အထိအတွေ့ကို ခံစားပေးနိုင်မည့် ၇ လွှာရှိ ဖန်သားမျက်နှာပြင်နှင့် သတ္တုကိုယ်ထည်

**Redefining Camera Experience**

- စွမ်းဆောင်ရည်အမြင့်ဆုံး 8MP ကို အသုံးပြုထားသော ရှေ့ camera
- အလင်းရောင်နည်းသော နေရာတွင် အကောင်းဆုံးသော ရုပ်ပုံကိုပေးစွမ်းနိုင်မည့် 13MP ရှိ နောက် camera

**Redefining Connectivity**

- 2500 mAH ရှိ battery နှင့် power saving mode ကို အသုံးပြုထားသောကြောင့် battery သက်တမ်း ကြာရှည်ခံနိုင်ခြင်း
- dual antenna ကို အသုံးပြုထား၍ လိုင်းဆွဲအားအထူးကောင်းမွန်ခြင်း

consumer.huawei.com

Catch up with us on facebook
facebook.com/ HuaweiDeviceMyanmar

Product colour, shape and phone interface are for reference only. The actual product may vary. EMUI functions and applications may vary by region.


သင်နှင့် သင့်ကား လုံခြုံရေးအတွက် စက္ကန့်မလပ် စောင့်ကြည့်ပေးနေသော ...
www.3view.biz
3VIEW
CAR BLACK BOX
Best PICTURE, Best PERFORMANCE, Best QUALITY
3VIEW
GALAXY300
HD
1280X720
Smart Black box
Real HD & 2ch
EyeBeam
DO YOU KNOW
CAR BLACK BOX?
Please Do Not Hesitate To Call Us For More Info
ပြန်လည်ဖြန့်ဖြူးလိုသော ကိုယ်စားလှယ်ကြီးများအား ဖိတ်ခေါ် ကြိုဆိုအပ်ပါသည်
No, (514-A), Waizayandar Street, 4-Quarter, South-Okkalapa Township, Yangon
Hotline : 01-8500801, 01-8500802, 01-8500803
MADE IN KOREA

# CDMA 800 MHz (MEC Tel) Simcard ပျက်ပျောက်များ ကတ်သစ်ပြန်ရရန် ကြန့်ကြာနိုင်ဖွယ်ရှိ



မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC Tel) အမှတ်တံဆိပ်တန်ဖိုးနည်းငွေကျပ်(၁,၅၀၀) တန် တန်ဖိုးနည်း Simcard ပျက်၊ ပျောက်လျှောက်ထားသူများအနေဖြင့်ကတ်ပြန်လည်ရရှိရန်ကြာမြင့်ဖွယ်ရှိကြောင်း ဆက်သွယ်ရေးနှင့်နီးစပ်ရာ အသိုက်အဝန်းမှတစ်ဆင့်ကြားသိရသည်။

"အခုလောလောဆယ်တော့ တစ်ပတ်အတွင်းလျှောက်ခဲ့တဲ့ဖုန်းကတ်ပျက်၊ပျောက်တွေကိုပဲ တစ်ပတ်အတွင်းပြန်ထုတ်မပေးနိုင်သေးပါဘူး။ အရင်ကကတ် ပြန်လည်လျှောက်ထားခဲ့တဲ့ သူတွေအတွက် အရင်ဦးဆုံးဦးစားပေးစနစ်နဲ့ တစ်ပတ်လျှင် ၅ ရက်နှုန်း ထုတ်ပေးနေပါတယ်။ ကတ်ပျက်၊ပျောက်တွေကိုတော့ နေ့ရက်အလိုက်ပဲ ပြန်လည်ပြီးတော့ ကတ်ထုတ်ပေးနေပါတယ်။ သက်တမ်းလွန်ကတ်တွေကိုတော့ ကတ်သစ်ပြန်မထုတ်ပေးပါဘူး"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်ဧပြီကာလမှ အစပြု၍ CDMA 800 MHz Sim Card (MEC Tel) များကိုပြန်လည်ထုတ်ပေးခြင်းလုပ်ငန်းကိုရပ်ဆိုင်းထားရှိခဲ့သည်။ ၂၀၁၄ ခုနှစ် မေ(၁၉) ရက်နေ့မှ အစပြု၍ ကတ်သစ်ပြန်လည်ထုတ်ပေးခြင်းဖြစ်သည်။ လက်ရှိကာလတွင် အဆိုပါ sim card ပျက်၊ပျောက်များကို နေ့ရက်အလိုက်သာပြန်လည်ထုတ်ပေးလျက်ရှိခြင်းကြောင့် ကတ်ပြန်လည်ရရှိရန်ကြန့်ကြာနိုင်ဖွယ်ရှိသည်။

"အခုပျောက်ပျက်လာလျှောက်ရင်တော့ ကတ်ပြန်ရဖို့က (၃) ပတ် ဝန်းကျင်လောက်ကြာဦးမယ်။ ရှေ့မှာလည်း ကတ်သစ်ပြန်ရဖို့စောင့်နေတဲ့ လူတွေအများကြီးရှိပါသေးတယ်။ အမည်နဲ့အမှတ်စဉ်မှတ်လာဖို့တော့ လိုပါတယ်။ ကတ်ပြန်ရတဲ့သူတွေနဲ့ စာရင်းကိုတော့ ကြော်ငြာသင်ပုန်းမှာက ကပ်ထားပါတယ်" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်မေကာလတွင် တန်ဖိုးနည်း CDMA 800MHz Sim card စုစုပေါင်း (၂၅,၀၀၀) ကိုရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းနဲ့သာရောင်းချပေးသွားမည် ဖြစ်သည်။

***အောင်ရဲကျော်***

# ဖိုင်ဘာကေဘယ်လိုင်းပြတ်တောက်မှုကြောင့် အင်တာနက်သုံးစွဲမှု အမြန်နှုန်းများကျဆင်း

ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ချိတ်ဆက်ထားသော နယ်စပ်ဖြတ်ကျော်ဖိုင်ဘာဆက်ကြောင်း (၉၆) core သည် ပဲခူးမြို့နှင့် ရန်ကုန်မြို့ ကားလမ်းမိုင်တိုင် (၂၆/၆) နှင့် (၂၆/၇)အကြားတွင် ၂၀၁၄ မေ ၂၅ ရက် နေ့လည် (၁၂း၃၀) နာရီအချိန်ခန့်၌ စက်ယန္တရားကြီးများဖြင့် လမ်းဘေးရေမြောင်းတူးဖော်စဉ်တွင် ဖိုင်ဘာကေဘယ်ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဖိုင်ဘာကေဘယ်ပြတ်တောက်ခြင်းတွင် ထိုင်းနိုင်ငံမှ ရန်ကုန်ဟဲသာဝေ Internet Gateway သို့ နယ်စပ်ဖြတ်ကျော်ချိတ်ဆက်ထားသော အပြည်ပြည်ဆိုင်ရာအင်တာနက်ဆက်ကြောင်းတချို့ ပါဝင်ခဲ့ပြီး အင်တာနက်မြန်နှုန်းများကျဆင်းခဲ့ကြောင်း အဆိုပါ ဖိုင်ဘာပြတ်တောက်မှုကို သက်ဆိုင်ရာဌာနမှ ပြန်လည်ချိတ်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ မေ ၂၅ ရက်နေ့ ည (၇း၅၀) နာရီအချိန်ခန့်တွင် ပြန်လည်ချိတ်ဆက်အသုံးပြုနိုင်ခဲ့ကြောင်းသိရသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့် ဖိုင်ဘာဆက်ကြောင်းနှင့် မိုက်ခရိုဝေ့ဖ်ဆက်ကြောင်းတိုးချဲ့ခြင်းကို အထက်မြန်မာပြည်တွင် ပြုလုပ်ခဲ့ပြီး ၄၅. ၁၇ ရာခိုင်နှုန်းပြီးစီးသေးကြောင်းသိရှိရသည်။အဆိုပါတိုးချဲ့ဆောင်ရွက်ခြင်းအတွက် ကုန်ကျငွေကျပ်သန်းပေါင်း ၁၅၅၉၈၁. ၆၀၀ သန်းကုန်ကျကြောင်း၊ ထို့အပြင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အနေဖြင့် GSM နှင့် UMTS မိုဘိုင်းလ်တိုးချဲ့တပ်ဆင်ခြင်းကိုလည်း ပြုလုပ်ခဲ့ရာ ကုန်ကျငွေကျပ်ပေါင်း ၃၉၇၇၇၂. ၃၉၈ သန်းကုန်ကျပြီး လက်ရှိကာလတွင် ၅၉. ၃၀% ပြီးစီးခဲ့ကြောင်းလည်းသိရသည်။

၂၀၁၃ ခုနှစ်မှ စတင်၍ ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဆက်သွယ်ရေးမိုဘိုင်းလ်ဖုန်း Sim card များကို တစ်လလျှင် ဖုန်းအလုံးရေ (၃၅၀,၀၀၀) ကိုပြည်နယ်နှင့် တိုင်းဒေသကြီးသို့ ခွဲဝေဖြန့်ဖြူးပေးခဲ့ပြီး ၂၀၁၃ ခုနှစ်ဧပြီ လမှ ၂၀၁၄ ခုနှစ်ဧပြီလအထိ CDMA 800MHz ဖုန်းအလုံးရေ (၂၄၉၀၀၀၀) လုံး၊ GSM ဖုန်းအလုံးရေ (၁၅၄၉၇၀၀) လုံးနှင့် WCDMA ဖုန်းလုံးရေ (၆၁၀၃၀၀) လုံးစုစုပေါင်း ဖုန်းအလုံးရေ ၄ ဒသမ ၆၅ သန်းဖြန့် ဖြူးရောင်းချပေးခဲ့ပြီဖြစ်သည်။

***စိုးမင်းဦး***



## Ooredoo Myanmar မှ မန္တလေးတွင် Dealer Register စာရင်းများကောက်ယူ၍ ဈေးကွက်လေ့လာ



မန္တလေးမြို့တွင် Ooredoo နှင့် Telenor ကုမ္ပဏီတို့မှ သက်ဆိုင်ရာ အရောင်းဆိုင်ကိုယ်စားလှယ်များပေးအပ်ထားရာ Ooredoo Myanmar ၏အရောင်းကိုယ်စားလှယ် လုပ်ကိုင်ခွင့်ရရှိသော MDR-GMS မှ ဝန်ထမ်းများသည် မေလလယ်လောက်မှအစပြု၍ Dealer Register စာရင်းများကောက်ယူ၍ ဈေးကွက်လေ့လာလျက်ရှိကြောင်းသိရှိရသည်။" ကျွန်တော်တို့ ဝန်ထမ်းတွေနှစ်ယောက်စီ အုပ်စုခွဲပြီး မန္တလေးမြို့ထဲမှာလုပ်ငန်းရှင်တွေ၊ ဓာတ်ပုံဆိုင်တွေစတဲ့ ဝန်ထမ်းနဲ့ အလုပ်လုပ်တဲ့ ဆိုင်တွေကို သွားပြီးဘယ်လောက်ဝယ်မလဲဆိုတဲ့ စာရင်းတွေကောက်နေပါတယ်။ ကြိုတင်ကောက်ယူတဲ့သဘောပါ။ နောက်မှ ပေးထားတဲ့ စာရင်းအတိုင်း မဝယ်ရင်လည်းရပါတယ်" ဟု အဆိုပါလုပ်ငန်းမှ ဝန်ထမ်းတစ်ဦးကပြောကြားခဲ့သည်။

Ooredoo Myanmar ဆင်းကတ်ဖြန့်ချိရောင်းချခွင့်ကို မန္တလေးမြို့ ၃၅ လမ်းမှ မြောက်ဖက်ပိုင်းနှင့်တောင်ဖက်ပိုင်းဟူ၍ ခွဲခြားပြီး တောင်ပိုင်းကို UMD မှလည်းကောင်း၊ မြောက်ပိုင်းတွင် MDR-GMS မှလည်းကောင်းရရှိထားကြောင်း၊ Dealer Reserch ပုံစံမျိုးစုံဖြင့် ဝယ်လိုအားကို တွက်ချက်ရန် ယင်းကဲ့သို့ ကောက်ယူခြင်းဖြစ်ပြီး စာရင်းပေးသွင်းသူများကိုသာ ဦးစားပေးရောင်းချခြင်းမျိုးမဟုတ်ဘဲ လွတ်လပ်စွာရောင်းချသွားမည်ဖြစ်ကြောင်းသိရှိရသည်။

" စာရင်းကောက်တယ်ဆိုတာ ဈေးကွက်ဝယ်လိုအားကို လေ့လာတဲ့သဘောပါ။ ဘယ်သူမဆို စာရင်းပေးထားသည်ဖြစ်စေ မပေးသည်ဖြစ်စေ အားလုံးကိုရောင်းချပေးသွားမှာဖြစ်ပါတယ်။ ဟန်းဆက်ဝယ်မှ ဆင်းကတ်ရောင်းမယ်ဆိုတာ မဟုတ်ပါဘူး။ လာမယ့် ဩဂုတ်လဆန်းပိုင်းလောက်မှာ ဆင်းကတ်တွေကို ရောင်းချပေးသွားမှာပါ" ဟု အဆိုပါလုပ်ငန်းမှ ဝန်ထမ်းကပြောကြားခဲ့သည်။ **ကျော်ထက်**

## 3G နှင့် 4G မိုဘိုင်းလ်ကွန်ရက်အတွက် မိုက်ခရိုဝေ့(ဗ်)ဆက်ကြောင်းများ တည်ဆောက်

မိုဘိုင်းလ်ဆက်သွယ်ရေးကွန်ရက်အတွက် မိုက်ခရိုဝေ့(ဗ်) ဆက်ကြောင်း (၂) ကြောင်းကို မြန်မာနိုင်ငံအတွင်း ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းများအရ သိရှိရသည်။ အဆိုပါ မိုက်ခရိုဝေ့ဖ် ဆက်ကြောင်းများကို SIAE MICROELET TRONICA Co.,Ltd မှ တည်ဆောက်သွားမည်ဖြစ်သည်။

HSPA 3G နှင့် LTE 4G မိုဘိုင်းလ်ကွန်ရက်များအတွက် မိုက်ခရိုဝေ့ဖ်ဆက်ကြောင်း(၂) ကြောင်းတည်ဆောက်ခြင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၅၀) သန်းရှိကြောင်းသိရှိရသည်။ လက်ရှိကာလတွင် (၅) နှစ်တာကာလအတွင်းအပြီးတည်ဆောက်သွားမည်။ မိုက်ခရိုဝေ့ဖ်ဆက်ကြောင်းကို မည်သည့်နေရာဒေသများတွင် တည်ဆောက် သွားမည်ဟုဖော်ပြထားခြင်းမရှိပေ။

၁၉၅၂ ခုနှစ်မှအစပြု၍ ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာများကို SIAE MICROELETTRONICA CO.,Ltd မှ ဝန်ဆောင်မှုပေးလျက်ရှိသည်။ နိုင်ငံပေါင်း (၂၈) နိုင်ငံတွင် ကြိုးမဲ့ ဆက်သွယ်ရေးနည်းပညာနှင့်စပ်လျဉ်း၍ SIAE MICROELETTRONICA မှ ဝန်ဆောင်မှုပေးလျက်ရှိသည်။

၂၀၁၄ ခုနှစ်အတွင်း Telenor Myanmar, Ooredoo Myanmar တို့မှ ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပေးအပ်သွားနိုင်ရန်စီစဉ်ထားရှိသည်။ ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဂျပန်နိုင်ငံအခြေစိုက် KDDI နှင့်ပူးပေါင်း၍ ဆက်သွယ်ရေးဝန်ဆောင်မှုများကို ထပ်မံထိုးပေးအပ်သွားနိုင်ရန် စီစဉ်ထားရှိသည်။လက်ရှိကာလတွင် မိုဘိုင်းလ်အော်ပရေတာလုပ်ငန်းလိုင်စင်လက်ဝယ်ရရှိထားပြီးဖြစ်သော ရတနာပုံတယ်လီပို့ အများပိုင်ကုမ္ပဏီအနေဖြင့် ဆက်သွယ်ရေး Partner နှင့် ပူးပေါင်း၍ဆွေးနွေးလျက်ရှိကြောင်း ဆက်သွယ်ရေးနှင့်နီးစပ်ရာအသိုက်အဝန်းမှ တစ်ဆင့်ကြားသိရသည်။

**အောင်ရဲကျော်**

AVLINK
GADGETS & ACCESSORIES

No. 77, Ngu War Street, Ahlone Township,
Yangon, Myanmar.
Tel : 09-73104567
အမှတ် ( ၇၇ )၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

L- 02, No. 3072, Taw Win Centre, No. 45, Pyay Road, Dagon Township, Yangon, Myanmar. Tel : 01-8600111 Ext : 3072, 01-8600081




CAPDASE™ Authorized Reseller CAPDASE™
Capdase International Limited. www.capdase.com
ပစ္စည်းအစစ်အမှန်များကိုစုံလင်စွာရရှိနိုင်ပါသည်။

# LG G3 ကြိုးမဲ့အားသွင်းနိုင်သည့် စနစ်ပါဝင်သော LG G3 ဇွန်လအတွင်း ပြည်တွင်းသို့ရောက်ရှိမည်



နာမည်ကျော် Mobile အမှတ်တံဆိပ်တစ်ခုဖြစ်သော LG ၏ နောက်ထပ် Model သစ်တစ်ခုဖြစ်သည့် LG G3 ဖုန်းကိုတောင်ကိုရီးယား အခြေစိုက် LG အီလက်ထရောနစ်မှ ပွဲထုတ်ပြသလိုက်ပြီး လန်ဒန်၊ နယူးယောက်၊ ဆန်ဖရန်စစ္စကို၊ ဆိုးလ်၊ စင်္ကာပူနှင့်အစ္စတန်ဘူလ်စသည့် ကမ္ဘာ့မြို့ကြီး ၆ မြို့တွင် LG ၏ Launching Event များ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"လျှင်မြန်စွာတိုးတက်ပြောင်းလဲနေတဲ့ မိုဘိုင်းလ်ဖုန်း၊ Smartphone ဈေးကွက်ဆိုတာ မြင့်မားတဲ့နည်းပညာ၊ ရိုးရှင်းတဲ့ User Experience တွေနဲ့ ဟန်ချက်ညီညီမောင်းနှင်နေတာပါ။ LG ရဲ့ G3 စမတ်ဖုန်းသစ်က Pixel သိပ်သည်းဆ 588 ppi ရှိတဲ့ ၅. ၅လက်မ မျက်နှာပြင်မှာ HD (High Definition) ရုပ်ထွက်ထက် ၄ဆ ပိုမိုကောင်းမွန်ပြီး Full HD Display ထက်လည်း နှစ်ဆပိုကောင်းတဲ့ qHD ဖြစ်ပါတယ်။ ကင်မရာက 13MP OIS+ ဖြစ်တဲ့အပြင် Laser Auto Focus ပါဝင်တာကြောင့် ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို အချိန်တိုအတွင်း ရိုက်ယူနိုင်မှာပါ။ ကျောဘက်ကာဗာမှာ Metallic Skin ထည့်သွင်းထားပြီး လုံခြုံရေးဆိုင်ရာ နည်းပညာစနစ် မြင့်မားတဲ့ Finger Print ပါရှိပါတယ်။ LG G3 က ကျွန်တော်တို့ ကြိုးပမ်းအားထုတ်မှုရဲ့ရလဒ်၊ ထုတ်ကုန်သစ်တစ်ခုပါ။ ကျွန်တော်တို့အနေနဲ့လည်း ဒီရလဒ်နဲ့ပတ်သက်ပြီး တော်တော်လေးကျေနပ်အားရမှုရှိပါတယ် " ဟု LG မိုဘိုင်းလ် ဆက်သွယ်ရေးအီလက်ထရောနစ်၏ CEO ဖြစ်သူ Dr.Jong Seok Park က ပြောကြားခဲ့သည်။

LG သည် G3 ကို အကောင်းဆုံး လုပ်ဆောင်ချက်များနဲ့ ဖွဲ့စည်းထားပြီး သုံးစွဲသူများ၏ စရိုက်၊ လက္ခဏာ၊ အပြုအမူ၊ သဘောထားပေါ်မူတည်၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။ LG G3 တွင် စမတ်ဖုန်းအများစု၏ Input Erros အမှားများကို ၇၅% အထိ လျှော့ချပစ်နိုင်သည့်Smart Keyboard၊ သုံးစွဲသူ၏ ကိုယ်ရေးလက်ထောက်အဖြစ် လုပ်ဆောင်ပေးမည့် Smart Notice၊ လုံခြုံရေးစနစ်မြင့်မားသော Smart Security၊ ဗိုင်းရပ်စ်များ ကူးမလာနိုင်စေရန် ကာကွယ်ထိန်းသိမ်းပေးမည့် Content Lock, သူခိုးနှင့် မသမာသူများ၏ရန်မှ အပြည့်အဝကာကွယ်ပေးမည့် Kill Switch၊ အရောင်ငါးမျိုးဖြင့် မြင်တွေ့ရမည်။ အသံစနစ်ပိုင်းကို အသေအချာထိန်းကွပ်ပေးမည့် LG Tone များကိုထည့်သွင်းထားပြီး ကြိုးမဲ့အားသွင်းနိုင်သည့် စနစ်ဖြစ်သော Quick Circle Case လည်း LG G3 တွင် ပါဝင်လာကြောင်း သိရ သည်။ အဆိုပါ နာမည်ကျော် မိုဘိုင်းလ်ဖုန်း Brand တစ်ခုဖြစ်သော LG ၏ G3 စမတ်ဖုန်းကို ၂၀၁၄ ခုနှစ်ဇွန်လ ဒုတိယရက်သတ္တပတ်တွင် မြန်မာပြည်အတွင်းတင်သွင်းပြသသွားမည်ဖြစ်ကြောင်းလဲသိရသည်။

*စိုးမင်းဦး*

## editorial

ထူးချွန်အောင်မြင်သူတိုင်း ဘုံပိုင်ဆိုင်သည့်အရည်အသွေးတစ်ခုကို ရွေးထုတ်ပြပါဟု ဆိုလာလျှင် အလုပ်ကြိုးစားခြင်းဟု ဆိုပါက အငြင်းပွားစရာရှိမည်မထင်ပါ။ " ကျွန်တော်က ထူးချွန်တဲ့လူတစ်ယောက်ဖြစ်တယ်ဆိုရင် အလုပ်ကြိုးစားမှုကြောင့်သာ ကျွန်တော်ဟာ ကျွန်တော်ဖြစ်လာရတာလို့ပဲထင်ပါတယ်"ဟု နယူတန်ကပြောပါတယ်။ တစ်ခါ " ဉာဏ်ပါရမီဆိုတာ ၁% က မွေးရာပါ ပင်ကိုယ်ကျွမ်းကျင်မှုနဲ့ ၉၉%က အလုပ်ကြိုးစားမှုနဲ့ ပေါင်းစပ်ထားတာလို့" အိုင်းစတိုင်းကလည်း ပြောဖူးပါတယ်။ နောက်တစ်ဖန် အလုပ်မဖြစ်တဲ့ စမ်းသပ်မှုတွေ အများကြီးလုပ်ခဲ့ရပြီးတဲ့ အခါ " ကျွန်တော်အဲဒါတွေကို ရှုံးနိမ့်ကျဆုံးခဲ့တာမဟုတ်ဘူး။ ဒါတွေကအလုပ်မဖြစ်တဲ့ နည်းလမ်းပေါင်း ၁၀,၀၀၀ ကို ရှာတွေ့ခဲ့ခြင်းမျှသာပဲ" လို့ အက်ဒီဆင်ကပြောပါတယ်။ အလုပ်ကြိုးစားသည်ဟု ဆိုရာဝယ် အကြိမ်ကြိမ်ရှုံးနိမ့်သော်လည်း ဇွဲမလျော့ဘဲ ဆုံးခန်းတိုင်သည်အထိ လုပ်ဆောင်ခြင်းဖြစ်သည်။ လက်တွေ့လောကတွင် ကြည့်လျှင်လည်း လည်ဝယ်ထက်မြက်ပြီး ကျွမ်းကျင်မှုအမျိုးမျိုးရှိသော်လည်း မည်သည့်နယ်ပယ်မှ ထွန်းထွန်း ပေါက်ပေါက်မဖြစ်သည့် လူမျိုးတွေတွေ့ဖူးကောင်းတွေ့ဖူးကြပါလိမ့်မည်။ မည်မျှပင်တတ်ကျွမ်းနားလည်သူဖြစ်စေကာမူ မိမိပိုင်ဆိုင်သည့် အသိပညာနှင့် တတ်ကျွမ်းမှုကို လက်တွေ့တန်ဖိုးရှိသည့် အလုပ်သည် တစ်ခုဖြစ်သည်အထိ အပြီးအစီးလုပ်ဆောင်မပေးနိုင်လျှင် ဘာမျှအသုံးကျလိမ့်မည်မဟုတ်ပါ။ ထိုသို့သောအခြေအနေတွင် အစပထမ၌ လူအများလက်ဖျားခါလောက်သည့် ကျွမ်းကျင်မှုကို မပြသနိုင်သော်လည်း မိမိတတ်ကျွမ်းနားလည်သမျှဖြင့် အလုပ်ကိုအလုပ်နှင့်တူအောင် အလုပ်တစ်ခုကို အစအဆုံးပြီးစီးအောင် ကြိုးစားအားထုတ်နိုင်လျှင် ထူးချွန်အောင်မြင်သူများ ဖြစ်လာနိုင်ပါသည်။ IT လုပ်ငန်းတွင်လည်း Network Engineer, Software Diploma, Database Administrator စသည်ဖြင့် မိမိအားသန်ရာအလိုက် ထူးချွန်အောင်မြင်သူများ ဖြစ်လိုလျှင် အလုပ်ကြိုးစားမှုကသာ အဓိကဖြစ်ပြီး ထိုသို့ အောင်မြင်နေသူများမှာလည်း အလုပ်ကြိုးစားသူများဖြစ်မှာ သေချာကြောင်း ဖော်ပြလိုက်ရပါသည်။

**တာဝန်ခံအယ်ဒီတာ**




SAMSUNG
Capture the golden moments.
Capture a split second and make it last forever.
This is the power of the Fast Auto Focus.
My Life powered by
Samsung GALAXY S5
SAMSUNG
SAMSUNG
samsungmyanmar
Customer Contact Center 01-2399 888
Samsung Customer Service Plaza (1) (မိုဘိုင်းဖုန်း သီးသန့်) အမှတ် (၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၃၇၈၂၁၆၊ ၃၇၈၂၁၇
Samsung Customer Service Plaza (2) (မိုဘိုင်းဖုန်း နှင့် အီလက်ထရောနစ်ပစ္စည်းများ) အမှတ် (၁၂၉/၁၃၁)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၃၉၄၅၈၂၊ ၃၈၉၃၀၄
Samsung Customer Service Plaza အမှတ် (၅၇၃)၊ ၈၄လမ်း (၄၂လမ်း နှင့် ၄၅လမ်းကြား)၊ မန္တလေးမြို့။ ဖုန်း - (၀၂) ၇၆၂၄၃

# MPTမှ မိုဘိုင်းလ်ပြဿနာများ ဖြေရှင်းရန် မန္တလေးတွင် Public Center ဖွင့်လှစ်



မန္တလေးတိုင်းဒေသကြီး မြန်မာဆက်သွယ်ရေးရုံးတွင် ဆက်သွယ်ရေးနှင့် ပတ်သက်သည့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် Public Center တစ်ခုကို ၂၀၁၄ ခုနှစ် မေ(၂၀)ရက်တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ဆက်သွယ်ရေးအဆင်မပြေမှုများကို ဖြေရှင်းပေးသွားမည်ဟု မန္တလေးတိုင်းဒေသကြီးဆက်သွယ်ရေးရုံးမှ တိုင်းမန်နေဂျာဖြစ်သူ ဦးစောထူးသာက ပြောကြားခဲ့သည်။ “ကျွန်တော်တို့ဆီကို အင်တာနက်သုံးမရတာတို့၊ ဖုန်းလိုင်းမကောင်းတာတို့ စသည်ဖြင့်ပေါ့လေ။ ဖုန်းနဲ့ပတ်သက်လို့ တစ်စုံတစ်ရာပြဿနာဖြစ်လို့ ကွန်ပလိမ်းတက်ချင်ရင် လာပြောလို့ရအောင် ဒီဌာနကို ဖွင့်ပေးထားတာပါ” ဟု ဦးစောထူးသာက ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါရုံးခန်းကို ဖွင့်လှစ်ပြီးနောက်ပိုင်းကာလများတွင် သုံးစွဲသူများကြုံတွေ့နေရသည့်ပြဿနာများကို အမှန်တကယ်ဖြေရှင်းပေးမည့်အဖွဲ့များကိုလည်း သီးသန့်ဖွဲ့စည်းထားကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် လက်ရှိသုံးစွဲနေသော GSM/ WCDMA လိုင်းများမှာ လိုင်းကျပ်ခြင်း၊ အင်တာနက်မြန်နှုန်းနှေးခြင်းများ ကြုံတွေ့နေရခြင်းများရှိနေသဖြင့် အဆိုပါ ပြဿနာများကို ဖြေရှင်းရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် တာဝါတိုင်စခန်းပေါင်း ၁၂၀ ကိုထပ်မံတည်ဆောက်နေကြောင်း သိရှိရသည်။

“ဖုန်းဆက်သွယ်ရေးလိုင်းတွေ ပြတ်တောက်တာက မကြာခဏပဲ။ ပြင်ဆင်မှုတွေလုပ်နေတာလားတော့မသိဘူး။ တကယ့်စီးပွားရေးသမားတွေအတွက် အချိန်နဲ့တစ်ပြေးညီဖုန်းလိုင်းနဲ့ အင်တာနက်လိုင်းတွေကောင်းဖို့အရေးကြီးတယ်လေ။ နာရီများစွာအဆက်အသွယ်ပြတ်တောက်တာမျိုးတွေရှိလာရင် ဆုံးရှုံးနစ်နာတယ်။ဒီအတိုင်းသာဆိုရင်တော့ဈေးကွက်ယှဉ်ပြိုင်မှုအရ မြန်မာ့ဆက်သွယ်ရေးက အလဲထိုးခံရလိမ့်မယ် ” ဟုစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

**ကျော်ထက်**

# ကမ္ဘာ့ဈေးကွက်ပေါ်မူတည်၍ Huawei TalkBandကို မြန်မာပြည်ဈေးကွက်အတွင်းတင်ပို့မည်

Huawei Ascend P7 နှင့်အတူတွဲဖက်၍အသုံးပြုနိုင်မည့် Huawei TalkBand B1 ကိုကမ္ဘာ့အီလက်ထရောနစ်ဈေးကွက်အတွင်း ရောင်းချရာတွင် အမေရိကန်ဒေါ်လာ ၉၉ ဒေါ်လာဖြင့်ရောင်းချသွားမည်ဖြစ်သည်။ အဆိုပါကမ္ဘာ့ဈေးကွက်အတွင်း ရောင်းချခြင်းအပေါ် ရရှိလာသောအချက်အလက်များပေါ် မူတည်၍ Huawei TalkBand Series များကိုမြန်မာပြည်ဈေးကွက်အတွင်းတင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း huawei မှတစ်ဆင့်သိရှိရသည်။

“အခုလက်ရှိမှာတော့ Huawei TalkBand ကို ၉၉ ဒေါ်လာနဲ့ရောင်းချသွားဖို့ရှိပါတယ်။ ကမ္ဘာ့ဈေးကွက်မှာတော့ မရောင်းချသေးပါဘူး။နောက်ပိုင်း B2, B3 အစရှိသဖြင့် ထပ်မံ upgrade ပြုလုပ်သွားမှာပါ။မြန်မာပြည်ဈေးကွက်ကို ဘယ်အချိန်ရောက်မလဲဆိုတာ မြန်မာပြည်ဈေးကွက်နဲ့ ကိုက်ညီတဲ့ဈေးကွက်ရှိလာမယ်ဆိုရင် မြန်မာပြည်မှာထပ်မံဖြန့်ချိသွားမှာပါ။ အခု Huawei ရဲ့ကနောက်ဆုံးနည်းပညာဖြင့် Huawei Ascend P7 နဲ့တွဲဖက်အသုံးပြုနိုင်ပါတယ်။ B1 နဲ့တွဲသုံးရမယ့် App ကို P7 မှာထည့်သွင်းပြီးသုံးနိုင်တဲ့အပြင် Huawei TalkBand B1 ကိုအခြား Android ဖုန်း၊ iOS ဖုန်းတွေနဲ့လည်း တွဲသုံးနိုင်ပါတယ်” ဟု Huawei မှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

**အောင်ရဲကျော်**





# THE WEEK IN TECH

## Apple iPhone 6 ဘယ်လိုပုံစံနဲ့ ထွက်လာမလဲ




ဒီနှစ်မှာအသစ်ထွက်ပေါ်လာမယ့် iPhone 6 နဲ့ပတ်သက်ပြီး Apple ပရိသတ်တွေအကြားမျှော်မှန်းချက်တွေ ကြီးမားစွာရှိနေပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေတဲ့ ကောလာဟလတွေကြား နောက်မျိုးဆက် iPhone ရဲ့အဓိကခြားနားမှုကပိုကြီးတဲ့ display screen ဖြစ်မယ်လို့မျှော်လင့်ရပါတယ်။ ဒါဟာလည်းပိုကြီးတဲ့စမတ်ဖုန်း တွေရဲ့ဈေးကွက်ကကြီးထွားလာလို့ ဖြစ်ပါတယ်။ အစောပိုင်းကောလာဟလတွေအရ ဒီနှစ်ဆောင်းဦးရာသီမှာ 4.7 inch နဲ့ 5.7 inch iPhone နှစ်မျိုးစလုံးဈေးကွက်တင်မယ်လို့ မှန်းဆထားပေမယ့် 5.7 inch iPhone ထွက်ရက်ကို နှစ်ကုန်ပိုင်းအထိရွှေ့မယ်လို့ သတင်းထွက်လာပြန်ပါတယ်။ iPhone 6 အတွက်စားသုံးသူ demand ကကြီးမားတယ်လို့ဆိုပြီး သူ့ရဲ့ရောင်းအားဟာ 5S ထက် ၂၀ ရာခိုင်နှုန်းပိုများမယ်လို့ မှန်းထားကြတယ်။ နောက်ဆုံးသုံးလပတ်အတွင်း Apple ရဲ့ စုစုပေါင်းဝင်ငွေ ၅၇ ရာခိုင်နှုန်းဟာ iPhone ကနေရရှိတာဖြစ်ပါတယ်။

## Facebook မှ privacy အပြောင်းအလဲ




Facebook ဟာနောက်ဆုံးမှာအများပြည်သူရဲ့ဖိအားကို မခံနိုင်ဘဲ သူ့ရဲ့ privacy settings တွေပိုပြီး တိုးတက်အောင်လုပ်ဖို့ သဘောတူခဲ့ရပါတယ်။ Privacy ဆိုင်ရာစိုးရိမ်မှုတွေကို ဖြေရှင်းဖို့ ကြိုးပမ်းမှုအနေနဲ့ စပြီကစပြီး facebook ဟာအသုံးပြုသူတွေ public post ပြုလုပ်တဲ့အခါ "privacy dinosaur" ဆိုတဲ့ popup နဲ့ သတိပေးပါတယ်။ အဲဒီကစပြီး popup အထဲ privacy checkup tool ကိုထည့်သွင်းချဲ့ထွင်လာခဲ့တယ်။ ဒါကြောင့် အသုံးပြုတာကြာရှည်ပြီဖြစ်တဲ့ user တွေဟာသူတို့ရဲ့ဝေမျှမှုဆိုင်ရာ setting တွေပြန်လည်သုံးသပ်နိုင်ပါတယ်။ " ထိန်းချုပ်နိုင်မှုစွမ်းအားကို လူတွေရဲ့လက်ထဲထည့်ပေးနိုင်အောင် ကျွန်တော်တို့တတ်နိုင်သမျှ ကြိုးစားချင်ပါတယ်။ ဒီtool အသစ်က လူတွေအနေနဲ့ သူတို့ဝေမျှချင်တဲ့ပရိသတ်အတွက်သာ မြင်တွေ့ခွင့်ရအောင်သေချာစေဖို့ ဒီဇိုင်းထုတ်ထားပါတယ်" လို့ သူတို့ရဲ့ website မှာမကြာသေးခင်ကဖော်ပြထားပါတယ်။

## Samsung ရဲ့ မျိုးဆက်သစ် watchphone မကြာမီလာမည်




Dick Tracy လို့ခေါ်တဲ့ ရုပ်ပြဇာတ်လမ်းထဲကဇာတ်ကောင်ဟာ ဖုန်းပြောလို့ရတဲ့ နာရီကိုသုံးစွဲပါတယ်။ Samsung ရဲ့လက်ရှိ smartwatch ဟာကိုယ်ထည်အတွင်းပါတဲ့ မိုက်ကရိုဖုန်းစပီကာအတွဲ ကနေ ဖုန်းခေါ်ဆိုမှုတိုက်ရိုက်လုပ်နိုင်ပါတယ်။ ဒါပေမယ့် ဒီလုပ်ဆောင်ချက်ရဖို့ bluetooth ကနေ Galaxy စမတ်ဖုန်းကို ဆက်သွယ်ထားရ မှာပါ။ Samsung ဟာဇူလိုင်လမှာ သူ့ရဲ့ ပြည့်စုံတဲ့ watchphone ကိုရောင်းချဖို့ စီမံထားပါတယ်လို့ သိရတယ်။ Watchphone အသစ်ဟာ network SIM card ထည့်သွင်းပါရှိမယ်။ Tizen OS သုံးဖုန်းက ဓာတ်ပုံတွေရိုက်ယူတာ၊ နှလုံးခုန်နှုန်းမှတ် တမ်းတင်တာနဲ့ အခြား smartwatch တွေပြု လုပ်နိုင်တာတွေ အားလုံးလုပ်ပေးပါလိမ့်မယ်။ လက်ရှိကုမ္ပဏီရဲ့ Wearable ထုတ်ကုန်လေးခုအထဲ Gear fit လက်ပတ်ကသာ activity tracking ဆိုတဲ့မှုလလုပ်ဆောင်ချက် တစ်ခုတည်းကိုပဲ အသားပေးထားပြီး ပိုပြီးစွဲမက်ဖွယ်ကောင်းပါတယ်။



# DIGITAL KNOWLEDGE

## Solara 50 Drone

Solara 50 ဟာငါးနှစ်တိုင်မရပ်မနား ပျံသန်းနိုင်အောင် ဒီဇိုင်းထုတ်ထားပါတယ်။ သူဟာ ဟာရီကိန်းမုန်တိုင်းတွေကို ခြေရာခံလိုက်နိုင်တယ်။ ပင်လယ်ဓားပြတွေနဲ့ မှောင်ခိုသမားတွေကိုရှာဖွေနိုင်တယ်။ တိရစ္ဆာန်ရွှေ့ပြောင်းသွားလာမှုတွေ နောက်လိုက်ကြည့်နိုင်တယ်။ ပြီးတော့ အကူ GPS အနေနဲ့တောင်ပြုမူနိုင်ပါသေးတယ်။ အနှစ်သာရအားဖြင့်တော့ဒီdroneဟာအာကာသထဲအထိတက်ဖို့ ကုန်ကျစရိတ် ကျခံစရာမလိုဘဲ geostationary satellite တစ်လုံးရလိုက်သလိုပါပဲ။ ဒီနှစ်နှောင်းပိုင်းမှာ Titan Aerospace ကုမ္ပဏီဟာ ဒါကိုလုပ်နိုင်တဲ့ drone ကို စမ်းသပ်တော့မှာပါ။ တောင်ပံအလျား ၅၀ မီတာရှည်လို့ Solara 50 လို့ခေါ်တဲ့ drone ဟာအမြင့်ပေ ၆၅,၀၀၀ က ပျံသန်းမယ်။ ဒါဟာ လေယာဉ်ပျံအများစုရဲ့အထက်နဲ့ သူ့ရဲ့ပျံသန်းမှုလမ်းကြောင်းနဲ့ နေရောင်ခြည်ကို ကာဆီးနိုင်တဲ့ မိုးလေဝသဖြစ်ပွားရာနေရာတွေရဲ့ အထက်မှာဖြစ်ပါတယ်။ Titan ဟာဒီ drone ကိုလေထုအတွင်းက ဂြိုဟ်တုအဖြစ်ဈေးကွက်တင်မှာဖြစ်ပါတယ်။

### 1. တွန်းအား

5KW ရှိတဲ့ လျှပ်စစ် မော်တာက drone ကို တစ်နာရီမိုင် ၆၀ နှုန်းနဲ့ပျံသန်းစေတယ်။

### 2. လေယာဉ်ကိုယ်ထည်စနစ်

ပေါင် ၃၅၀ လေးတဲ့ drone မှာ ခိုင်ခံ့ပြီးပေါ့ပါးတဲ့ airframe ရှိတယ်။ အများစုကို ကာဗွန်ဖိုင်ဘာနဲ့ တည်ဆောက်ထားတယ်။

### 3. စွမ်းအားသိုလှောင်မှု

အတောင်တွေထဲက lithium-ion ဘက်ထရီတွေဟာ အပို ဆိုလာစွမ်းအင်ကို သိုလှောင်ထားပြီး ညတွေမှာလေယာဉ်ကိုဆက် သွားနေအောင်ထိန်းထားပေးတယ်။

### 4. အာရုံခံကိရိယာများ

ပစ္စည်းကိရိယာတွေက အမြန်နှုန်း၊ တည်နေရာ၊ လေဖိအား ၊ဦးတည်ရာ၊ အတွင်းပိုင်းအပူချိန်နဲ့ မော်တာလည်ပတ်နှုန်းတွေတိုင်းတာတယ်။

### 5. ဆိုလာဆဲလ်

တောင်ပံအပေါ်ဘက် တက်ဆင်းထိန်းနဲ့ ထောင်လိုက်အထိန်း တွေပေါ်ဖုံးထားတဲ့ ဆိုလာဆဲလ်ပေါင်းက ၃,၀၀၀ ရှိတယ်။ ဆဲလ်တွေကနေ့ခင်းတွေမှာ စွမ်းအား 7KW ကျော်ထုတ်ပေးတယ်။






# PRODUCT REVIEW




ဒီကနေ့ ခေတ်ကင်မရာ၊ ဖုန်းကင်မရာတွေနဲ့ဓာတ်ပုံရိုက်ကူးသူတွေဟာ ဟိုအရင်ကာလတွေတုန်းကလို ငြိမ်ငြိမ်နေကြတာမဟုတ်ဘူး။ ခုနှစ်ရက်သားသမီးစိတ်မချမ်းသာဖြစ်မယ့် ရုပ်ပါကချွန်ခြား၊ ရုပ်ဆိုးဆိုး ဓာတ်ပုံတွေကို Online ပေါ် တင်ဖို့ကလည်း လက်နှေးကြတာ မဟုတ်ဘူး။ အခုဟာလေးကတော့ ကိုယ်တိုင်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုပဲဖြစ်ဖြစ်၊ Online ပေါ်က လက်ခံရရှိတဲ့ဓာတ်ပုံတွေကိုပဲဖြစ်ဖြစ် wireless ပုံစံချိတ်ဆက်ပြီး အမြန်ဓာတ်ပုံထုတ်နိုင်မယ့် selphy Compact Photo Printer ကလေးပါ။ သူတို့တွေက printer လုပ်ဆောင်ချက်သာမကဘဲ WiFi ချိတ်ဆက်မှုကိုလက်ခံတဲ့ mobile access point ကလေးသဖွယ်ဖြစ်မှုပါတယ်။ ဒါကြောင့် smartphone, tablet, camera, computer တွေကနေ သီးခြား router တစ်ခုကြားခံစရာမလိုဘဲ direct wireless printing လုပ်ဆောင်နိုင်မယ်။ Apple AirPrint ကို support လုပ်တာကြောင့် iPhone, iPad အစရှိတဲ့ iOS devices တွေကနေလည်း wireless printing ထုတ်နိုင်မယ်။ Selphy Compact Photo Printer မှာ model သစ် (၂) မျိုးလာတယ်။ SELPHY CP 820 နဲ့ SELPHY CP 910 ပါ။ အရင် model တွေထက်အားသာချက်ကတော့ 1D photo size (၄၃) မျိုး print ထုတ်နိုင်စွမ်းရှိတယ်။ ၂၈ မျိုးပဲထုတ်နိုင်တဲ့ အရင် model တွေထက် ၁၅ မျိုးပိုလာတာပေါ့။ အရင် model တွေတုန်းကတော့ အနီးဆုံးရနိုင်တဲ့ 1D photo size ကိုပိုကြီးယူပြီး cutter နဲ့ပြန်ဖြတ်ရတာဆိုတော့ accuracy ပိုင်းမှာထိခိုက်တယ်။ အခု SELPHY model တွေမှာတော့ အလိုရှိရာ 1D size တွေကို pre-select လုပ်ယူပြီး display ပေါ်မှာ preview ကြည့်နိုင်တာကြောင့် အချိန်ကုန်လူပန်းသက်သာတယ်။ အခု SELPHY model အသစ်မှာ cartridges မင်ဘူးတစ်ဘူးကို ဓာတ်ပုံကူးစက္ကူရွက်ရေ ၅၄ ရွက်ထုတ်နိုင်တဲ့ RP series ink cartridges အသစ်ကိုသုံးထားတယ်။ မင်ဘူးခဏခဏလဲရာ

## CANON SELPHY COMPACT PHOTO PRINTER



ကစက်ထဲဖုန်ဝင်နိုင်တဲ့ အန္တရာယ်လျော့ပါးသွားပြီး mobile user တွေအနေနဲ့လည်း ဓာတ်ပုံတွေများများထုတ်နိုင်ဖို့ မင်ဘူးတွေအများကြီးသယ်ဆောင်သွားရမယ့် ဒုက္ခလည်းကင်းဝေးသွားစေပါတယ်။ SELPHY CP 820 ရဲ့ မျက်နှာစာနဲ့ နောက်ကျောမှာ dust protector များအုပ်ပေးထားတာကြောင့် ဖုန်မှုန့်များတဲ့ ဝန်းကျင်မှာအသုံးပြုလည်းပြဿနာမရှိပါဘူး။ SELPHY CP 820 နဲ့ SELPHY CP 910 ဟာအရွယ်အစားနဲ့ specs အတူတူဖြစ်ပြီး Dimension: 178 x 127 x 60-5mm , Weight: 810g print resolution: 300x300 dpi, print speed: aprox 47 sec (postcard size), LCD: Tilt-up 2.7" TFT color, support languages: 14 ဖြစ်ပြီး SELPHY cp 910 မှာသာ Apple Airprint support, Mobile Access Point လုပ်ဆောင်ချက်ရနိုင်ပါတယ်။

PRODUCT OF SINGAPORE

SINGTECH

CONNECTING YOUR WORLD




"သင့်ဘဝအတွက် ယုံကြည်စိတ်ချရသော ရွေးချယ်မှု"

Sapphire Prime SGT- Z500

99,000 Ks

အာမခံတစ်နှစ်

မြန်မာစာစနစ်ပါဝင်ပြီး

GSM Dual Sim / CPU1.3 GHz Dual Core / 5" IPS Display / 5MP Camera / 1900 mAh Battery

IPS | 3G | 4GB Internal Storage | POWERED by MEDIATEK

(၃၀-၅-၁၄ မှ ၁-၆-၁၄ ထိ) တပ်မတော်ခန်းမ Mobile Fair တွင် အထူးအစီအစဉ်များဖြင့် ရောင်းချပေးသွားပါမည်။

Authorized Distributor
CYBER CITY CO., LTD.

No.(78), Bogyoke Aung San Street (Near 50th Street Bus Stop), Pazundaung Township, Yangon. Tel : (01) 202 588, 200 906

No.(T2-1), Bet. 31th & 32th Street, Bet. 77th & 78th Street , Thazin Lane, Chanaye Tharzan Tsp., Mandalay. Tel : 09-91018621

# Laptop Corner

## ACER ASPIRE E3-111



Acer ရဲ့ လူကြိုက်အများဆုံး Essential Series ဖြစ်တဲ့ Acer Aspire E3-111 Mini Notebook လေး ဖြစ်ပါတယ်။ Intel ရဲ့ 4th Generation Intel Celeron N 2830 ကို အသုံးပြုထားပြီး သင်ရဲ့လုပ်ဆောင်ချက်တွေကို မြန်နှုန်းမြင့် (2.17Hz) ဖြင့် စွမ်းဆောင်နိုင်ပြီး 2 GB Memory ကလည်း လျင်မြန်မှုနှုန်းကိုထောက်ပံ့ပေးနိုင်ပါတယ်။ Data သိုလှောင်သိမ်းဆည်း နိုင်ရန်အတွက် 500GB HDD ကိုထောက်ပံ့ပေးထားသည့်အတွက် သုံးစွဲသူတွေအတွက် အဆင်ပြေစေမှာအမှန်ပါ။ Screen Size ကိုတော့ 11.6" LED LCD Screen က ပါဝါသုံးစွဲမှုကိုချွေတာပေးပြီး တိကျတဲ့ရုပ်ထွက် တွေရရှိစေပါတယ်။ Intel HD Graphic Series ဖြစ်ပြီး CardReader, Bluetooth, GLAN, WLAN, USD 3.0 Port စသည့် Interface စုံလင်သော Mini Notebook ဖြစ်ပါသည်။

**Price - ၃၁၀,၀၀၀ ကျပ်ဝန်းကျင်**
**Contact - 01-217233**

## HP PAVILION 14-N022TX




Intel ရဲ့နောက်ဆုံးပေါ် 4th Generation (Haswell Processor) အသုံးပြုထားတဲ့ hp pavilion 14-n022TX (i5) model အသစ်လေးပါ။ Performance မြင့်မားတဲ့ Core (i5) 4200U (1.6 GHz) ကိုအသုံးပြုထားပြီး Graphics အနေဖြင့် ATI Radeon 8670M 2GB နဲ့ Memory 4GB DDR3 (1600 MHz) ပါဝင်တဲ့အတွက်ကြောင့် Design ပိုင်းဆိုင်ရာနှင့် Games တော်တော်များများကို စိတ်ကြိုက် ကစားနိုင်မှာဖြစ်ပါသည်။ အလေးချိန်ဟာဆိုရင်လည်း (2.1 kg) လောက်သာရှိပြီး အခွေကူး၊ အခွေဖတ်နိုင်တဲ့ Super Multi DVD Burner လည်းပါရှိပါသည်။ Storage အားဖြင့်လည်း 750 GB ပါဝင်တာကြောင့် Data တော်တော်များများကိုလည်း သိမ်းဆည်းပေး နိုင်ပါသည်။ ကြည်လင်ပြတ်သားတဲ့ ရုပ်ထွက်နဲ့အသံကို ထောက်ပံ့ပေးနိုင်မည့် HDMI Port, Data ကူးယူမှုကို ပုံမှန်ထက် (၁၀)ဆ မြန်ဆန်စေမည့် USB 3.0 နှင့် Bluetooth 4.0 တို့လည်းပါ ဝင်ပါသည်။ ပေါ့ပါးလှပပြီးသေသပ်တဲ့ Design နှင့် Performance ကောင်းတဲ့ Notebook လေးပါ။

**Price - $669**
**Contact - 01-379564**

## ASUS G750JX-CV159H

တကယ့်ထိပ်တန်းအဆင့် specification တွေနဲ့ ပေါင်းစပ်ထားပြီး performance ကိုအကောင်းဆုံးမြင့်တင်ထားတဲ့ Asus ရဲ့ product အသစ်ဖြစ်ပါတယ်။ 17.3" Full HD LED Display နဲ့ Nvidia GTX770M 3GB DDR3 တို့ရဲ့ စွမ်းရည်တွေကြောင့် ပုံရိပ်ပြတ်သားမှုအပိုင်းနဲ့အရည်အသွေးပိုင်းမှာတော့ လုံးဝကောင်းမွန်နေပြီး Graphic Memory အများအပြားလိုအပ်တဲ့ software နဲ့ ဂိမ်းတွေကိုအထစ်အငေါ့မရှိ run ပေးနိုင်ပါတယ်။ Processor ကလည်း Intel Core i7-4700HQ ဖြစ်ပြီး RAM 16GB ထည့်ပေးထားတာကြောင့် လိုတာထက်တောင်ပိုနေပါသေးတယ်။ Data တွေစိတ်ကြိုက်သိမ်းနိုင်ဖို့ 2TB HDD၊ Blu-Ray အခွေ တွေပါဖတ်နိုင်တဲ့ DVD R/W တို့အပြင် Battery ကလည်း 8 cell Li-ion အမျိုးအစားဖြစ်တာကြောင့် ဘာမှပြောစရာမလိုလောက်အောင်ပြည့်စုံတဲ့ Notebook လေးပါ။




**Price - $2,149**
**Contact - 01-210943**

## MSI GT70 2PE (GAMING)

စွမ်းဆောင်ရည်အမြင့်မားဆုံးပေးနိုင်တဲ့ အမျိုးအစားဖြစ်တဲ့အလျှောက် spec တွေကိုလည်းအမြင့်ဆုံး တွေသာသုံးထားတဲ့ Notebook လေးပါ။ Intel 4th Gen Core i7 processor ၊ DDR3L 8GB RAM တို့နဲ့ထိန်းချုပ်မောင်းနှင်ထားတယ်။ Data သိမ်းဖို့ 1TB SATA HDD ကို အသုံးပြုခွင့်ပေးထားပြီး အရည်အသွေးမြင့်ပုံရိပ်တွေရှုစားနိုင်ဖို့ nVIDIA Geforce GTX 870M 3GB DDR5 Graphic, 17.3" Full HD (1920 x 1080) LED backlight တို့ကို အသုံးပြုထားတယ်။ Battery က 6 cell Li-ion အမျိုးအစားဖြစ်ပြီး WiFi, Bluetooth စနစ်တွေ အသုံးပြုနိုင်မယ်။ port တွေလည်းစုံစုံလင်လင် ထည့်သွင်းပေးထားသည့်အပြင် MSI ရဲ့ထူးခြားတဲ့နည်းပညာတွေကို အသုံးပြုခွင့်ရမယ်။ Gaming Notebook ဖြစ်တာကြောင့် ဂိမ်းကစားဖို့အတွက် အကောင်းဆုံးအမျိုးအစားဖြစ်ပါတယ်။




**Price - $1,850**
**Contact - 01-240110**

## DELL INSPIRON 3421



Inspiron 3421 စီးရီးတွေထဲကမှ E-value code OAK14V-5149 နဲ့လာတဲ့ အမျိုးအစားဖြစ်ပါတယ်။ 1.7GHz အမြန်နှုန်းနဲ့အလုပ်လုပ်မယ့် 3rd Gen Intel Core i3-3217U processor အသုံးပြုထားပြီး 2GB DDR3 RAM စိုက်ထားပေးတယ်။ Display အရွယ်အစား 14" ရှိပြီး Graphic ပိုင်းအထောက်အပံ့ပေးမယ့် သီးခြား Graphic card အသုံးမပြုထားဘဲ Intel HD Integrated Graphic ကိုသာ အသုံးပြုထားတယ်။ Data သိမ်းဆည်းဖို့ 500GB SATA HDD နဲ့ DVD အခွေအသုံးပြုနိုင်ဖို့ DVD R/W တွေပါမယ်။ ဒါ့အပြင် USB 3.0, Cardreader, HDMI, RJ45 အစရှိတဲ့ port တွေပါဝင်ပြီး Battery ကိုတော့ 4 cell Li-ion အမျိုးအစားသုံးထားတယ်။ အာမခံသက်တမ်း (၁)နှစ်ပေးထားသေးတယ်။

**Price - $439**
**Contact - 01-2304848**

## TOSHIBA SATELLITE M840



ကျောင်းသုံး၊ ရုံးသုံး၊ လုပ်ငန်းသုံးအားလုံးအတွက် အဆင်ပြေစေမယ့် Notebook အမျိုးအစားဖြစ်ပါတယ်။ Intel Core i3-2328M processor နဲ့ run ထားပြီး RAM ကို 2GB DDR3 SDRMA အသုံးပြုထားပါတယ်။ Display အရွယ်အစား 14" ဖြစ်ပြီး Full HD ပုံရိပ်တွေကို အထောက်အပံ့ပေးနိုင်ပါတယ်။ Graphic ပိုင်း အတွက်တော့ Intel HD Graphic ကိုအသာအသုံးပြုထားတာကြောင့် ဂိမ်းကြီးကြီးမားမားတွေ ကစားရင်တော့ သိပ်အဆင်မပြေပါဘူး။ Data သိမ်းဆည်းဖို့ 500GB SATA HDD ပါဝင်မှာဖြစ်ပြီး DVD အခွေတွေအသုံးပြုနိုင်ဖို့နဲ့ Data တွေအကူးအပြောင်းလုပ်နိုင် ဖို့ DVD SuperMulti Double Layer နဲ့ USB 3.0 တို့ကိုလည်းထည့် သွင်းပေးထားပါတယ်။ WiFi, Bluetooth စနစ်တွေနဲ့ Toshiba ရဲ့ ကိုယ်ပိုင် function တွေလည်းအသုံးပြုခွင့်ရမယ့် Notebook ဖြစ်ပါတယ်။

**Price - 400000Ks**
**Contact - 01-249909**

# TIPS & TRICKS

■ သုရ

## Windows 8 Tablets နဲ့ Laptops များမှာဘက်ထရီ ကြာရှည်စွာအသုံးပြုနိုင်မယ့်နည်းများ

Windows 8, 8.1 မှာ ဘက်ထရီ ချွေတာနိုင်တဲ့ စွမ်းဆောင်ချက်အသစ်များပါရှိလာပါတယ်။ သင့် Laptop, Tablet များကို အားသွင်းလို့မရတဲ့ အခြေအနေမှာ ဒီနည်းလမ်းများကအသုံးဝင်ပါတယ်။

***Bluetooth ကို Disable လုပ်ပါ။***

သင့် Windows 8.1 Tablet or Laptop မှာ Bluetooth ကို Default အားဖြင့် Enable လုပ်ထားတာဖြစ်ပါတယ်။ သင့် Laptop or Tablet ကို စမတ်ဖုန်းလို Device များနဲ့ Bluetooth မှ တစ်ဆင့် ချိတ်ဆက်သုံးနိုင်မှာဖြစ်ပါတယ်။ ဒီလို ချိတ်ဆက်အသုံးပြုခြင်း မရှိရင်တော့ Bluetooth ကို ဖွင့်ထားခြင်းဟာ ဘက်ထရီကိုကုန်စေပါတယ်။

Bluetooth ကို ပိတ်ဖို့အတွက် ညာဘက်မှဘယ်ဘက်သို့ ပွတ်ဆွဲပါ။ ဒါမှမဟုတ် Windows Key + C ကိုနှိပ်ပြီး Charms ကိုဖွင့်ပါ။ Change PC Settings ကိုနှိပ်ပါ။ PC and Devices အောက်မှာ Bluetooth ကို Off လုပ်ပေးပါ။ အဲဒီနေရာမှာပဲ Bluetooth ကို ပြန်ဖွင့်နိုင်ပါတယ်။




***Display Brightness ကိုချိန်ညှိပါ။***

Laptop, Tablet, Smartphone စတာတွေမှာ အဓိကဘက်ထရီကုန်စေတဲ့အရာက Display ဖြစ်ပါတယ်။ Windows 8.1 မှာ Automatic Brightness ကိုအသုံးပြုပါတယ်။ ဒါပေမယ့် Brightness Setting ကို သင့်စိတ်ကြိုက် ချိန်ညှိနိုင်ပါတယ်။ Charms ကိုဖွင့်ပြီး Settings ကိုနှိပ်ပါ။ Brightness Icon ကို တစ်ချက်နှိပ်ပြီး Sliderကို အောက်ကိုဆွဲချပါ။ ဒါဆိုရင် Screen Brightness ကို လျှော့ချပေးမှာပါ။ Slider ကိုအပေါ်ဆွဲတင်ရင် Screen Brightness ကိုပြန်မြှင့်ပေးမှာပါ။ နောက်တစ်နည်းက Laptop ရဲ့ကီးဘုတ်က Function Keyကိုဖိထားပြီး Brightness Button ကိုနှိပ်ပြီးအတိုးအလျှော့ပြု လုပ်ရမှာပါ။ Brightness နည်းလေ Battery အသုံးခံနိုင်လေဖြစ်ပါတယ်။




***Power Plan ကို ရွေးချယ်ပါ။***

Windows 8.1 မှာ အရင် Windowsများမှာလို Power Plans ပါရှိပါတယ်။ Default အားဖြင့် Balanced Power Plan ကို အသုံးပြုပါတယ်။ ဘက်ထရီ ကြာရှည်ခံစေမယ့် Power Plan ကို ပြောင်းလဲအသုံးပြုနိုင်ပါတယ်။ Power Plan ပြောင်းလဲဖို့အတွက် Taskbar ပေါ်က ဘက်ထရီအိုင်ကွန်ကိုတစ်ချက်နှိပ်ပြီး More power options ကိုနှိပ်ပါ။ အဲဒီမှာ Power Saver ကိုရွေးချယ်အသုံးပြုပါ။



Power Plan တစ်ခုချင်းစီရဲ့ Settings များကို Advanced Power Options ထဲမှာပြောင်းလဲနိုင်ပါတယ်။ Advanced Power Options ကို ပြောင်းလဲဖို့ Change plan settings ကိုနှိပ်ပါ။ Change advanced power settings ကိုနှိပ်ပါ။

အဲဒီမှာ Tweak လုပ်နိုင်တဲ့ Settings တွေ အများကြီးရှိပါ တယ်။ သင့် Hard Drive ကို မြန်မြန် Power Off လုပ်ဖို့၊ Processor ကို နှေးအောင်လုပ်ဖို့၊ Desktop Background Slideshow တွေကို Pause လုပ်ဖို့စတာတွေကို ပြုလုပ်နိုင်ပါတယ်။ ဒီလိုပြောင်းလဲပေးခြင်းဖြင့်လည်းသင့် Power ကိုသက်သာစေပါတယ်။




***Display နဲ့ Computer Sleep Times ကို ချိန်ညှိပါ။***

Advanced Power Options ထဲမှာ ဘက်ထရီ ကြာရှည်ခံစေဖို့ ပြုပြင်နိုင်တဲ့ Settings များစွာ ရှိပါတယ်။ အဲဒီထဲကမှ အသုံးဝင်တဲ့ နှစ်ခုက Display နဲ့ Sleep ဖြစ်ပါတယ်။

သင့် Laptop ကို အသုံးမပြုတော့တဲ့ အချိန်မှာ Display ကို အလိုလို ပိတ်အောင်ပြုလုပ်ထားခြင်းဖြင့်လည်း Battery ကိုကြာရှည်အသုံးခံစေပါတယ်။ Advanced Power Options ထဲမှ Display ကဏ္ဍအောက်မှာ Dim the display, Turn off the display မှာ မိနစ် အနည်းဆုံးသတ်မှတ်ပေးပါ။ Mouse Cursor ရွှေ့လျားခြင်းဖြင့် ဒါမှမဟုတ် ကီးဘုတ်ကကီးတစ်ခုခုကိုနှိပ်ခြင်းဖြင့် ပြန်အသုံးပြုနိုင်ပါတယ်။ သင်အသုံးပြုနေသမျှ Display ကအလိုလို ပိတ်မှာမဟုတ်ပါဘူး။ အဲဒီအတွက် သင့်ကို အနှောင့်အယှက်မဖြစ်စေပါဘူး။ Media Player တွေကိုအသုံးပြုနေရင်လည်း Display ကအလိုလို မပိတ်တဲ့အတွက်ရုပ်ရှင်၊ သီချင်းတွေကို နားထောင်ကြည့်ရှုနေရင်လည်း အနှောင့်အယှက်မဖြစ်ပါဘူး။

Sleep ကဏ္ဍအောက်မှ Sleep After မှာ ငါးမိနစ်ခန့် သတ်မှတ်ပေးခြင်းဖြင့် ကွန်ပျူတာကို အသုံးပြုခြင်းမရှိတော့တဲ့အခါမှာ ဘက်ထရီကို ကြာရှည်အသုံးခံစေမှာ ဖြစ်ပါတယ်။




***Unplug Devices***

သင့်ကွန်ပျူတာမှာ ချိတ်ဆက်ထားတဲ့ Device များက ဘက်ထရီကို စားသုံးနေပါတယ်။ ဥပမာအားဖြင့် USB Mouse ကို တပ်ဆင်ထားရင် USB Mouse က အလုပ်လုပ်ဖို့အတွက် ကွန်ပျူတာမှစွမ်းအင်ကို အသုံးပြုရပါတယ်။ ဒါပေမယ့် USB Mouse ရဲ့ စွမ်းအင်အသုံးပြုမှုက နည်းပါးတဲ့အတွက် Mouse ကို အသုံးပြုပြီး အလုပ်လုပ်နေရတယ်ဆိုရင် မဖြုတ်ဘဲ ဆက်လက်အသုံးပြုနိုင်ပါတယ်။ ဘက်ထရီကို အစွမ်းကုန်ကြာရှည်ခံစေချင်ရင်တော့ Device များကို ကွန်ပျူတာမှ ဖြုတ်နိုင်ပါတယ်။ USB Device များရဲ့ စွမ်းအင်အသုံးပြုမှုကတစ်ခုနဲ့တစ်ခု မတူညီ ပါဘူး။ ဥပမာအားဖြင့် External Hard Drive က USB Stick ထက် စွမ်းအင်အသုံးပြုမှုများပြားပါတယ်။




***Airplane Mode ကို အသုံးပြုပါ။***

Airplane Mode က WiFi, Bluetooth နဲ့ Mobile Data ဆက်သွယ်မှုအားလုံးကို ပိတ်ပေးမှာဖြစ်ပါတယ်။ အင်တာနက် အသုံးပြုခြင်းမရှိရင် ဘက်ထရီချွေတာနိုင်ဖို့ Airplane Mode ကို သုံးနိုင်ပါတယ်။ Airplane Mode ကို သုံးဖို့ System Tray မှ Network Icon ကိုနှိပ်ပါ။ Airplane Mode ကို On ပြောင်းပေးပါ။ နောက်တစ်နည်းက Charms Bar ကိုဖွင့် Settings ကိုနှိပ်ပြီး WiFi အိုင်ကွန်ကိုနှိပ်ရင်လည်း Airplane Mode ကို On လုပ်နိုင်မှာပါ။




***Automatic App Updates များကို Disable လုပ်ပါ။***

Windows 8, 8.1 ရဲ့ Metro Apps များဟာ အလိုအလျောက် Update ပြုလုပ်နေတဲ့အတွက် အားသွင်းလို့မရတဲ့ အခြေအနေမှာ ဘက်ထရီကို ကုန်စေပါတယ်။ App Updates များကို Manual Update ပြုလုပ်ခြင်းက ဘက်ထရီကို ကြာရှည်အသုံးခံတဲ့ နည်းလမ်းတစ်ခုပါ။ ဒီလိုလုပ်ဖို့ Windows Store App ကိုဖွင့်ပါ။ ညာဘက်ကနေဘယ်ဘက်သို့ပွတ်ဆွဲပြီး Settings ကိုနှိပ်ပါ။ ဒါမှမဟုတ် Mouse ကိုသုံးမယ်ဆိုရင် Screen ရဲ့ ညာဘက်အောက်ထောင့်ပေါ် Cursor တင်ပါ။ Settings>App Updates ထဲသွားပြီး 'Automatically update my apps' ကို No လုပ်ပေးပါ။ ဒီနည်းလမ်းက ဘက်ထရီကို သိသာစွာကြာရှည်ခံမှာမဟုတ်ပေမယ့် Apps များကို လိုအပ်ချိန်မှသာ Update လုပ်နိုင်မှာ ဖြစ်ပါတယ်။




Intel Atom Processor တပ်ဆင်ထားတဲ့ Windows RT နဲ့ အချို့ Windows 8.1 Device များမှာ စွမ်းဆောင်ချက် အသစ်ဖြစ်တဲ့ Connected Standby ပါရှိပါတယ်။ အဲဒီစွမ်းဆောင်ချက်က Smartphone, iPad, Android Tablets များမှာလို Sleep ဖြစ်နေချိန်မှာတောင် အင်တာနက်ချိတ်ဆက်နေပြီး အီးမေးလ်နဲ့ Updates များကို ရယူနေကြပါတယ်။ အဲဒီအတွက် ဘက်ထရီပိုမိုကုန်စေပါတယ်။ Connected Standby ကို Disable လုပ်နိုင်ဖို့ နည်းလမ်းမရှိသေးပါဘူး။ ဒါပေမယ့် Sleep မလုပ်ခင်မှာ Airplane Mode ကို On ပြုလုပ်ခြင်း ဒါမှမဟုတ် WiFi ကို Off ပြုလုပ်ခြင်းဖြင့် သတင်းအချက်အလက်အသစ်များကို download ပြုလုပ်နေခြင်းကို ကာကွယ်နိုင်ပါတယ်။

# Web User Guide

■ ကိုထက်

## Account လုပ်စရာမလိုဘဲသုံးစွဲနိုင်တဲ့ Internet အသုံးပြုနည်း တချို့




နေ့စဉ်နဲ့အမျှ အင်တာနက်နဲ့ ချိတ်ဆက်အသုံးပြုနေရတဲ့ဘဝမှာ service ပေါင်းစုံကို account ပေါင်းစုံနဲ့အသုံးပြုနေရတာ သဘာဝပါပဲ။ Email ပို့ဖို့ Gmail ကဲ့သို့သော email account လုပ်ရမယ်။ Video Chat ဖို့ Skype ကဲ့သို့သော account ရှိရမယ်။ Online မှာ file တွေသိမ်းထားဖို့ Dropbox ကဲ့သို့သော Service တွေမှာ Register လုပ်ထားဖို့လိုပါမယ်။ Account တွေလုပ်ပြီးအသုံးပြုတာကောင်းပါတယ်။ မိမိရဲ့ Data တွေ Activity တွေအကုန်လုံးကို account ထဲမှာအခြေချပြီး access ရရှိနိုင်ပါတယ်။ဒါပေမယ့် Online မှာပြုလုပ်နေကျ သာမန်ကိစ္စတွေကို account လုပ်စရာမလိုဘဲနဲ့လဲ အသုံးပြုနိုင်တဲ့ Serviceတွေ အများအပြားရှိပါတယ်။ သင် လက်တလောအရေးတကြီး ဆောင်ရွက်ရန် လိုအပ်လာတဲ့အခါ၊ သင့်နဲ့ဆက်သွယ်မယ့် တခြားလူဆီမှာ သင် သုံးနေတဲ့ Account မျိုးမရှိတဲ့အခါမျိုးမှာ သင့်အဖို့ Sign Up လုပ်စရာမလိုပဲ အသင့်သုံးလို့ရတဲ့ Service မျိုးတွေလိုအပ်လာမယ်ထင်ပါတယ်။ အောက်မှာဖော်ပြထားတဲ့ဟာတွေကတော့ သင့်ကို Login တွေ Password တွေ Register တွေ Signup တွေနှင့် အလုပ်မရှုပ်စေဘဲ ချက်ချင်းခေါ်သုံးလို့ရမယ့် Service တွေပါပဲ။




**Shorten URL: Is.gd(is.gd/ )**

ကျွန်တော်တို့ရှေ့ဆက်မသွားမီ သိထားသင့်တာတစ်ခုရှိပါတယ်။ ကျွန်တော်တို့က login ဝင်ပြီး account နဲ့သုံးမှာမဟုတ်တဲ့အတွက် အသုံးပြုတဲ့ website တွေမှန်သမျှက ထုတ်ပေးလာသမျှ Link တွေဟာ သူ့ site မှာ သိမ်းပေးထားမှာမဟုတ်သလို link တွေကို အကုန်အလွတ်မှတ်ထားနိုင်ဖို့ဆိုတာလဲ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒီနေရာမှာ is.gd(http://is.gd/) ဆိုတဲ့ Link အရှည်တွေကို Shorten URL (Link အတို)လေးတွေအဖြစ် ပြောင်းလဲပေးမယ့် service က အသုံးဝင်လာပါပြီ။ သူ့ကိုလဲ account လုပ်စရာမလိုပဲ အသုံးပြုနိုင်ပါတယ်။ ဒီနေရာမှာ တခြားပုံစံတူ service တွေဖြစ်တဲ့ goo.gl တို့ bit.ly တို့ရှိလျှက်နဲ့ is.gd ကိုမှရွေးချယ်ရတဲ့အကြောင်းကတော့ သူက register လုပ်စရာမလိုပဲ ကိုယ်အတိုချုံ့လိုက်တဲ့ link တွေကို မှတ်မိလွယ်အောင်ကိုယ်ပိုင်နာမည်ပေးလို့ရပါတယ်။ ဒီနည်းဖြင့် သင် online သုံးရင်း ရလာသမျှ link တွေကို နောက်တစ်ကြိမ်ပြန် acccess လုပ်နိုင်ရန် မည်သည့် site မှာမှ register လုပ်စရာမလိုဘဲ save မှတ်သိမ်းဆည်းထားနိုင်ပါတယ်။




**Uploading: File Dropper(filedropper.com ) & Sendspace(sendspace.com)**

သင်အဖို့ ရုတ်တရက် တစ်ယောက်ယောက်ကို online မှ file sharing လုပ်စရာရှိလာရုံလောက်နဲ့တော့ သင့် Dropbox (http://www.dropbox.com/), SkyDrive(http://skydrive.com/) တွေကို login ဝင်ပြီးမှက Upload ပြန်တင်နေဖို့မလိုပါဘူး။ Online မှာ Account သစ်ဖန်တီးစရာမလိုပဲ ချက်ချင်းလက်ငင်း upload တင်ပြီး sharing တန်းပြုလုပ်နိုင်တဲ့ Temporary File Sharing Service တွေရှိပါတယ်။ အဲဒီထဲမှာမှ Recommand ပေးလိုတာကတော့ File Dropper ဆိုတဲ့ website ပါပဲ။ဘာကြောင့်ဆို သူက free service ဖြစ်သလို upload တင်စရာရှိတိုင်း login ဝင်နေစရာမလိုဘူး။ ပြီးရင် upload တင်မယ့် file ရဲ့ size က 5GB ထက်ကျော်ရင် upload တင်လို့မရဘူးဆိုတဲ့ အကန့်အသတ်ကလဲ ကန့်သတ်ချက်လို့တောင် မခေါ်နိုင်တော့ပါဘူး။ ဒါ့အပြင် တင်ထားတဲ့ဖိုင်တွေကို download ဆွဲယူသုံးစွဲမှုရှိနေသရွေ့ ဖျက်မပစ်ပါဘူး။ တစ်လအတွင်း download ဆွဲယူမှုမရှိတော့မှသာ Server မှ ဖျက်ပစ်လိုက်မှာဖြစ်ပါတယ်။ သူနဲ့အလားတူ Service တစ်ခုကတော့ Senspace(www.sendspace.com) ပဲဖြစ်ပါတယ်။ အသုံးပြုပုံနဲ့ Feature တွေကတော့ ယေဘုယျအားဖြင့် အတူတူပါပဲ။ ဒါပေမယ့် သူကတော့ upload file size ကို 300MB အထိသာ Free တင်ခွင့်ပေးထားပါတယ်။ဒီ service တွေကိုအသုံးပြုပြီး account တွေ password တွေမလိုပဲလွယ်ကူစွာ upload တင်နိုင်ပါတယ်။နောက်လိုအပ်ပါက download link တွေကို short URL service နဲ့ အတိုချုံ့ထားလိုက်ပါ။




**Text File Sharing: Pastebin(pastebin.com/)**

Document တစ်စောင်ဒါမှမဟုတ်လဲ စာကြောင်းတစ်ပိုဒ် နှစ်ပိုဒ်လောက် တခြားသူတွေကို Link လုပ်ပြီးပေးစရာရှိလား။ အဲဒါဆိုရင်တော့ Pastebin မှာသာသွားပြီးရေးလိုက်ရုံပါပဲ။ ပြီးရင်လျင်မြန်လွယ်ကူစွာ link ထုတ်ပြီးတော့ တခြားမည်သူကိုမဆိုလှမ်း share ပေးနိုင်ပါပြီ။ web ပေါ်မှာသာမက Desktop, Phone များမှအသုံးပြုနိုင်ရန်အတွက်လဲ application တွေဖန်တီးပေးထားပါတယ်။တကယ်ကို အသုံးဝင်တဲ့ Service တစ်ခုပါပဲ။ ဥပမာ သင်က တစ်စုံတစ်ယောက်ဒါမှမဟုတ် လူအများကိုဖြစ်စေ စာတစ်စောင်လောက်ပို့ချင်တဲ့အခါမှာ သင့် Email ကိုဖွင့်ရေးချင်တာကိုရေး၊ ပြီးရင်လိပ်စာတွေတစ်ခုချင်း လိုက်တပ်နေရပါလိမ့်မယ်။ သူတို့ကိုပို့ပြီး နောက်ထပ်တခြားကိုပို့ရန်ရှိလာလျှင်လဲ ထို mail ကိုပြန်ဖွင့် လိပ်စာတွေပြန်ရေးပြီးရင် ထပ်ပို့နဲ့ အလုပ်ပိုရပါဦးမယ်။ Pastebin မှာ စာရေးပြီး ဒီ link ကို လှမ်းပေးလိုက်မယ်ဆိုရင် မည်သူမဆိုဝင်ဖတ်နိုင်မည့်အပြင် လက်ဆင့်ကမ်း share လိုပါကလဲ ထို link ကိုပင် copy ပေးလိုက်ရုံပါပဲ။ သင်လှမ်းပို့လိုက်တဲ့ သူက လက်တလော online မှာမရှိဘူး သူ့ကို ချက်ချင်းသိစေလိုတယ်ဆိုလဲ Pastebin က link ကို URL shortener နဲ့ အတိုချုံ့ပြီး သူ့ကို Phone ဖြင့် SMS လှမ်းပို့လိုက်မယ်ဆိုရင် ဟိုဘက်ကလူက ချက်ချင်းပင် လွယ်ကူစွာသင့်စာကို လက်ခံရရှိနိုင်ပါတယ်။ အဲဒီလိုလွယ်ကူလျင်မြန်မှုတွေကြောင့် Onlineမှာ Anonymous Hacker Group ရဲ့ လက်စွဲတော် Service တစ်ခုဖြစ်နေရတယ်ဆိုလဲမမှားပါဘူး။

# TELEKING MOBILE TRAINING & SERVICE CENTRE

**Training**

***# 7 PERSONS PER ONE CLASS #***

တန်းခွဲသစ် - 10.6.2014 - စမည်။

For iOS -> Version Upgrade & Downgrade, Jailbreak, Installing MM Font, Unlock, Installing Applications & so on...
For Android -> Version Upgrade & Downgrade, Rooting, Bootloader Unlock, S-OFF, Installing MM Font, Usable of ADB command & so on...
For Windows Phone -> Firmware Flashing & Upgrading, Unlocking, Installing Applications & so on...
For Blackberry ->Firmware Flashing & Upgrading, Installing Application & so on...
For Symbian & Java -> Firmware Flashing & Upgrading, Hacking, Installing MM Font, Installing Applications & so on...

လက်ရှိ MOBILE PHONE လောကတွင် အသုံးများလျက်ရှိသော ANDROID, IOS, WINDOW PHONE, BLACKBERRY အစရှိသည့် MOBILE OS သုံး SMART PHONE များကို ကျွမ်းကျင်ပိုင်နိုင်စွာ CONFIGURE ပြုလုပ်၍ PROFESSIONAL တစ်ယောက် အနေဖြင့် ရပ်တည်နိုင်သည်အထိ စနစ်တကျ သင်ကြားပေးသွားမည်။
သင်တန်းကာလအတွင်းတွင် THEORY ပိုင်း၊ PRACTICAL ပိုင်းတို့ကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်မည့်အပြင် လုပ်ငန်းခွင်တွင် ကြုံတွေ့ရလေ့ရှိသော အခက်အခဲများ၊ ဖြေရှင်းပုံဖြေရှင်းနည်းများကိုပါ ထည့်သွင်း ပြောကြားသင်ပြ ပေးသွားမည်ဖြစ်၍ ကိုယ်ပိုင်ဆိုင်ဖွင့်မည့်သူများ၊ SERVICE TECHNICIAN အဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်ခွင်အတွေ့အကြုံကောင်းများကို တစ်ပါတည်းရရှိနိုင်မည်ဖြစ်ပါသည်။
သင်တန်းပြီးသွားလျှင်လည်း UP-TO-DATE MODEL များအတွက် SOFTWARE SUPPORT အပြည့်အဝပေးထားရုံသာမက INTERNET ပေါ်တွင် မိမိကိုယ်တိုင် ရှာဖွေနိုင်စေရန် INTERNET SEARCHING TECHNIQUES, အသုံးဝင်သော INTERNET SOURCES များကိုလည်း အသေးစိတ်သင်ကြားပေးသွားမည်။ MOBILE FIELD ထဲတွင် PROFESSIONAL MOBILE SERVICE TECHNICIAN တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန်အတွက် အာမခံချက်အပြည့်ဖြင့် UPDATE MOBILE COURSE များကို စနစ်တကျ သင်ကြားပြသပေးသွားမည်။

25-5-14 မှ 7-6-14 အထိ 30%off

Building 34, Room (2-B), U Tun Lin Chan Street, Hledan, Kamaryut Township, Yangon. Ph : 09 730 71839, 09 4500 45544

# Easy One Mobile

›› လူကြီးမင်းတို့တစ်ခါမှမကြုံဖူးတဲ့ ဈေးနှုန်းချိုသာမှုနှင့် အကောင်းဆုံးဝန်ဆောင်မှုတွေကို ကြုံချင်ရင် **Easy One Mobile** ဆိုင်ကိုသာလာခဲ့ပါ။

" စစ်မှန်သော ပစ္စည်းများကိုသာ ရောင်းချပေးပါသည်။ "

အမှတ် (၁၆၃)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-250941
Hot line: 09-3185 8888, 3185 9999
Service Hot line: 011220551

www.facebook.com/easyonemobile
easyone.mobile@hotmail.com

# A.K Mobile

Ko Myo San

Daily Open
9:30 AM to 7:00 PM

Find us on facebook www.facebook.com/akmobile2013

## A.K ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်။

Used iPhone / iPad / iPod / Samsung / Sony / HTC/ Huawei
Used All in one PC / Notebook / Netbook / UtlarBook / Laptop
Mac-Book Pro / Mac Air / iMac / Mac Mini / Any Tablet Pc (Not China)

## A.K အထူးဈေးကောင်းပေးဝယ်လိုသည်။

★ iPhone 5S, 5C, 5, 4S, 4, iPod-5, 4, iPad Air, 4, 3, 2, Mini,Mini 2 Wifi & Wifi+3G
★ Samsung S5, S4, S3, S2, Note 3 / 2 / 1, Grand, Mega & Neo Series
★ Samsung Tab 2/3 7.0,Tab 3 / Note 8.0, Tab 2/3 10.1, All Note 10.1 Series & Pro Series
★ Sony Xperia Z2, Z1, Z, Z Ultra, T2 Ultra, TX, T, SP, V, M, L & Sony Tablet
★ HTC One Max, One, One M8, One X Plus , Butterfly , Desire 600 / 700
★ HUAWEI Ascend P7, P6 ,P1 , Mate, G6, G700, G730, 610, C 8816, C 8815, C8813
★ Macbook Pro , Macbook Air , iMac , Mac Mini , Sony Vaio , Dell , HP, Asus
★ Lenovo, MSI, Acer, Toshiba, Samsung, Intel Core i3,i5,i7,B970,B960,B940 နှင့်
★ အခြားသော Model အမြင့် Phone နှင့် Laptop များအထူးဈေးကောင်းပေးလိုပါသည်။

## A.K Software Service

iPhone , Samsung , Sony , HTC , Huawei Phone များ Firmware Upgrade , Downgrade Jailbreak , Rooting , Hacking , Installation Application , Games, Ringtones, Wallpaper, Myanmar Font & Keyboard ,Create Apple ID iDevice နှင့် Android Device များအား User Lock & Network Lock များဖြည်ပေးခြင်းနှင့် အခြားသော Software ဝန်ဆောင်မှုများ ပြုလုပ်ပေးသည်။




## Good Second Hand IT Products




: 09-4500 39844, 09-25400 4420, 09 312 88077, 09-3100 8866

အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။




# ယာဉ်အန္တရာယ်ကာကွယ်ရေးအတွက် အရေးပါလာတဲ့နည်းပညာ သို့မဟုတ် ကား Black Box

● စိုင်းတင်ထူး

Black Box ဆိုတာ အကြမ်းခံနိုင်အောင် တည်ဆောက်ထားတဲ့ မှတ်တမ်းတင်ကိရိယာတစ်မျိုးပါ။ ပထမဆုံးအသုံးပြုခဲ့တာကတော့ လေယာဉ်တွေမှာပေါ့။ လေယာဉ်မှူးတွေရဲ့ စကားပြောသံတွေ၊ မောင်းနှင်ပျံသန်းခဲ့တဲ့ လမ်းကြောင်းနဲ့စက်ရုံ၊ ပျံသန်းခဲ့တဲ့လမ်းကြောင်း၊ အနိမ့်အမြင့်အစရှိသဖြင့် data တွေအားလုံးကို အဲဒီပျံသန်းမှုမှတ်တမ်းတင်ကိရိယာထဲမှာ အကုန်မှတ်တမ်းတင်ထားတာ။ နာမည်ကသာ Black Box အရောင်ကတော့ ပင်လယ်ပြင်ကကယ်ဆယ်ရေးတွေ မြင်သာထင်သာတဲ့ လိမ္မော်ရောင်နဲ့ပါ။ အဲဒီလေယာဉ်ပျက်ကျသွားပြီဆိုရင်တော့ Black Box က အသက်ထက်မျှအရေးပါလာပါပြီ။ လေယာဉ်ဘာကြောင့် ပျက်ကျရသလဲ။ အင်ဂျင်တွေရဲ့ချွတ်ယွင်းချက်လား၊ လေယာဉ်မှူးရဲ့ ဆုံးဖြတ်ချက်မှားယွင်းလို့လား။ မြေပြင်လေကြောင်းထိန်းတွေရဲ့ မှားယွင်းမှုကြောင့်လားဆိုတာ အဲဒီမှတ်တမ်းတင်ကိရိယာကိုတွေ့မှ တိတိပပသိရမှာ။ ဒါကြောင့် မလေးရှားလေယာဉ်ပျက်ကျတုန်းက အဲဒါကို အသည်းအသန်ရှာဖွေကြရတာ။ ဝမ်းနည်းစရာကိစ္စရဲ့ ခြေရာခံမှတ်တမ်းကိရိယာဖြစ်နေလို့ လိမ္မော်ရောင်ဖြစ်ပေမယ့် Black Box လို့ အမည်ပေးခဲ့တာပါ။ ဒါပေမယ့် ဒီကနေ့ကမ္ဘာပေါ်မှာရှိတဲ့ မော်တော်ကားလမ်းမတိုင်းမှာကားတွေတင်းကြမ်းထပ်လာပြီး လမ်းကြောပိတ်ဆို့မှုတွေ၊ ယာဉ်မတော်တဆမှုတွေများလာတယ်။ ယာဉ်မတော်တဆမှုတိုင်းမှာလည်း မျက်မြင်သက်သေတွေရှိတဲ့ဟာလည်းရှိ၊ မရှိတဲ့ဟာလည်းမရှိ၊ တရုတ်သိုင်းဝတ္ထုထဲကလို မည်ကဲ့သို့ဖြစ်သွားသည်ကို မသိလိုက်ရတာတွေကလည်း ထုနဲ့ဒေး၊ ဘယ်သူမှန် ဘယ်သူမှားတယ်ဆိုတာ ဆုံးဖြတ်ရခက်လာတယ်။ တစ်ခါတလေ ပြောင်းပြန်ဖြစ်ကုန်တာလည်းရှိတယ်။ ကျူးလွန်သူကလွတ်သွားပြီး ခံလိုက်ရသူက အရေးယူခံရတာတွေရှိလာတယ်။ ဖွံ့ဖြိုးပြီး တိုင်းပြည်တွေမှာ ယာဉ်မောင်းသူတွေ၊ လမ်းဖြတ်ကူးသူတွေကိုလည်း လမ်း၊ စည်းကမ်း၊ (traffic laws) လိုက်နာမှုကောင်းလာစေတာကြောင့် ယာဉ်မတော်တဆမှုနှုန်းတွေ သိသိသာသာလျော့နည်းလာတာကို တွေ့ရတယ်။ Black Box ဟာ driving အတွက်သာမကဘဲ parking ထိုးရာမှာလည်း record လုပ်ပေးတယ်။ ဒီကနေ့ Black Box တိုင်းရဲ့ ၇၀% မှာအဲဒီ function ပါလာတယ်။ မော်တော်ကားတိုင်းမှာ မှတ်တမ်းတင်ကင်မရာကိုယ်စီနဲ့ဆိုတော့ လူစည်ကားရာကားဂိတ်တွေမှာ ခါးပိုက်နှိုက်ခိုးဆိုးသူတွေရဲ့ ဒုစရိုက်လုပ်ရပ်တွေကို မှတ်တမ်းတင်ပြီးသားဖြစ်သွားတဲ့အတွက် Black Box တွေဟာ အကောင်းဆုံး အနိုင်လုံဆုံးမျက်မြင်သက်သေတွေဖြစ်လာတာကြောင့် ဒုစရိုက်မှုတိုက်ဖျက်ရေးမှာ ကြီးစွာသောအထောက်အကူပြုတဲ့ ကိရိယာဖြစ်လာတယ်။ အဲဒီနိုင်ငံတွေရဲ့ စစ်တမ်းအရ ဒုစရိုက်မှုတွေ ကျဆင်းသွားတာတွေ့ရတယ်။ Black Box ကို event data recorder (EDR) လို့ပညာရပ်ဆန်ဆန်ခေါ်ကြပါသေးတယ်။ ဒါပေမယ့် လူတွေရဲ့ ပါးစပ်ဖျားမှာ Black Boxနဲ့ပဲ အသားကျလာပါတယ်။ မော်တော်ကားတွေမှာ Black Box တပ်ဆင်တာ ဘယ်တုန်းကစသလဲဆိုတော့ ၁၉၉၆-ခုနှစ်ကပါ။

အဲဒီကတည်းက တစ်စတစ်စတပ်ဆင်လာလိုက်တာ ဒီကနေ့ထုတ်တဲ့ brand new ကားသစ်တွေရဲ့ 70-80% မှာ Black Box တွေကို ဘယ်တော့မှလူမြင်သူမြင်နေရာတွေမှာမထားဘူး။ မော်တော်ကားထိုင်ခုံအောက်နဲ့ dashboard အောက်မှာပဲထားတယ်။ အာရုံခံကိရိယာတွေက မော်တော်ကား သက်ကယ်လေအိတ်ကိုမဖွင့်ခင် (၅)စက္ကန့်လောက်မှာမှ activation လုပ်ပေးလိုက်တာ။ ပထမဆုံးပုံစံတွေကို ပြောထားသူရဲ့ ရည်ရွယ်ချက်ကတော့ လေအိတ်မဖွင့်ခင် (၅)စက္ကန့်လောက်အလိုမှာဖြစ်ခဲ့တဲ့ driver action နဲ့ speed ကိုမှတ်တမ်းတင်ထားဖို့ပဲ။ ယာဉ်မတော်တဆမှုကို ပြန်လည်ပုံဖော်ကြည့်ရာမှာ သိပ်အသုံးတည့်တယ်။ reconstruction of accident ပေါ့။ car black box ရဲ့ recorded data တွေကို တရားရုံးမှာ အတည်အသုံးပြုခဲ့တာကတော့ ၂၀၀၆ ခုနှစ်ထဲမှာပါ။ UK နိုင်ငံက ၁၉ နှစ်အရွယ်ကားမောင်းသူတစ်ဦးကို သတ်မှတ်မိုင်နှုန်းထက်ပိုမြန်အောင် မောင်းနှင်မှုနဲ့ တရားစွဲတဲ့အမှုမှာ car black box recorded data ကို အသုံးပြုခဲ့တာပါ။ ပထမဆုံးပေါ်တဲ့ car black box တွေက ယာဉ်တိုက်မှု collision အဖြစ်မီ ၅-၁၀ စက္ကန့်အလို ဖြစ်ပျက်သမျှ action တွေကို မှတ်တမ်းတင်ဖို့ပါပဲ။ အခုအသုံးများနေတဲ့ car black box တွေကတော့ ကနဦးနဲ့ ပုံစံကွဲပါတယ်။ ယာဉ်ရဲ့လေကာမှန်အပေါ်ဖက်မှာ ကင်မရာတပ်ဆင်ပြီး ဗီဒီယိုမှတ်တမ်းရယူထားတာပါ။ video data event recorder လို့သတ်မှတ်ပါတယ်။ GPS unit လည်းပါရှိတာကြောင့် ယာဉ်ရဲ့အရှိန်နှုန်း (accelerating) ဘရိတ်ဖမ်းပုံ (braking)၊ ဘယ်ကွေ့ညာကွေ့ (turning) တွေကို မှတ်တမ်းတင်ပြီး secure digital (SD) card ထဲမှာ သိမ်းဆည်းမှတ်တမ်းတင်ပြီး ကွန်ပျူတာနဲ့ ပြန်ကြည့်လို့ရပါတယ်။ ဒီလို car black box ထက်ပိုပြီး တိကျမှုပိုပါတယ်။ time, location, direction of drivingသာမကဘဲ driver, view ကိုရိုက်ယူထားနိုင်တဲ့အတွက် သာမန်ရိုးရိုးနည်းနဲ့ သက်သေပြဖို့ခက်တဲ့အခြေအနေမှာ hard-to-prove situation တွေမှာ အရမ်းကောင်းတဲ့ မျက်မြင်သက်သေဖြစ်လာတယ်။ မီးနီနေတုန်းဖြတ်မောင်းလို့ အဖမ်းခံရတဲ့ ဒရိုင်ဘာတစ်ယောက်အနေနဲ့ သူဟာ မီးဝါနေတုန်းဖြတ်မောင်းမိရာက မီးနီသွားခြင်းသာလျှင်ဖြစ်ကြောင်း သက်သေပြနိုင်ပါတယ်။ car black box တွေရဲ့နောက်ထပ် သွယ်ဝိုက်အကျိုးပြုမှုကတော့အာမခံကုမ္ပဏီ(insurance companies) တွေပါပဲ။ အာခံကုမ္ပဏီတွေကcar black box တပ်ဆင်ထားတဲ့ ကားမောင်းတဲ့ဒရိုင်ဘာတွေဆိုရင်အာမခံကြေးကိုdiscountတောင်ပေးပါသေးတယ်။

## 3 View အမှတ်တံဆိပ် ကား Black Box များတင်သွင်းလာသော P World ကုမ္ပဏီလီမိတက်အား မိတ်ဆက်ခြင်း

ကျွန်တော်တို့ကုမ္ပဏီဟာ ကိုရီးယား P World Co,.Ltd က ကား black box တွေမြန်မာနိုင်ငံကို ပထမဆုံးတင်သွင်းတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ 3 view ဟာကျွန်တော်တို့ရဲ့ အမှတ်တံဆိပ်အမည်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ 3view Car Black Box ကိုပထမဆုံးနဲ့ တစ်ဦးတည်းသောဖြန့်ဖြူးသူဖြစ်ပါတယ်။ ဒီထုတ်ကုန်ကိုအရှေ့တောင်အာရှ အများစုရဲ့ ပူပြင်းတဲ့ ရာသီဥတုနဲ့ ကိုက်ညီတဲ့နည်းပညာနဲ့ ပြုလုပ်ထားပါတယ်။ အဲဒီနည်းပညာဟာ ကိုယ်ပိုင်ဖြစ်ပါတယ်။ အနာဂတ်မှာကျွန်တော်တို့ဟာ 3 view Car Black Box တွေကိုအခြားနိုင်ငံတွေဆီက ဖြန့်ဝေဖို့ အစီအမံရှိပါတယ်။ မြန်မာဟာနည်းပညာအကြောင်းသာမက ဈေးကွက်အကြောင်းလည်း ပထမဆုံးမြည်းစမ်းခွင့်ရမယ့်နေရာဖြစ်ပါတယ်။ P World Co,.Ltd ဟာ DK World Co.,Ltd ရဲ့ကုမ္ပဏီခွဲတစ်ခုဖြစ်ပါတယ်။ ကိုရီးယားမှာ DK World Co.,Ltd ရဲ့တည်ထောင်သူနဲ့ CEO ဟာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ အကြံအစည်ရလာတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ အပြုသဘောဆောင်တဲ့ အပြောင်းအလဲတွေရှိလာပြီး လာမယ့်အနာဂတ်မှာ မြန်မာရဲ့ဈေးကွက်က ကြီးထွားလာမှာမို့ ဖြစ်ပါတယ်။ ဒါကြောင့်သူက ဈေးကွက်ကို 3 view car black box နဲ့ စမ်းသပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါဟာ မြန်မာနိုင်ငံမှာ အောင်မြင်နိုင်ပြီး လိုအပ်တဲ့ ထုတ်ကုန်လည်းဖြစ်တယ်လို့ သူကယူဆထားပါတယ်။

**3 view အကြောင်း**

ဒီထုတ်ကုန်မှာ G-sensor လို့ခေါ်တဲ့ နည်းပညာအသုံးပြုထားတယ်။ သူ့ရဲ့လုပ်ငန်းဆောင်တာက ဖိုင်တွေကို Normal View, Event View, နဲ့ Parking View လို့ခေါ်တဲ့ မတူတဲ့ အမျိုးအစား (၃)ခုနဲ့ သိမ်းဆည်းပေးတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့အမှတ်တံဆိပ်ကို 3 view လို့အမည်ပေးတာပါ။ အခြားနိုင်ငံတွေမှာ အသုံးပြုတဲ့ Black Box တွေဟာ မြန်မာနိုင်ငံရာသီဥတုနဲ့ မကိုက်ညီပါဘူး။ ဒါကြောင့် ကျွန်တော်တို့က မြင့်မားတဲ့ အပူချိန်ဒီဂရီကိုခံနိုင်တဲ့နည်းပညာကို သုံးထားတယ်။ နည်းပညာကို ချိန်ညှိပြီး ထုတ်ကုန်ကိုစမ်းသပ်ဖို့ တစ်နှစ်အချိန်ယူရတယ်။ နောက်ဆုံး ၂၀၁၄ ဧပြီမှာ မြန်မာ့ဈေးကွက်အတွက် မတူကွဲပြားတဲ့ ကားblack box (၅)ခု ဖြန့်ဝေခဲ့တယ်။ အဲဒီအထဲ galaxy 300 က ဒီနိုင်ငံမှာ အသုံးပြုဖို့ အသင့်တော်ဆုံးပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါကသာမန် black box တွေထက်ပိုပြီးမြင့်မားတဲ့အပူချိန်ကိုခံနိုင်ပြီး နောက်ဆုံးပေါ် နည်းပညာပါရှိလို့ဖြစ်ပါတယ်။

အပါတ်စဉ် တန်းခွဲသစ်ရှိသည်

**EPI**

**ဖုန်းပြုပြင်နည်းသင်တန်း**

**Software + Hardware - ၁ သိန်း**

Data ရောင်းသည်။

**IPhone, HTC, SAMSUNG, Sony, Lenovo, Huawei, Nokia, JavaPhone, ChinaPhone, Tablet & Etc..**

- Data 2000 GB ပေးသည်။
- Professional Mobile
- SMD Rework Station

- Understanding & Hacking IOS, Android OS & other Mobile OS
- Error Free Manually Rooting( Not Depend on Rooting Software )
- Restoring Firmware, Advanced Firmware Restoring Technics
- Basic Electronic & Phone Hardware Architecture Study
- IC & parts testing and Replacement
- Phone Diagnosis, Assembling & Disassembling, Error Fixing
- Repairing with the assistance of layout Diagrams and Schematic Diagrams

09-25 4040 200, 01-246847.

**GOLDEN CROWN** Engineering Training Centre

Approved Centre (Since - 2008)

Ph : 01-373030, 09-73234992

**လက်တွေ့အသုံးချအင်ဂျင်နီယာသင်တန်းများ**

(1) ဂဟေဆက်သင်တန်း(3G,4G,5G,6G)

(2) အင်ဂျင်စက်ပြင်သင်တန်း

(3) ရေခဲသေတ္တာနှင့်လေအေးပေးစက်ပြုပြင်ခြင်းသင်တန်း

(4) AutoCAD (2D,3D, Render)

(5) Revit (Architecture)

တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံပြီ။

လက်တွေ့လုပ်ငန်းခွင်ဝင်နိုင်အောင် စာတွေ့/လက်တွေ့သင်ကြားပေးသည်။

City & Guilds Approved Center No - 826809

**TECHNO POINT**

*Engineering Training Centre*

2014 Medal for Excellence Winner (IVQ Level - 5) Advanced Technician Diploma in Electrical & Electronic Engineering

☎ 09 730 91 341 / 09 4210 11 236



လက်တွေ့လုပ်ငန်းခွင်သုံး အင်ဂျင်နီယာသင်တန်းများ

နိုင်ငံတကာ အသိအမှတ်ပြု (UK) အင်ဂျင်နီယာသင်တန်းများ

**Civil EP EC MP**

- စာတွေ့/လက်တွေ့ အချိုးညီညီ သင်ထောက်ကူပစ္စည်း စုံလင်စွာဖြင့် လေ့ကျင့်သင်ကြားပေးသည်။
- လစဉ် တန်းခွဲသစ်ရှိသည်။
- ရုံးချိန်လွတ် အတွေ့အမြင် စီစဉ်ပေးသည်။
- အလုပ်အကိုင် ရရှိရန် ကူညီပေးသည်။
- နယ်ကျောင်းသားများ အဆောင်စီစဉ်ပေးသည်။

**Open Daily 10 AM To 10 PM**

**TRZ *Mobile***

*Good Second Mobile Phone* များ ဝယ်သည်၊ ရောင်းသည်၊ အလဲအထပ်လုပ်ပေးသည်။

Good Second Mobile Phone များကို အထူးဈေးကောင်း ပေးရောင်းသည်/ဝယ်သည်။

iPhone, 5S, 5C, 5,4S, 4, 3GS, 3G, 3 များ ဝယ်သည်၊ ရောင်းသည်၊ အလဲအထပ်လုပ်ပေးသည်။

i Pod5, 4 များဈေးကောင်းပေးဝယ်သည်။ ရောင်းသည်၊ အလဲအထပ်လုပ်သည်။

i Pad Air 4,3,2,1, i Pad Mini 2,1 များ ဈေးကောင်းပေးဝယ်သည်။ ရောင်းသည်၊ အလဲအထပ်လုပ်သည်။

Samsung Galaxy Note 3,2,1,S4,S3,S2 Samsung Model များဈေးကောင်းပေးဝယ်သည်။ ရောင်းသည်၊ အလဲအထပ်လုပ်သည်။

Samsung 3,2,1 Samsung Galaxy Note 10.18.0 Samsung Tablet များဈေးကောင်းပေးဝယ်သည်။ ရောင်းသည်၊အလဲအထပ်လုပ် သည်။

Sony Xperia Z,Z1,Ultra များဈေးကောင်းပေးဝယ်သည်။ ရောင်းသည်၊ အလဲအထပ်လုပ်သည်။

HTC Butterfly, One, One X, Plus Desire များဈေးကောင်းပေးဝယ်သည်။ ရောင်းသည်၊ အလဲအထပ်လုပ် သည်။

Apple, Samsung, Toshiba, Sony, Dell, Laptop များ ဈေးကောင်းပေးဝယ်သည်။ ရောင်းသည်၊ အလဲအထပ်လုပ်သည်။

**Now Available ...!**

ရောင်းရန်ရှိသည်




TRZ Mobile မှ ဝယ်ယူထားသော မည်သည့်ပစ္စည်းမဆို Error ဖြစ်ပေါ်ခြင်းမရှိကြောင်း အာမခံပါသည်။ Error ဖြစ်ပေါ်ခဲ့ပါကလည်း တာဝန်ယူဖြေရှင်းပေးပါသည်။

www.facebook.com/TRZMOBILE

အမှတ်(၂၉၆)၊ (၄-လွှာ)ဘယ်၊ ရွှေဘုံသာ(အလယ်)၊ ဗလီရပ်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့ မှ

အမှတ် (၂၃၆)၊ (ပ)ထပ်(ညာခြမ်း)၊ လမ်း(၃၀)အထက်၊ ဓမ္မာရုံရပ်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့ သို့ပြောင်းလဲဖွင့်လှစ်ထားပါသည်။

၀၉-၄၅၀၀၁၂၈၀၁၊ ၀၉-၄၄၉၂၅၃၂၂၇၊ ၀၉-၃၀၂၉၆၈၉၊ ၀၉-၄၅၀၀၁၂၉၃၂



Screen resolution နဲ့ Pixel သိပ်သည်းဆကျသွားတာကလွဲရင် G2 Miniရဲ့ ဖွဲ့စည်းတည်ဆောက်ပုံဟာ G2နဲ့ သိပ်မကွာလှပါဘူး။ LGရဲ့ မူပိုင်ထူးခြားတဲ့လုပ်ဆောင်ချက်ဖြစ်တဲ့ Standby Mode မှာ Screenအပေါ် နှစ်ချက်ခေါက်ပြီး Wakeလုပ်တဲ့ Knock Code Frature ပါရှိပါတယ်။ Display ရဲ့ သတ်သတ်မှတ်မှတ်နေရာတွေမှာ tap ခေါက်တာအပါအဝင် ကြိုတင်သတ်မှတ်ပေးတဲ့ Knock Patternနဲ့ ဖုန်းကို Unlock လုပ်ခွင့်ပြုတယ်။ ဒါဟာ Passwordတစ်ခုလိုပဲ ချိုးဖောက်ဖို့ခက်ပြီး မတူတဲ့ Knock Pattern ပေါင်း(၈၆,၃၆၇)ပါတယ်လို့ သိရတယ်။

# LG Flagship ဖုန်း G2 ထက် ယောင်ယောင်လေးသာသေးတဲ့ LG G2 Mini

**LG G2 Mini**
4.7"(540x960)
Quad-core 1.2GHz
1 GB
8 GB
8 MP(Back),1.3MP(Front)
Android 4.4.2
2440 mAh
319,000Ks
09 73171212









# HIGH END SMARTPHONE



### LG G Flex

| | |
|---|---|
| Network | GSM, WCDMA |
| Display | 6.0" |
| CPU | 2.26GHz Quad-Core |
| RAM | 2 GB |
| Storage | 32 GB |
| Camera | 13 MP |
| OS | Andriod 4.2.2 |

Price-715,000 Ks, Ph-09-73171212



### Samsung Galaxy Note 3

| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.7" |
| CPU | 1.9GHz Quad-Core |
| RAM | 3 GB |
| Storage | 32 GB |
| Camera | 13 MP |
| OS | Andriod 4.3 |

Price-613,000 Ks, Ph-09-73171213



### Huawei Ascend P7

| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.0" |
| CPU | 1.8GHz Quad-Core |
| RAM | 2 GB |
| Storage | 16 GB |
| Camera | 13 MP |
| OS | Andriod 4.4.2 |

Price-379,000 Ks, Ph-01-2304749



### iPhone 5s Gold

| | |
|---|---|
| Network | GSM, WCDMA |
| Display | 4.0" |
| CPU | 1.3GHz Dual-Core |
| RAM | 1 GB |
| Storage | 16 GB |
| Camera | 8 MP |
| OS | IOS 7 |

Price-659,000 Ks, Ph-09-73171213



### Samsung Galaxy S4

| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.0" |
| CPU | 1.6GHz Quad-Core |
| RAM | 2 GB |
| Storage | 16 GB |
| Camera | 13 MP |
| OS | Andriod 4.2.2 |

Price-475,000 Ks, Ph-09-73171214



### ViVO XPlay (X510w)

| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.7" |
| CPU | 1.7GHz Quad Core |
| RAM | 2 GB |
| Storage | 16 GB |
| Camera | 13 MP |
| OS | Andriod 4.2.2 |

Price-428,000 Ks, Ph-09-73171214



### Sony Xperia Z1 LTE

| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.0" |
| CPU | 2.2GHz Quad Core |
| RAM | 2 GB |
| Storage | 16 GB |
| Camera | 20.7 MP |
| OS | Andriod 4.2 |

Price-475,000 Ks, Ph-09-73171213



### Acer Liquid S1

| | |
|---|---|
| Network | GSM |
| Display | 5.7" |
| CPU | 1.5GHz Quad Core |
| RAM | 1 GB |
| Storage | 8 GB |
| Camera | 8 MP |
| OS | Andriod 4.2 |

Price-450,000 Ks, Ph-01-2301797



### Gionee Elife E6

| | |
|---|---|
| Network | GSM |
| Display | 5.0" |
| CPU | 1.5GHz Quad-Core |
| RAM | 2 GB |
| Storage | 32 GB |
| Camera | 13 MP |
| OS | Andriod 4.2 |

Price-313,000 Ks, Ph-09-73171212



### Huawei Ascend P6

| | |
|---|---|
| Network | GSM, CDMA |
| Display | 4.7" |
| CPU | 1.5 GHz Quad-Core |
| RAM | 2 GB |
| Storage | 8 GB |
| Camera | 8 MP |
| OS | Andriod 4.2.2 |

Price-315,000 Ks, Ph-01-2304749



### Nokia Lumia 820

| | |
|---|---|
| Network | GSM, WCDMA |
| Display | 4.3" |
| CPU | 1.5GHz Dual-Core |
| RAM | 1 GB |
| Storage | 8 GB |
| Camera | 8 MP |
| OS | Windows Phone 8 |

Price-360,000 Ks, Ph-09-31621515



### Samsung Galaxy S3 Neo

| | |
|---|---|
| Network | GSM, WCDMA |
| Display | 4.8" |
| CPU | 1.4GHz Quad-Core |
| RAM | 1 GB |
| Storage | 16 GB |
| Camera | 8 MP |
| OS | Andriod 4.3 |

Price-325,000 Ks, Ph-09-73171213



### ViVO Y613

| | |
|---|---|
| Network | GSM, WCDMA |
| Display | 4.5" |
| CPU | 1.3 GHz Quad-Core |
| RAM | 512 MB |
| Storage | 4 GB |
| Camera | 5 MP |
| OS | Andriod 4.2.2 |

Price-218,000 Ks, Ph-01-398436



### Lenovo S939

| | |
|---|---|
| Network | GSM, WCDMA |
| Display | 6" |
| CPU | 1.7 GHz Quad-Core |
| RAM | 1 GB |
| Storage | 8 GB |
| Camera | 8 MP |
| OS | Andriod 4.1 |

Price-233,000 Ks, Ph-01-382868



### Samsung Galaxy s Advance

| | |
|---|---|
| Network | GSM |
| Display | 4" |
| CPU | 1 GHz Dual-Core |
| RAM | 768 MB |
| Storage | 8 GB |
| Camera | 5 MP |
| OS | Andriod 2.3.6 |

Price-208,000 Ks, Ph-01-1221542



### Sony Xperia C

| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.0" |
| CPU | 1.2 GHz Quad-Core |
| RAM | 1 GB |
| Storage | 4GB |
| Camera | 8 MP |
| OS | Android 4.2.2 |

Price-215,000 Ks, Ph-01-8604200


Nokia S6700
GSM
100,000 ks
Contact - 01-373538


Samsung E2202
GSM
45,000 ks
Contact -01-378876


Ubiquam U400
CDMA 450MHz
45,000 ks
Contact -01-245180


Gionee M23
GSM
40,000 ks
Contact -09-33279277


Nokia N110
GSM
45,000 ks
Contact -09-73144466


Singtech CG1
GSM
39,000 ks
Contact -01-202588


Gionee S30
GSM
50,000 ks
Contact - 09-33279277


Nokia N112
GSM
46,000 ks
Contact -01-373538


Cherry mobile C2i
GSM
30,000 ks
Contact -09-450039844


Nokia N206
GSM
57,000 ks
Contact -01-8603300


Classic 702
CDMA 800MHz
7,000 ks
Contact -01-378843


Huawei 5521
GSM
35,000 ks
Contact -01-373538


Singtech S240
GSM
38,000 ks
Contact -01-202588


Gionee B118
GSM
30,000 ks
Contact -09-33279277

# BUDGET SMARTPHONES



## Huawei G730-C00

| | |
|---|---|
| Network | GSM, CDMA |
| Display | 5.5" |
| CPU | 1.2GHz Quad-Core |
| RAM | 1 GB |
| Storage | 4 GB |
| Camera | 5 MP |
| OS | Andriod 4.1.2 |

Price-173,000 Ks, Ph-01-398436



## Lenovo S898T

| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.3" |
| CPU | 1.5GHz Quad-Core |
| RAM | 1 GB |
| Storage | 8 GB |
| Camera | 12.6 MP |
| OS | Andriod 4.2.2 |

Price-157,000 Ks, Ph-01-382868



## ViVO Y11iW

| | |
|---|---|
| Network | GSM, WCDMA |
| Display | 4.0" |
| CPU | 1.3GHz Quad-Core |
| RAM | 512 MB |
| Storage | 4 GB |
| Camera | 5 MP |
| OS | Andriod 4.2.2 |

Price-167,000 Ks, Ph-01-398436



## ARCHOS 45 Titanium

| | |
|---|---|
| Network | GSM, WCDMA |
| Display | 4.5" |
| CPU | 1.3GHz Dual-Core |
| RAM | 512 MB |
| Storage | 4 GB |
| Camera | 5.0 MP |
| OS | Andriod 4.2.2 |

Price-105,000 Ks, Ph-01-294503



## Lenovo A750E

| | |
|---|---|
| Network | CDMA 800MHz |
| Display | 5" |
| CPU | 1.2GHz Quad-Core |
| RAM | 512 MB |
| Storage | 4 GB |
| Camera | 5.0 MP |
| OS | Andriod 4.1 |

Price-140,000 Ks, Ph-01-382868



## Huawei C8815

| | |
|---|---|
| Network | CDMA 800MHz |
| Display | 5.0" |
| CPU | 1GHz Quad-Core |
| RAM | 1 GB |
| Storage | 4 GB |
| Camera | 5 MP |
| OS | Andriod 4.1.2 |

Price-117,000 Ks, Ph-01-391789



## Singtech Z-500

| | |
|---|---|
| Network | GSM |
| Display | 5.0" |
| CPU | 1GHz Dual-Core |
| RAM | 512 MB |
| Storage | 4 GB |
| Camera | 5 MP |
| OS | Andriod 4.2.2 |

Price-99,000 Ks, Ph-01-202588



## Lenovo A375E

| | |
|---|---|
| Network | CDMA 800MHz |
| Display | 4" |
| CPU | 1.2GHz Dual-Core |
| RAM | 512 MB |
| Storage | 4 GB |
| Camera | 3.0 MP |
| OS | Andriod 4.1.2 |

Price-78,000 Ks, Ph-01-382868



## Huawei Y511

| | |
|---|---|
| Network | GSM, WCDMA |
| Display | 4.5" |
| CPU | 1.3GHz Dual-Core |
| RAM | 512 MB |
| Storage | 4 GB |
| Camera | 5 MP |
| OS | Andriod 4.2.2 |

Price-83,000 Ks, Ph-01-398436



## Samsung Galaxy Ace/S5830

| | |
|---|---|
| Network | GSM |
| Display | 3.5" |
| CPU | 800 MHz ARM 11 |
| RAM | 278 MB |
| Storage | 158 MB |
| Camera | 2.0 MP |
| OS | Andriod 2.3 |

Price-97,000 Ks, Ph-01-8603300



## ALCATEL One touch Magic

| | |
|---|---|
| Network | GSM, WCDMA |
| Display | 4.0" |
| CPU | 1GHz Dual-Core |
| RAM | 512 MB |
| Storage | 4 GB |
| Camera | 5 MP |
| OS | Andriod 4.2 |

Price-85,000 Ks, Ph-09-73193434



## Singtech X-41

| | |
|---|---|
| Network | GSM |
| Display | 4.3" |
| CPU | 1 GHz Dual-Core |
| RAM | 512 MB |
| Storage | 4 GB |
| Camera | 5 MP |
| OS | Andriod 4.0 |

Price-90,000 Ks, Ph-01-202588

# LOCAL CHOICE




## Gionee M2

ဒီဖုန်းလေးဟာ Google service တစ်ပါတည်းပါရှိလို့ Android OS ရဲ့ လုပ်ဆောင်ချက်တွေ အားလုံးစစ်မှန်စွာ သုံးစွဲခွင့်ရရှိစေမှာပါ။ မြန်မာစာစနစ်အသင့်ပါရှိတာလည်း အားသာချက်တစ်ခုဖြစ်ပါတယ်။ တစ်နှစ်အာမခံချက် ပါရှိတာလည်းပစ္စည်းမှန်၊ စျေးနှုန်းမှန်ဖြစ်တာသေချာစေပါတယ်။ screen အရွယ်အစား 5" ရှိတဲ့အတွက် လက်ရှိ တန်းမြင့်စမတ်ဖုန်းတွေရဲ့ စံနှုန်းကိုလိုက်မီတယ်။ resolution က 854 x 480 ရှိပါတယ်။ CPU အဖြစ် Quad core 1.3 GHz ကိုသုံးစွဲထားတယ်။ Memory ကိုတော့ 4 GB+4 GB memory လို့ ပဲဖော်ပြထားတယ်။ နောက်ဖက်ကင်မရာ 8MP နဲ့ ရှေ့ဖက်ကင်မရာ 2MP တို့ပါရှိလို့ ဓာတ်ပုံပိုင်းဆိုင်ရာကို စိတ်တိုင်းကျသုံးစွဲနိုင်မှာပါ။ GSM ရော WCDMA ပါသုံးစွဲလို့ရပြီး Android version 4.2 ကိုသုံးစွဲထားတယ်။ ဘက်ထရီသိုလှောင်အား 4200 mAh ဆိုတာ အလွန်များပြားတဲ့ ပမာဏဖြစ်ပြီး ကြာရှည်အသုံးခံဖို့ စိတ်ချရစေပါတယ်။

GIONEE

| | |
|---|---|
| Display | - 5 inch |
| CPU | - Quad-Core 1.3GHz |
| Memory | - 4 GB + 4GB / 8GB |
| Camera | - 8MP (Back), 2 MP (Front) |
| Battery | - 4200 mAh |
| OS | - Android 4.2 |

Price : 141,000 Ks
Contact : 09-420178202

## Alcatel one Touch Pop C7

ပြင်သစ်နိုင်ငံက telecommunication infrastructure တွေတည်ဆောက်တဲ့ Alcatel-Lucent ကုမ္ပဏီရဲ့ကျောဲထောက်နောက်ခံနဲ့ ထုတ်တဲ့ဖုန်းအမျိုးအစားတွေထဲက တစ်ခုဖြစ်ပါတယ်။ ထုံးစံအတိုင်း စမတ်ဖုန်းလောကမှာ စံနှုန်းတစ်ခုလိုဖြစ်လာတဲ့ 5" screen ကိုသုံးထားပါတယ်။ resolution 854x480 ဆိုတာကလည်း အလယ်အလတ်တန်းစားဖုန်းတွေမှာတွေ့နေကျ အဆင့်အတန်းပါပဲ။ CPU ကတော့ Quad Core 1.3 GHz သုံးထားတဲ့အတွက် နေ့စဉ်သုံးလုပ်ငန်းတွေမြန်ဆန်သွက်လက်စွာဆောင်ရွက်ပေးနိုင်ပါလိမ့်မယ်။ RAM 512 MB နဲ့ storage 4 GB ရှိတယ်။ SD ကတ်ကနေ 32GB အထိ ထပ်ချဲ့လို့ရတယ်။ နောက်ဖက်ကင်မရာက 5MP ရှိပါတယ်။ Dual sim version ဖြစ်ပြီး 3G အထိရတယ်။ Android version က 4.2 ဖြစ်ပါတယ်။

ALCATEL onetouch

| | |
|---|---|
| Display | - 5 inch |
| CPU | - Quad-Core 1.3GHz |
| RAM | - 512MB |
| Storage | - 4 GB |
| Camera | - 5MP (Back) |
| OS | - Android 4.2.2 |




Prize : 130,000 Ks
Contact : 01-256488

# MOBILE TIPS

## မိုဘိုင်းဖုန်းများမှာ အင်တာနက်ကွန်နက်ရှင်ကို မြှင့်တင်ဖို့ DNS Server ပြောင်းနည်းများ

■ သူရ

Domain Name Server (or) DNS ဆိုတာ လူတွေ မှတ်ရလွယ်တဲ့ Web Address (eg. www.google.com) ကို ကွန်ပျူတာတွေ နားလည်တဲ့ IP Address များ အဖြစ်ပြောင်းလဲပေးတာပါ။ ဥပမာသင်က facebook.com လို့ ရိုက်လိုက်တယ်ဆိုပါစို့။ DNS Server က IP Address အဖြစ် ပြောင်းလဲပေးလိုက်ပါတယ်။ အဲဒီအခါကျမှ သင်က facebook ကို အသုံးပြုလို့ရတာပါ။ သင် ဝက်ဘ်ဆိုက်တစ်ခု ဖွင့်တိုင်း DNS Server က ကြားထဲကနေ အလုပ် လုပ်ပေးနေတာပါ။ အဲဒီအတွက် အင်တာနက်အမြန်နှုန်းက DNS server ပေါ် မှာလည်း မူတည်ပါတယ်။ လူအများစုက Internet Service Provider(ISP) တွေရဲ့ DNS ကို သုံးကြပါတယ်။ သင့် အင်တာနက် Speed ပိုမိုကောင်းမွန်အောင်လို့ သင့် ISP ရဲ့ DNS ကို မသုံးဘဲ တစ်ခြား DNS(google dns, open dns etc:) တွေကို ပြောင်းလဲသုံးနိုင်ပါတယ်။

အချို့ DNS Service များက နိုင်ငံကန့်သတ်ချက်များကိုလည်း ကျော်လွှားပေးနိုင်ပါတယ်။ ဥပမာအားဖြင့် DNS Server ပြောင်းခြင်းဖြင့် အမေရိကန်မှာသာကြည့်နိုင်တဲ့ Netflix, Hulu တို့ကို အခြားနိုင်ငံများမှာ ကြည့်နိုင်မှာဖြစ်ပါတယ်။

ဒီဆောင်းပါးမှာ Google DNS နဲ့ Open DNS တို့ကို အသုံးပြုမှာဖြစ်ပါတယ်။

*Google DNS*

DNS 1 - 8.8.8.8

DNS 2 - 8.8.4.4

*OpenDNS*

DNS 1 - 208.67.222.222

DNS 2 - 208.67.220.220

Router မှာ DNS Server ပြောင်းထားရင်တော့ မိုဘိုင်းဖုန်းများမှာ အဲဒီ DNS Server ကို အသုံးပြုမှာဖြစ်တဲ့အတွက် ထပ်မံပြောင်းလဲစရာမလိုတော့ပါဘူး။ Router မှာ DNS Server မပြောင်းထားရင် ဒါမှမဟုတ်အခြား Public WiFi များကို အသုံးပြုရင် မိုဘိုင်းဖုန်းများမှာ DNS Server ပြောင်းပေးရမှာ ဖြစ်ပါတယ်။

### *iPhone*

Apple ရဲ့ iOS မှာ WiFi Network တစ်ခုချင်းစီအတွက် DNS Server ကို သီးခြားပြောင်းလဲပေးရမှာ ဖြစ်ပါတယ်။ WiFi Network အားလုံးအတွက် DNS Server ကို တစ်ချက်ထဲနဲ့ ပြောင်းလို့မရပါဘူး။ WiFi ချိတ်ဆက်မိတဲ့အခါမှာ အင်တာနက်မြန်နှုန်းမြှင့်ဖို့ပဲဖြစ်ဖြစ် နိုင်ငံကန့်သတ်ချက်များကို ကျော်လွှားချင်လို့ပဲဖြစ်ဖြစ် DNS Server ကို ပြောင်းလဲပေးရမှာပါ။

ဒီလိုပြောင်းဖို့အတွက် Settings ထဲသွားပြီး WiFi ကိုနှိပ်ပါ။ ချိတ်ဆက်မိနေတဲ့ WiFi Network ရဲ့ ညာဘက်ဘေးမှ Info Icon




ကိုနှိပ်ပါ။ DNS ကိုနှိပ်ပြီး DNS Server 1 နဲ့ 2 ကြားမှာ Comma ခံပြီး ရိုက်ပေးပါ။

### *Android*

Android မှာလည်း iOS လိုပဲ WiFi Network တစ်ခုချင်းစီအတွက် DNS Server ပြောင်းလဲပေးရမှာ ဖြစ်ပါတယ်။ သင့် Android Device ဟာ Root လုပ်ထားရင်တော့ Set DNS App ကို သုံးပြီး WiFi Network အားလုံးအတွက် DNS Server ကို သတ်မှတ်ထားနိုင်ပါတယ်။

Android Device ကို Root လုပ်ထားခြင်းမရှိသူများက Network တစ်ခုချင်းစီအတွက် DNS Server ပြောင်းလဲဖို့အတွက် Settings ထဲသွားပြီး WiFi ကိုနှိပ်ပါ။ ချိတ်ဆက်မိနေတဲ့ Network ကို ဖိထားပြီး Modify Network ကိုနှိပ်ပါ။ 'Show advanced options' ဆိုတဲ့ Check Box မှာ အမှန်ခြစ်ပေးပါ။ IP Settings မှာ Static ကို ရွေးပေးပါ။ DNS 1, DNS 2 မှာ Google DNS သို့မဟုတ် Open DNS ကို ရိုက်ထည့်ပေးပါ။




### *BlackBerry 10*

BlackBerry 10 မှာ WiFi Network များအတွက် DNS Server များပြောင်းလဲနိုင်ပါတယ်။

System Settings >Network and Connections>WiFi ထဲသွားပါ။ Auto Obtain IP ကို Off လုပ်ပေးပါ။ Primary DNS မှာ DNS 1 ထည့်ပေးပါ။ Secondary DNS မှာ DNS 2 ထည့်ပေးပါ။




### *Windows Phone*

Windows Phone 8 မှာ DNS Server ပြောင်းလဲလို့ မရပါဘူး။ Windows Phone မှာ DNS Server ပြောင်းချင်ရင် Router မှာ ပြောင်းလဲပေးရမှာပါ။ Microsoft က နိုင်ငံကန့်သတ်ချက်များကို ကျော်လွှားနိုင်တဲ့ Virtual Private Network (VPN) များကို အသုံးပြုလို့ရတဲ့ စွမ်းဆောင်ချက်ကိုလည်း Windows Phone မှာ ထည့်သွင်းပေးထားခြင်း မရှိပါဘူး။

### *Firefox OS*

စာရေးသူဟာ Firefox OS Phone ကို လက်လှမ်းမမီသေးတဲ့အတွက် အဲဒီဖုန်းများမှာ DNS Server ပြောင်းနိုင်မလားဆိုတာ မသေချာသေးပါဘူး။ Mozilla က ပြုလုပ်ပေးထားတဲ့ Firefox OS Simulator မှာလည်း WiFi Settings ကို စမ်းသပ်ခွင့်မပေးထားပါဘူး။ နောက်ပြီး Mozilla က ထုတ်ပြန်ထားတဲ့ Firefox OS Settings ထဲမှာလည်း DNS Server ကို ပြောင်းနိုင်တဲ့ Options ကို မတွေ့ရပါဘူး။ အဲဒီအတွက် Firefox OS Phone များကလည်း ဝင်းဒိုးဖုန်းများလိုပဲ DNS Server ပြောင်းလဲလို့မရပါဘူး။

ဒါ့အပြင် Firefox OS Phone များမှာ VPN များအသုံးပြုလို့မရသေးပါဘူး။




မိုဘိုင်းဖုန်းများမှာ အင်တာနက် ကွန်နက်ရှင်နှေးကွေးနေလို့ပဲဖြစ်ဖြစ်၊ နိုင်ငံကန့်သတ်ချက်များကို ကျော်လွှားနိုင်ဖို့ပဲဖြစ်ဖြစ် အပေါ်က နည်းများကိုအသုံးပြုပြီး DNS Server များ ပြောင်းလဲနိုင်ပါတယ်။

# APP USER GUIDE

■ သူရ

## လက်ရေးစာများကို Digital Text အဖြစ်ပြောင်းလဲပေးမယ့် MyScript Stylus

Android Device များမှာ ကီးဘုတ် App များ Built-In ပါရှိကြပေမယ့် Third-Party Keyboard App များက ပိုမိုထူးခြားတဲ့ စွမ်းဆောင်ရည်များ ပါရှိကြပါတယ်။ အဲဒီထဲက တစ်ခုက MyScript Stylus ဖြစ်ပါတယ်။ MyScript Stylus က Android Device မှာ လက်ဖြင့်စာများရေးသားနိုင်မှာဖြစ်ပြီး ရေးထားတဲ့ စာသားများကို Digital Text အဖြစ် ပြောင်းလဲပေးမှာ ဖြစ်ပါတယ်။

MyScript Stylus ကို ဖွင့်ပြီးရင် အဆင့် (၁)၊ (၂)၊ (၃) ကို မြင်တွေ့ရမှာပါ။ အဆင့်(၁) ကို နှိပ်ပြီး English ဘာသာစကားကို ရွေးချယ်ပေးရမှာပါ။ ပြီးရင် Back ခလုတ်နှိပ်ပြီး အဆင့်(၂) မှာ App ကို Activate လုပ်ပေးရပါမယ်။ အဆင့် (၃) မှာ ကီးဘုတ်ကို Input Method အဖြစ် ရွေးချယ်ပေးပါ။




အဆင့်သုံးဆင့်ပြီးရင် MyScript Stylus ကို Messaging, Email, Social Media, Text Editors များအပါအဝင် App အားလုံးမှာသုံးနိုင်ပါပြီ။ Google Hangout မှာ ကီးဘုတ်ကို အသုံးပြုမယ်ဆိုပါစို့။ စာရိုက်မယ့် Box ကို တစ်ချက်နှိပ်လိုက်ရင် ကီးဘုတ်ကို ပြပေးပါလိမ့်မယ်။ ကီးဘုတ်ရဲ့ Interface က အခြားကီးဘုတ်များနဲ့ မတူကွဲပြားနေတာကိုတွေ့ရမှာပါ။ကီးဘုတ်မှာခလုတ်များမပါရှိဘဲလက်နဲ့ စာများရေးသားရမယ့် အဖြူရောင် Canvas ကို တွေ့နိုင်ပါတယ်။

အဖြူရောင် Canvas မှာ စာရေးကြည့်ရင် စကားလုံးများကို အကြံပြုပြသပေးမှာ ဖြစ်ပါတယ်။ App မှာ Grammar Checkerပါရှိပြီး စကားလုံးအမှားများကို စကားလုံးအမှန်များဖြင့် အကြံပြုပြသပေးမှာပါ။ အကြံပြုပြသပေးထားတဲ့ စကားလုံးများထဲမှ နှစ်သက်ရာကိုတစ်ချက်နှိပ်ပြီး ရွေးချယ်ပေးပါ။ ရွေးချယ်ပြီးရင် MyScript Stylus က Space ခြားပေးမှာပါ။ အောက်ခြေမှာရှိတဲ့ Spacebar ကို သုံးပြီး ကိုယ်တိုင် Space ခြားနိုင်ပါတယ်။ Spacebar ဘေးမှာ Backspace Key ကို တွေ့နိုင်ပြီး ရေးထားတဲ့စာများကို ပြန်ဖျက်နိုင်ပါတယ်။ အောက်ခြေမှာ Slider ပါရှိပြီး ရေးသားထားတဲ့စာများကို Scroll လုပ်ပြီး ကြည့်နိုင်ပါတယ်။ MyScript Stylus က လက်နဲ့ ရေးထားတဲ့ စာများကို စက္ကန့်ပိုင်းအတွင်းမှာ Digital Text အဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။




Settings ထဲမှာ စာသားအရွယ်အစား၊ အရောင်စတာတွေကို ပြောင်းလဲနိုင်သလို ဘာသာစကားများကိုလည်း Add or Remove လုပ်နိုင်ပါတယ်။




MyScript Stylus က အခုလောလောဆယ်မှာ English, Chinese, French, Dutch, Danish အပါအဝင် ဘာသာစကား (၅၄) မျိုးရဲ့ လက်ရေးစာသားများကိုသိရှိပြီး Digital Text အဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။ App ကို Android 3.0 နဲ့ သူ့အထက်မှာ သုံးနိုင်ပါတယ်။

Download Link >>
http://goo.gl/9cCpDzv

## WiFi အဖွင့်၊ အပိတ် အလိုအလျောက် လုပ်ပေးမယ့် Wireless Manager

Android Device များမှာမလိုအပ်ဘဲ WiFi ဖွင့်ထားခြင်းဟာ ဘက်ထရီကုန်စေပါတယ်။ WiFi အဖွင့်၊ အပိတ်ကိုကိုယ်တိုင် လုပ်စရာမလိုဘဲ အလိုအလျောက်လုပ်ပေးနိုင်ရင် အဆင်ပြေစေမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် WiFi မမိတဲ့နေရာမှာ WiFi ကို အလိုအလျောက် ပိတ်ပေးပြီး WiFi မိတဲ့ နေရာရောက်ရင်အလိုအလျောက် ပြန်ဖွင့်ပေးနိုင်တာကို ဆိုလိုပါတယ်။ အဲဒီလိုလုပ်ပေးနိုင်တဲ့ App က WiFi Manager ဖြစ်ပါတယ်။

WiFi Manager ကို ဖွင့်ရင် အလယ်ဗဟိုမှာ ကြီးမားတဲ့ခလုတ်ကိုတွေ့ရမှာဖြစ်ပါတယ်။ WiFi Network တစ်ခုကို ချိတ်ဆက်မိနေရင် အစိမ်းရောင်ပြသပေးမှာဖြစ်ပြီး WiFi မမိတဲ့နေရာမှာဆိုရင် WiFi ကို ပိတ်ထားပေးပြီး အနီရောင်ပြသမှာဖြစ်ပါတယ်။

WiFi Manager က WiFi အဖွင့်၊ အပိတ်ကို အလိုအလျောက်လုပ်ပေးမှာ ဖြစ် ပေမယ့် အလယ်မှ ခလုတ်ကိုနှိပ်ပြီး ကိုယ်တိုင် WiFi ကို အဖွင့်၊ အပိတ်လုပ်နိုင်ပါသေးတယ်။ WiFi Scheduler ကို မသုံးချင်ရင်လည်း ညာဘက်အပေါ်ထောင့်မှ ခလုတ်ကို နှိပ်ပြီး On/Off လုပ်နိုင်ပါတယ်။

ဘယ်ဘက်အပေါ်ထောင့်မှ Menu ကိုနှိပ်ပြီး Settings ထဲ သွားနိုင်ပါတယ်။ Timers ကဏ္ဍမှ Delay before first check ဆိုတာက WiFi Signal ပြတ်တောက်သွားချိန်မှာ WiFi ကို မပိတ်သေးဘဲ စောင့်ဆိုင်းနေတဲ့ အချိန်ဖြစ်ပါတယ်။ အချိန်အကြာကြီး သတ်မှတ်ထားရင်တော့ ဘက်ထရီကုန်စေမှာပါ။

Deactivation Time က WiFi ပိတ်ထားတဲ့အချိန်မှာ WiFi Signal ပြန်မိပြီလားဆိုတာကိုစစ်ဆေးဖို့ စောင့်ဆိုင်းရတဲ့ အချိန်ဖြစ်ပါတယ်။ မကြာခဏစစ်ဆေးစေချင်ရင် အချိန်ကိုလျှော့ပေးရမှာပါ။ မကြာခဏ စစ်ဆေးတဲ့အတွက် ဘက်ထရီကုန်စေတာကို သတိပြုပါ။ ဘက်ထရီမကုန်စေချင်ရင် အချိန်ကိုတိုးမြှင့်ပေးရမှာပါ။

App က WiFi ချိတ်ဆက်မိတဲ့အခါနဲ့ WiFi ပြတ်တောက်သွားတဲ့အခါမှာ Notification ဖြင့် အသိပေးနိုင်ပါတယ်။ WiFi Manager ကို Android 3.0 နဲ့ သူ့အထက်မှာသုံးနိုင်ပြီး အောက်က Link ကနေ ရယူနိုင်ပါတယ်။

Download Link >> http://goo.gl/QACJ9v






# TABLET CORNER

## WAINFORD X8 PLUS



**PRICE**
**98,000 Ks**
**Contact**
**WINFORD**
**01- 223804**

CDMA 800 ဖုန်းလိုင်းနဲ့ ချိတ်ဆက်နိုင်မယ့် tablet ပါ။ ထောင့်ဖြတ် 7" (1024 x 600) resolution display တပ်ဆင်ထားပြီး နိုးရှင်းတဲ့ အသွင်အပြင်ရှိပါတယ်။ အဖြူနဲ့ အညိုရောင်တွဲနှစ်မျိုးနဲ့လာပါတယ်။ Qualcomm Dual Core 1.2 GHz Processor, 512MB RAM တပ်ဆင်ထားပြီး Android 4.1 Jelly Bean နဲ့ မောင်းနှင် ပေးထားတယ်။ built-in storage 4GB ထည့်ပေးထားပြီး microSD slot ကနေ 32GB အထိ တိုးချဲ့သုံးနိုင်ပါတယ်။ ကျောဖက် 2MP နဲ့ ရှေ့ဖက် 0.3MP ကင်မရာထည့်ပေးထားတယ်။ စတီရီယို အသံထုတ်ပေးနိုင်ဖို့ စပီကာနှစ်လုံးတပ်ပေးထားတယ်။ Bluetooth, WiFi, FM တွေပါပြီး Myanmar Font, Myanmar Keyboard ထည့်ပေးထားတာကြောင့် မြန်မာစာလက်ကွက်တွေရိုက်ရတာ အဆင်ပြေမယ်။ 3000mAh ဘက်ထရီတပ်ပေးထားပါတယ်။

## WAINFORD A82

GSM, WCDMA ဖုန်းလိုင်းတွေနဲ့ ချိတ်ဆက်နိုင်မယ့် Dual Sim ပါတဲ့ Tablet ပါ။ ထောင့်ဖြတ် 7.85" (1024x 768) resolution, IPS display အမျိုးအစားဖြစ်ပြီး bezel အား ထောင့်နှစ်ဖက် ကျဉ်းထားတာကြောင့် အမှတ်တမဲ့ကြည့်လိုက်ရင် Apple iPad mini နဲ့ ထောင့်ခပ်ဆင်ဆင်။ MIK Dual Core Porcessor (1.3GHz) 512MB တပ်ဆင်ထားပြီး Android 4.2 Jelly Bean နဲ့ မောင်းနှင် ထားပါတယ်။ built-in storage 8GB ထည့်ပေးထားပြီး microSD slot ကနေလည်း 32GB အထိတိုးချဲ့သုံးနိုင်ပါတယ်။ ကျောဖက် 2MP နဲ့ ရှေ့ဖက် 0.3MP ကင်မရာတွေပါတယ်။ စတီရီယိုသံထုတ်ပေးဖို့ စပီကာနှစ်လုံးတပ်ပေးထားတယ်။ Bluetooth, FM, WiFi, Myanmar Font, Myanmar Keyboard တွေပါတယ်။ 4100 mAh ဘက်ထရီတပ်ပေးထားပါတယ်။



**PRICE**
**15000 Ks,**
**Contact**
**WINFORD**
**01- 223804**

## WAINFORD A79



**PRICE**
**125,000 Ks**
**Contact**
**WINFORD**
**01- 223804**

ထောင့်ဖြတ် (၇)လက်မ resolution 800 x 1232 multi Touch screen နဲ့ လာတဲ့ tablet ပါ။ ဘေးဖက် bezel နှစ်ဖက်ကို ကျဉ်းထား တာကြောင့် Apple iPad mini နဲ့ ခပ်ဆင်ဆင်တူလာပါတယ်။ Qualcom quad core processor (1.2GHz), 1GB RAM, တပ်ဆင်ပေးထား ပြီး Android 4.1.2 Jelly Bean နဲ့ မောင်းနှင်ထား ပါတယ်။ storage 4GB ထည့်ပေးထားပြီး microSD slot ကနေ 32 GB တိုးချဲ့သုံးနိုင်ပါတယ်။ ကင်မရာကတော့ အံ့သြလောက်စရာပါ။ ကျောဖက်မှာ 8MP နဲ့ ရှေ့ဖက်မှာ 1MP ကင်မရာတွေထည့်ပေးထားတာကြောင့် အင်မတန်တန်ဖိုးကြီးတဲ့ tablet တွေထက်တောင်သာနေသလို ပါပဲ။ စတီရီယို အသံထုတ်ပေးနိုင်ဖို့ စပီကာ (၂)လုံးတပ်ပေးထားတယ်။ FM ရေဒီယိုဖမ်းလို့ရတယ်။ Communication လုပ်ဖို့ Bluetooth, WiFi ပါတယ်။ Myanmar Font, Myanmar Keyboard တွေပါတယ်။ 3000 mAh ဘက်ထရီတပ်ဆင်ပေးထားတယ်။ GSM Sim ပါတာကြောင့် GSM ဖုန်းလိုင်းနဲ့ ချိတ်သုံးနိုင်ပါတယ်။

## WAINFOKD S711

GSM,WCDMA ဖုန်းလိုင်းတွေနဲ့ချိတ်ဆက်နိုင်မယ့် Dual SIM ပါတဲ့ tablet ပါ။ ထောင့်ဖြတ် 7" (1024 x 600) resolution display နဲ့လာပါတယ်။ ဘေးဘောင် bezel နှစ်ဖက်ကျဉ်းထားလို့ အမှတ် တမဲ့ကြည့်လိုက်ရင် Apple iPad mini နဲ့ ခပ်ဆင်ဆင်ပါ။ အဖြူ၊အဝါ၊ ပန်းနု၊ အပြာ၊ လိမ္မော်ရောင်များနဲ့လာပါတယ်။ MTK Dual core 1.2 GHz Processor, 512 MB RAM တပ်ဆင်ပေးထားပြီး Android 4.2 Jelly Bean နဲ့မောင်းနှင်ထားပါတယ်။ built-in storage 4 GB ထည့်ပေးထားပြီး microSD slot ကနေလည်း 32GB အထိတိုးချဲ့သုံးနိုင်ပါတယ်။ ကျောဖက် 2MP နဲ့ရှေ့ဖက် 0.3 MP ကင်မရာတွေထည့်ပေးထားတယ်။ စတီရီယိုသံထုတ်ပေးဖို့ စပီကာနှစ်လုံးထည့်ပေးထားတယ်။ Bluetooth, FM, WiFi ပါတယ်။ Myanmar font, Myanmar keyboard ပါလို့ မြန်မာစာအသုံးပြုတာအဆင်ပြေတယ်။ 3300 mAh ဘက်ထရီတပ်ပေးထားတယ်။



**PRICE**
**89,000 Ks**
**Contact**
**WINFORD**
**01- 223804**



### BLUEFIRE V76

| | | |
|---|---|---|
| Display | - | 7" 1024 x 600 |
| CPU | - | Dual Core 1.2 GHz |
| RAM | - | 512 MB, 4GB |
| Android | - | 4.0 |

Card Reader,USB, Bluetooth,
WiFi,Dual Camera,CDMA 800 (Mobile/3G)

Price - 118,000 Ks
Contact - 01-382868



### VIDO N70

| | | |
|---|---|---|
| Display | - | 7" IPS 1024 x 600 |
| CPU | - | Dual Core 1.2 GHz |
| RAM | - | 512 MB, 4GB |
| Android | - | 4.2.2 |

Card Reader,USB, Bluetooth,HDMI,
WiFi,Dual Camera,GSM SIM CARD(Mibile/3G)

Price - 85,000 Ks
Contact - 01-382868



### Colorfly E708

| | | |
|---|---|---|
| Display | - | 7" IPS 1024 x 600 |
| CPU | - | Quad Core 1 GHz |
| RAM | - | 1GB, 8GB |
| Android | - | 4.2.2 |

Card Reader,USB, HDMI,
WiFi,Web Camera,GSM SIM CARD(Mibile/3G)

Price - 95,000 Ks
Contact - 01-382868



### COLORFLY I 106 Q1

| | | |
|---|---|---|
| Display | - | 10.1" IPS 1280 x 800 |
| CPU | - | Intel Z3740D 1.33 GHz |
| RAM | - | 2GB, 32GB |

Windows 8

Card Reader,USB, Bluetooth, HDMI,
WiFi,Dual Camera

Price - 270,000 Ks
Contact - 01-382868

# TOP MOBILE GAMES

## RE-VOLT 2




REQUIREMENTS:
ANDROIID
2.3 OR HIGHER
SIZE: 48.1 MB

ဒီဂိမ်းလေးကတော့ underground ဆန်ဆန်ဖန်တီးထားတာမဟုတ်ဘဲ တကယ့်ပြိုင်ပွဲဆန်ဆန်ကစားရမယ့် Racing ဂိမ်းလေးဖြစ်ပါတယ်။ ကားရဲ့အစိတ်အပိုင်းတစ်ခုစီအထိ စိတ်ကြိုက်တပ်ဆင်ပြီး မိမိရဲ့ကားကို စိတ်ကူးထဲရှိတဲ့အတိုင်း ဖန်တီးခွင့်ပေးထားပါတယ်။ Challenge Mode နဲ့ Grand Prix Mode (၂) ခုပါဝင်ပြီး Challenge Mode က မိမိတစ်ဦးတည်း သတ်မှတ်ချက်တစ်ခုကို ပြီးမြောက်အောင်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ Grand Prix Mode ကတော့ ပြိုင်ဖက် (၅၀) ကျော်နဲ့ ယှဉ်ပြိုင်ကစားရမှာပါ။ graphic ကောင်းသလို မိမိကားကို ထိန်းကျောင်းမောင်းနှင်ရတာလဲ အရမ်းမခက်ခဲလို့ ပေါ့ပေါ့ပါးပါးနဲ့ စိတ်လွတ်ကိုယ်လွတ်ကစားလို့ရတာပေါ့။

## INTO THE DEAD 1.8.1

ကမ္ဘာပျက်ကိန်းရောက်နေပြီဆိုရမလားဘဲ။ ဒီဂိမ်းလေးထဲမှာ ပြောတာပါ။ သေခြင်းတရားက ကမ္ဘာအနှံ့မှာ လျှင်လျှင်မြန်မြန်ကို ဖျက်ဆီးနေပါတယ်။ အဓိကတရားခံတွေကတော့ Zombie တွေပေါ့။ သွေးပျက်စရာကောင်းလောက်အောင် ပုံဆိုးပန်းဆိုးကောင်တွေရဲ့ တိုက်ခိုက်မှုတွေ ရှောင်ရှားရင်း အသက်ရှင်ကျန်ရစ်နေတဲ့ လူသားတစ်ယောက် အဖြစ်ဝင်ရောက်ကစားရမှာပါ။ နည်းလမ်းမျိုးစုံနဲ့ အသက်ရှင်ဖို့ကြိုးစားရမှာဖြစ်ပြီး ရန်သူတွေနဲ့တွေ့ရင် ပြေးပဲပြေးနေရမှာလား။ ဒါမှမဟုတ်ပြန်တိုက်ခိုက်ရမှာလားဆိုတာကတော့ ရန်သူရဲ့အခြေအနေကိုကြည့်ပြီး လှုပ်ရှားရမှာပါ။ ရန်သူနယ်မြေထဲရောက်နေတဲ့ လူတစ်ယောက်အတွက် အသက်ရှင်ဖို့မလွယ်တာကြောင့် ဒီဂိမ်းလေးမှာလဲ နိုင်ဖို့ အသည်းအသန်ကြိုးစားရပါလိမ့်မယ်။




REQUIREMENTS:
ANDROID
2.3.3 OR HIGHER
SIZE; 30.1 MB

## SIX-GUNS 2.1.01




REQUIREMENTS:
ANDROI
2.3 OR HIGHER

Cowboy နဲ့ခပ်ဆင်ဆင်တူပြီး လူကောင်းတွေကိုကယ်တင်ကာ လူဆိုးတွေကို သူ့ရဲ့ခါးကြားထဲမှ သေနတ်နဲ့ အဆုံးသတ်လေ့ရှိတဲ့ Buck Crossshaw ဆိုတဲ့ခပ်မိုက်မိုက်လူတစ်ယောက်နေရာကနေ ကစားရမယ့်ဂိမ်းလေးဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို သေပြီဆိုကာ လိမ်ညာပြီး Arizona ဆီကိုထွက်ပြေးတိမ်းရှောင်ရင်း ရှေးကျပြီးထူးဆန်းတဲ့ဒေသတစ်ခုကိုရောက်သွားပါတယ်။ အဲဒီမှာတော့ ရန်သူတွေက ပိုများသွားတယ်။ ဝရမ်းပြေးတွေ၊ သွေးစုပ်တဲ့ vampire တွေနဲ့ သဘာဝမကျတဲ့ ထူးထူးဆန်းဆန်းသတ္တဝါတွေနဲ့ ထိပ်တိုက်တွေ့ပြီးရင်ဆိုင် တိုက်ခိုက်ရမှာဖြစ်ပါတယ်။ game ရဲ့ story ကအတော်လေးကောင်းတယ်။ ကစားတဲ့အခါ mission ပေါင်း (၄၀) အထိဆောင်ရွက်ရမှာဖြစ်ပြီး မြင်းစီးပြီး ရန်သူတွေကို တိုက်ခိုက်ဖောက်ထွက်ရတဲ့ mission ကတော့ ပျော်စရာအကောင်းဆုံးပါပဲ။ သာမန်ရန်သူတွေအပြင် ထူးထူးဆန်းဆန်း သတ္တဝါ တွေနဲ့ပါ တိုက်ခိုက်ရမှာဖြစ်လို့ ရသစုံတဲ့ဂိမ်းလေးပါ။

## BLITZ BRIGADE

သူငယ်ချင်းတွေနဲ့တပျော်တပါး mutiple ကစားနိုင်တဲ့ first-person shooter ဂိမ်းလေးဖြစ်ပါတယ်။ FPS ဂိမ်းဆိုပေမယ့်လည်း သေနတ်ချည်းနဲ့ပဲ ပစ်ရမှာမဟုတ်ပါဘူး။ နင်ဂျာလိုလို၊ တရုတ်ကွန်ဖူးလိုလို ဓားတစ်လက်နဲ့ ရန်သူကို တိုက်ခိုက်တဲ့ဇာတ်ကောင်တစ်လက်လည်းပါဝင်ပါသေးတယ်။ သူငယ်ချင်း (၁၂) ယောက်အထိချိတ်ဆက် ကစားနိုင်ပြီး Soldier, Gunner, Medic, Sniper Steath ဆိုတဲ့ class (၅) ခုထဲကမှ မိမိကြိုက်နှစ်သက်တဲ့ class ကိုရွေးချယ်ကစားနိုင်ပါတယ်။ လေယာဉ်ပျံတွေ၊ တင့်ကားတွေအသုံးပြုတိုက်ခိုက်တဲ့ mission တွေပါသလို လက်နက်ကြီးတွေနဲ့ ဝုန်းဒိုင်းကြဲရမယ့် mission တွေလည်းပါဝင်ပါတယ်။ graphic ကတော့အရမ်းကြီးအဆင့်မမြင့်ပေမယ့် တိုက်ခိုက်ရမယ့်ပုံစံစုံပြီး နေရာမျိုးစုံမှာ လက်နက်မျိုးစုံနဲ့ စိတ်ကြိုက်ဝုန်းဒိုင်းကြဲနိုင်တာကြောင့်သူငယ်ချင်းတွေနဲ့ စုပြီးကစားရင် အရမ်းကိုပျော်စရာကောင်းတဲ့ ဂိမ်းဖြစ်ပါတယ်။




REQUIREMENTS:
ANDROID
2.3 OR HIGHER
SIZE: 1GB

## ROBOCOP 3.0.2




REQUIREMENTS:
ANDROID
2.3 OR HIGHER
SIZE: 3.25MB

၂၀၂၈ ခုနှစ်ကိုနောက်ခံပြုထားတဲ့ သိပ္ပံစိတ်ကူးယဉ်ဂိမ်းလေးဖြစ်ပါတယ်။ နိုင်ငံမျိုးစုံစုဖွဲ့ထားတဲ့ OmniCorp ဆိုတဲ့အဖွဲ့က လူတစ်ပိုင်း၊ စက်ရုပ်တစ်ပိုင်းဖြစ်တဲ့ RoboCop ဖြစ်လာဖို့ program တစ်ခုဖန်တီးဖို့ ဥပဒေအရအတည်ပြုခွင့်ရခဲ့တယ်။ အဓိကရည်ရွယ်ချက်ကတော့ ပြည်သူတွေကို အကြမ်းဖက်သမားတွေရန်က ကာကွယ်ဖို့ပေါ့။ ဒီဂိမ်းလေးမှာတော့ OmniCorp ရဲ့လူတစ်ပိုင်း၊ စက်ရုပ်တစ်ပိုင်းဖြစ်တဲ့ RoboCop နေရာကဝင်ရောက်ကစားရမှာပါ။ Action ဂိမ်းလေးဖြစ် တာကြောင့်ရန်သူတွေကို လက်နက်တွေသုံးပြီးတိုက်ခိုက်ရမှာ ဖြစ်ပြီး ဓားစာခံတွေ၊ ဒုက္ခရောက်နေတဲ့သူတွေကို ကယ်တင်ရမှာပါ။ ခေတ်ကာလက ၂၀၂၈ ဖြစ်လို့အသုံးပြုရတဲ့ လက်နက်တွေကတော့ တကယ့်အဆန်းကြီးတွေပါ။ game play ကတော့ရင်းနှီးနေကျပုံစံဖြစ်တာကြောင့် သိပ်ပြီးတော့အထူးအဆန်းရသမျိုးတော့မရပါဘူး။

## AIRCRAFT COMBAT 1942

လေယာဉ်ပျံမောင်းပြီး ရန်သူတွေကိုခပ်ကြမ်းကြမ်းတိုက်ခိုက်ချင် သူတွေအကြိုက်တွေ့စေမယ့် ဂိမ်းလေးပါ။ လေယာဉ်ပျံကတော့ အခု ခေတ်လေယာဉ်တွေမောင်းရမှာမဟုတ်ဘဲ ဒုတိယကမ္ဘာစစ်ကတော်ပီဒိုတွေ၊ စက်သေနတ်တွေသာပါတဲ့ ခေတ်ဟောင်းလေယာဉ်ကြီးတွေ အသုံးပြုတိုက်ခိုက်ရမှာဖြစ်ပါတယ်။တိုက်ခိုက်တဲ့အခါမှာလည်း မဲမဲမြင်ရာပစ်လို့မရဘဲ ကိုယ့်ရဲ့ကျွမ်းကျင်မှုနဲ့ ဉာဏ်ကိုပေါင်းစပ်တိုက်ခိုက်ရ မှာဖြစ်ပါတယ်။ ရန်သူ့လေယာဉ်နောက်က လိုက်ပြီးတိုက်ခိုက်ရတဲ့ mission တွေဆိုအတော်လေးအားရစရာကောင်းပါတယ်။ ပစ်မှတ်ကိုထိဖို့မလွယ်သလို၊ ရန်သူကိုမျက်ခြေမပြတ်လိုက်နိုင်ဖို့ကလည်း မလွယ်ကူပါဘူး။ ရန်သူ့လေယာဉ်ကိုနောက်ကလိုက်ပြီး ပစ်ရတာပျော်စရာ ကောင်းသလို သေနတ် ကျည်ဆန်တွေ၊ ဒုံးကျည်တွေကြားကရန်သူ့ သင်္ဘောတွေကို ရေအောက်မြှုပ်ပစ်ရတာကတော့ အရမ်းအားရဖို့ ကောင်းပါတယ်။ ဒုတိယကမ္ဘာစစ်ထဲကလေယာဉ်သူရဲကောင်း တစ်ယောက်လိုခံစားရစေနိုင်တဲ့ ဂိမ်းလေးဖြစ်ပါတယ်။




REQUIREMENTS:
ANDROID
2.3 AND UP
SIZE: 48MB

# MOBILE HELPDESK




***Q. One Click Root tool တွေသုံးတဲ့အခါ တချို့ဖုန်းတွေ root ဖြစ်ပြီး တချို့ဖုန်းတွေ boot လည်သွားတာတွေ့ရပါတယ်။ ဘာကြောင့်ဖြစ်ရတာလဲ။ Root Tool ကြောင့်လား၊ device ကြောင့်လားသိချင်ပါတယ်။***

Ans: Auto root တွေဟာ Build no တစ်ခုပေါ်မှာ အခြေခံတယ်ဆိုရင် မိမိဖုန်းရဲ့ Build no နဲ့မကိုက်တဲ့အခါမျိုးမှာ အမှားကြီးမှားသွားနိုင်ပါတယ်။ တစ်ချို့ Samsung တွေမှာ storage memory လုံးသ lost ဖြစ်သွားတဲ့အထိဖြစ်တတ်သလို တချို့ဖုန်းတွေမှာ WiFi, bluetooth ပျောက်သွားတာမျိုးတွေအထိဖြစ်ကြတယ်။ အဲဒီတော့ Root လုပ်ချင်ရင် သက်ဆိုင်ရာ device တွေရဲ့ root file တွေကို online ပေါ်မှာ search လုပ်ပြီးလုပ်သင့်ပါတယ်။ ဥပမာအနေနဲ့ samsung ဆိုရင် CF root, Sony ဆိုရင် Boot loader unlock လုပ်ပြီး CWM ကို flash လုပ်ပြီးမှ SU ဆွဲတင်၊ HTC ဆိုလည်း ထိုနည်းလည်းကောင်းပဲ၊ Huawei ရဲ့များပြားလွန်းလှတဲ့ item တွေနဲ့ ရှုပ်ထွေးလွန်းလှတဲ့အတွက် သက်ဆိုင်ရာ model အလိုက် onlineမှာ ရှာကြည့်လိုက်ပါ။ support အရမ်းကောင်းပါတယ်။ မြန်မာ developer များအပြည့်အဝကူညီပေးထားတာတွေ့ရပါလိမ့်မယ်။



***Q. Galaxy S5 ကို root လုပ်လိုက်တာ Reboot ဆင်းပြီး ပြန်တက်လာတော့ touch တစ်ခြမ်းအလုပ်မလုပ်တော့ဘဲ ဖြစ်သွားတယ်။ အဲ ဒါဘာဖြစ်တာလဲသိချင်ပါတယ်။***

Ans: Kernel မှားသွားလို့ touch disable ဖြစ်သွားတာပါ။ Galaxy series မှာ home key ကအစ kernel ပေါ်မှာ အခြေခံတာဖြစ်တဲ့အတွက် kernel မှားသွားရင် home key ပါအလုပ်လုပ်မှာမဟုတ်တော့ပါဘူး။ Galaxy series တွေကို root လုပ်တာဟာ တစ်နည်းအားဖြင့် rooted kernel သွားချိန်လိုက်တဲ့သဘောပါ။ Exploit root တစ်ခုခုနဲ့သွားလုပ်မိတဲ့အခါမှာဖြစ်တတ်ပါတယ်။ kernel အမှန်ပြန်ရေးပေးဖို့အထူးလိုအပ်သလို disable ဖြစ်သွားတဲ့ touch ကိုလဲပြန်လဲပေးရမှာပဲ။ Kernel မမှန်မခြင်း touch ဘယ်နှစ်ခုလဲလဲအဆင်ပြေမှာမဟုတ်ပါဘူး။ Kernel လဲမှန် touch လည်းလဲပြီးရင်တော့ OK သွားပါပြီ။ samsung device တွေအတွက် chain fire ရဲ့ root file တွေဟာအသင့်တော်ဆုံးပါပဲဗျာ။



***Q. Samsung Galaxy S2 တစ်လုံး ကိုယ်ပြောတာလဲ ဟိုဘက်က မကြားရသလို၊ ဟိုဘက်ကပြောတာလဲ ကိုယ်မကြားရဘူး။ bluetooth, headphone ဘာပဲသုံးသုံးဒီလိုပဲ။ audio ပိုင်းကဖြစ်တယ်ဆိုရင်လည်း music, ringtone ပါမလာရမှာမဟုတ်ဘူးလား။ အခုဟာက earphone, mic အကုန်လဲပြီးပြီ ဒါလည်း ဒီအတိုင်းပဲ။ အရမ်းထူးဆန်းနေလို့ပါဗျာ။ ပြည့်ပြည့်စုံစုံလေးသိချင်ပါတယ်။***

Ans: modem အမှန်ပြန်ရေးပေးရပါလိမ့်မယ်။ modem ထဲမှာပါတဲ့ radio.img ဟာတစ်ဖက်နဲ့တစ်ဖက်အသံတွေကြားစေဖို့ အဓိကလုပ် ဆောင်ပေးတဲ့အရာပါ။ forum.xda မှာသူ့ရဲ့ modem အမှန်ကိုရှာပြီး ပြန်ရေးပေးကြည့်ပါ။ မရေးခင်မိမိ device ရဲ့ device ကို version 4.1.2 လေးရေးပြီးလုပ်ရင် ပိုကောင်းပါတယ်ဗျာ။



***Q. iPhone 4 ဒီဖက်ကပြောရင်ဟိုက်ဖက်က မကြားရဘူး။ ဟိုဖက်ကပြောရင်တော့ကြားရတယ်။ speaker ဖွင့်ပြောရင်တော့ ဟိုဖက်က လည်းကြားရတယ်။ ဒီအတိုင်းပြောရင်မကြားရဘူး။ ဘာလို့လဲသိချင်ပါတယ်။***

Ans: iPhone 4 မှာ speaker ဖွင့်ပြောလို့ရရင် mic ပဲလဲလိုက်ပါ။ speaker ပါဖွင့်ပြောလို့မရတော့ဘူးဆိုရင်တော့ audio ic ကဖြစ်တာပါ။ iPhone 4 တွေမှာ home key,USB DOC and mic တွေမှာ မကြာခဏဖြစ်တတ်တဲ့ပြဿနာတွေပါ။ mic သာလဲလိုက်ပါ အဆင်ပြေသွားပါလိမ့်မယ်။




***Q. Apple နဲ့ Android အားနည်းချက်၊ အားသာချက်လေး သိချင်ပါတယ်။ ပြည့်ပြည့်စုံစုံလေးဖြေကြားပေးပါ။***

Ans: အရမ်းရိုးရှင်းပါတယ်။ apple ဟာ brick ဖြစ်တတ်တဲ့ device မဟုတ်ဘူး။ ဆိုလိုတာက android ကိုအလွယ်တကူ softbrick ဖြစ်တတ်တဲ့ device မဟုတ်သလို သူ့အလိုလို power dead ဖြစ်တတ်တဲ့ device မဟုတ်ပါဘူး။ damage တစ်ခုခု ကြောင့်သာ brick ဖြစ်နိုင်တာပါ။ android မှာ firmware မှား ရေးမိတာ root မှားလုပ်မိတာတောင်ပြန်ပြီး ပြုပြင်ဖို့ခက်ခဲသွား လောက်တဲ့ထိဖြစ်သွားတာတွေရှိပါတယ်။ ဒီလောက်ဆို apple နဲ့ android ရဲ့ခြားနားပုံကို သိလိမ့်မယ်လို့ထင်ပါတယ်။ ရိုးရိုးလေးပဲပြော ထားတာပါ။



***Q. ဖုန်းပေါ်မှာတော့ Android App တွေရဲ့ apk ဖိုင်တွေကို သက်ဆိုင်ရာ icon ပုံလေးတွေနဲ့ file Manager ထဲမှာတွေ့မြင်ရပါတယ်။ ဒါပေမယ့် ကွန်ပျူတာပေါ်မှာတော့ apk တွေရဲ့ icon ပုံကို မှန်မှန်ကန်ကန်မတွေ့ရပါဘူး။ ဖုန်းပေါ်မှာလိုပဲ apk တွေကို icon ပုံလေးတွေနဲ့ ကွန်ပျူတာပေါ်မှာတွေ့နိုင်အောင် ဘယ်လိုလုပ်ရမလဲသိချင်ပါတယ်။***

Ans: Apk ဖိုင်တွေကို Windows ကွန်ပျူတာတွေက icon ပုံစံ thumbnail ပြမပေးနိုင်ပါဘူး။ ဒါကြောင့် unknown ဖိုင်ပုံစံနဲ့ဖြစ်စေ၊ ဒါမှမဟုတ်အခြားပုံစံတစ်ခုခုနဲ့ဖြစ်စေ ပြသပေးပါလိမ့်မယ်။ ဒီလိုမျိုး apk ဖိုင်တွေကို ကွန်ပျူတာပေါ်မှာ သက်ဆိုင်ရာအလိုက် thumbnail လေးတွေမြင်ချင်ရင်တော့ bit.ly/mzwlink ဆိုတဲ့ link ကနေ muzhiwan PC ဆော့ဖ်ဝဲလ်ကို download ချယူပြီး ကွန်ပျူတာမှာသွင်းလိုက်ပါ။ ဒါဆိုရင် ကွန်ပျူတာမှာရှိသမျှ apk ဖိုင်တွေကို သက်ဆိုင်ရာအလိုက် thumbnail ပုံစံတွေမြင်နိုင်ပြီဖြစ်ပါတယ်။

Mobile Helpdesk ကဏ္ဍအတွက် မေးခွန်းအမေး အဖြေ များအား
**Phone Paradise**
**Mobile Phone Training Center**
**(Ph: 09-43090691)**
မှ ကူညီပံ့ပိုးပေးထားပါသည်။



# ဖုန်းပြောခြင်းနှင့် ကားမောင်းခြင်းကို ရောယှက်ခြင်း

ခိုင်လင်း(စက်မှုတက္ကသိုလ်)

ကားစတီးရာရင်ခွေနောက်မှာရှိနေတုန်း ဖုန်းပြောတာဟာ လမ်းပေါ်ကသေဆုံးမှုများစွာအတွက် အပြစ်တင်ခံရလေ့ရှိပါတယ်။

ဒီအလေ့အကျင့်ဟာ လမ်းပေါ်ပြောင်ပြောင်တင်းတင်းအချိုးဖောက်ခံရဆုံးသော ဥပဒေဖြစ်ပုံရပါတယ်။ နေရာပေါင်းများစွာမှာတာမြစ်ထားပေမယ့် အမေရိကန်က ယာဉ်မောင်းသူ တစ်ဝက်ကျော်ဟာ အနည်းဆုံးအချိန် တစ်ချို့မှာ ကားမောင်းရင်းနဲ့ မိုဘိုင်းလ်းဖုန်းသုံးကြတယ်လို့ ဝန်ခံထားပါတယ်။ ဒါဆိုရင် သက်သေအထောက်အထားတွေက အန္တရာယ်နဲ့ပတ်သက်ပြီး ဘာတွေပြောပြနေသလဲ၊ ဆက်သွယ်ထားတဲ့ ကားမျိုးဆက်သစ်တွေက ကားပေါ်မှာဖုန်းသုံးစွဲတာကို ပိုပြီးဘေးကင်းအောင်လုပ်ပေးနိုင်မလား။

လက်ကိုင်ဖုန်းတွေပေါ်လာခဲ့ပြီးကတည်းက ဒီကိရိယာတွေကို ကားပေါ်မှာ သုံးချင်စိတ်ဆန္ဒတွေ ရှိနေတဲ့ပုံပါပဲ။ ပြီးတော့ စမတ်ဖုန်းနဲ့ တက်ဘလက် ကွန်ပျူတာတွေက ပိုမိုစွမ်းအားကြီးလာပြီး ပိုမိုဘက်စုံရလာတဲ့အခါ အဲဒီ ဆန္ဒတွေက ပိုပြီးတော့ပဲကောင်းလာတဲ့ပုံရတယ်။ ဒါဟာအတော်လေးကို ထူးခြားတဲ့အခြေအနေဖြစ်ပါတယ်။ ဆန်းသစ်တီထွင်မှုအများစုကို ပထမပိုင်းမှာ ထုတ်လုပ်သူတွေက ဖော်ထုတ်ပေးကြတယ်။ ပြီးမှ user တွေက အသုံးပြုနိုင်ကြတယ်။ ဒါပေမယ့် စမတ်ဖုန်းတွေကို ကားထဲမှာသုံးနိုင်ဖို့တွန်းအားပေးနေတဲ့သူတွေက user တွေသာဖြစ်ပြီး ထုတ်လုပ်သူတွေက နောက်ကလိုက်လာကြရပါတယ်။

အဲဒီထုတ်လုပ်သူတွေက ဒါကိုလုပ်ပေးခဲ့သင့်ပါရဲ့လား။ ခန့်မှန်းချက်တစ်ခုမှာ အမေရိကန်လမ်းပေါ်ယာဉ်တိုက်မှုတွေ ၆ ရာခိုင်နှုန်းဟာ ယာဉ်မောင်းသူတွေ သူတို့ရဲ့ မိုဘိုင်းလ်ဖုန်းတွေကြောင့် စိတ်အာရုံပျံ့လွင့်ပြီး ဖြစ်ရတာလို့ဆိုတယ်။ ဒါဟာနှစ်စဉ် အမေရိကန်လမ်းတွေအပေါ် ပြင်းထန်တဲ့ ထိခိုက်ဒဏ်ရာရမှု ၁၂,၀၀၀ နဲ့သေဆုံးမှု ၂,၆၀၀ နဲ့ညီမျှပါတယ်။ ဒါကိုဖြေရှင်းဖို့နည်းကတော့ ယာဉ်မောင်းသူအာရုံပျံ့လွင့်တဲ့အခါမှာတောင် ယာဉ်တိုက်မှုကိုကာကွယ်ပေးနိုင်မယ့် နည်းပညာကိုကားတွေမှာ တပ်ဆင်ပေးဖို့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ယခုအခါအချို့ကားတွေဟာ ယာဉ်မောင်းသူတွေအနေနဲ့ လမ်းပေါ် သိပ်ပြီးအာရုံစိုက်စရာမလိုတဲ့ နည်းပညာနဲ့အတူလာပါတယ်။ သူတို့ရဲ့ ဖုန်းတွေအပေါ် ပိုပြီး အာရုံစိုက်ဖို့ ပိုပြီး ဖြစ်လာနိုင်တဲ့ အတိုင်းပါပဲ။ ဥပမာအားဖြင့် ***Adaptive cruise control*** ဆိုတဲ့ နည်းပညာဟာ ရေဒါကိုသုံးပြီးရှေ့ကသွားနေတဲ့ ကားရဲ့အမြန်နှုန်းနဲ့ ကိုက်ညီအောင် ကိုယ့်ကားရဲ့အမြန်နှုန်းကို အလိုအလျောက်ချိန်ညှိပေးတယ်။ ***Automatic lane control*** ဆိုတဲ့စနစ်မှာ သက်ဆိုင်ရာလမ်းပေါ်ကြိုတင်မှတ်တမ်းတင်ပြီးသားရိုက်ချက်နဲ့ နှိုင်းယှဉ်တဲ့ ကင်မရာတွေက ပြန်လည်ပေးသွင်းတဲ့ အချက်အလက်ကို သုံးပြီး ထိန်းကျောင်းမောင်းနှင်မှုကို ဂရုစိုက်ပေးမယ်လို့ ကတိပြုထားတယ်။ ***Collision-avoidance systems*** ကတော့ အရေးပေါ်အခြေအနေကိုအာရုံခံသိရှိပြီး ပြင်းထန်တဲ့ မတော်တဆဖြစ်မှုက ရှောင်ရှားနိုင်အောင်လေဆာနဲ့ ကင်မရာတွေအပေါ် အမှီပြုရပါတယ်။

### *ပိုတိုးလာတဲ့ အန္တရာယ်*

သဘာဝကျကျပဲ ဒီကိရိယာတွေအပေါ် ဝေဖန်မှုတွေရှိလာတယ်။ " တကယ်တမ်းဆိုရင် လူတွေဟာ ယာဉ်မောင်းသူတစ်ယောက်အနေနဲ့ ထိုက်သင့်တဲ့ တာဝန်ခံမှုကိုယူပြီး လူမှုကျင့်ဝတ်ကိုလိုက်နာရင် ဒီပြဿနာတွေက ပထမဆုံးအနေနဲ့ ဖြစ်လာစရာအကြောင်းကို မရှိသင့်တဲ့အရာပါ။ ဒါပေမယ့် ထုတ်လုပ်သူတွေဟာ high-tech နည်းပညာတွေထုတ်လုပ်ဖို့ ရည်ရွယ်ရင်းများယွင်း ချွတ်ချော်နိုင်တဲ့ ဖြေရှင်းချက်တွေပေးနေသလိုပါပဲ" လို့ ယူကေနိုင်ငံ ဆပ်ဆက်တက္ကသိုလ်က ဂရေဟမ်ဟိုးလ်က ပြောပါတယ်။

ကားမောင်းရင်းမိုဘိုင်းလ်းဖုန်း ပြောတာဟာယာဉ်မောင်းတစ်ယောက်အနေနဲ့ ယာဉ်တိုက်မှုတစ်ခုမှာပါဝင်ဖို့ ဖြစ်နိုင်ခြေအန္တရာယ်တိုးမြင့်လာကြောင်း သက်သေအထောက်အထားတွေ ပေါများစွာတွေ့ရှိရပါတယ်။ အဲဒီဖုန်းတွေက Hand held ပဲဖြစ်ဖြစ်၊ hands-free ပဲဖြစ်ဖြစ်ပါ။ အချို့သောလေ့လာမှုတွေက အထက်ကတင်ပြခဲ့တဲ့ ဖုန်းအသုံးပြုပုံ ဘယ်အမျိုးအစားပဲ ဖြစ်ဖြစ် ယာဉ်တိုက်မှုဖြစ်နိုင်ခြေကို လေးဆတိုးစေတယ်လို့ဆိုတယ်။ ဒါပေမယ့်ဒီတွေ့ရှိချက်နဲ့ မကိုက်ညီ တဲ့ အခြားလေ့လာမှုတွေလည်းရှိပါသေးတယ်။ ယာဉ်မောင်းသူဟာ ကားအသွားအလာပါးတဲ့ ညဥ့်နက်ပိုင်းမှာ ဖုန်းခေါ်ဆိုမှုပြုလုပ်ရင် မိုဘိုင်းလ် ဖုန်းသုံးစွဲမှုက ယာဉ်တိုက်မှုဖြစ်နိုင်ခြေမြင့်တက်စေမှုကိုမဖြစ်စေဘူး လို့ လွန်ခဲ့တဲ့ တစ်နှစ်က လူမှုဆိုင်ရာ သိပ္ပံပညာရှင်တွေက အပြီးသပ်ကောက်ချက်ချခဲ့ပါတယ်။ ဒီထက်တောင်ပိုကဲပြီး ဆိုထားတဲ့ အခြားလေ့လာမှုတစ်ခုမှာတော့ ယာဉ်မောင်းသူကငြီးငွေ့ပင်ပန်းနေတဲ့ အခါဖုန်းနဲ့ စကားပြောဆိုမှုဟာ ယာဉ်တိုက်မှုဖြစ်နိုင်ခြေကိုလျော့ပါးစေတယ်လို့ ဆိုထားပါသေးတယ်။

" ကားမောင်းရတာဟာငြီးငွေ့စရာကောင်းနိုင်ပါတယ်။ ညဥ့်နက်ပိုင်းမှာ ကားမောင်းနေရင်း ဘေးပတ်ဝန်းကျင်မှာ ယာဉ်သွားယာဉ်လာနည်းပါးတဲ့အခါ ငြီးငွေ့ပြီး အာရုံမစိုက်နိုင်တော့ဘူး။ ဒီလိုသိမှုဆိုင်ရာ လုပ်ငန်းစဉ်လျော့ပါးလာတဲ့အခါမှာ လူတွေကို ဒုတိယမြောက်အလုပ်တာဝန်ပေးထားရင်သူတို့ရဲ့ယာဉ်မောင်းစွမ်းရည်တိုးတက်လာနိုင်တယ်။ ဒါပေမယ့် ဒုတိယမြောက်အလုပ်တာဝန်က အဓိပ္ပါယ်ရှိဖို့လိုပါတယ်" လို ယူကေနိုင်ငံဝေါဝစ်တက္ကသိုလ်က စတီးဝ်ဘာရယ်က ပြောပါတယ်။

ယာဉ်မောင်းသူတွေက ဖုန်းပြောတာ ဒါမှမဟုတ်ဖုန်းခေါ်ဆိုမှုလုပ်တာကိုရှောင်ကြည်သင့်တဲ့ အချိန်တွေရှိတယ်ဆိုတာကတော့ သံသယ ဖြစ်စရာမရှိအောင်မှန်ကန်ပါတယ်။ ရှုပ်ထွေးတဲ့လမ်းဆုံတွေ ဒါမှမဟုတ်ကျောင်းဆင်းချိန် ကျောင်းရှိတဲ့နားလေးမှာ ယာဉ်မောင်းတဲ့အခါ အပြည့်အဝအာရုံစိုက်ဖို့ လိုပါတယ်။ ဒါပေမယ့် အခြားရှုပ်ထွေးမှုမရှိတဲ့ အချိန်တွေမှာ ယာဉ်မောင်းတဲ့အခါ အာရုံစိုက်မှု ၅၀ ကနေ ၇၀ ရာခိုင်နှုန်းပဲလိုတယ်လို့ လေ့လာမှုတွေကပြသနေတယ်။ ဒီအချိန်တွေမှာ လူတွေဟာ အပိုအာရုံစိုက်နိုင်မှု စွမ်းရည်ကိုအခြားနေရာမှာ သုံးလို့ရနိုင်လောက်ပါတယ်။

ဘာရယ်ရဲ့သုတေသနတွေက အလားတူအဆုံးသပ်ကောက်ချက်သို့ပဲရောက်ရှိခဲ့တယ်။ သူဟာမကြာသေးခင်က FootLITE လို့ခေါ်တဲ့ စမတ်ဖုန်း app တစ်ခုကို ပူးတွဲဒီဇိုင်းထုတ်ခဲ့ပါတယ်။ ဒီ app က လုပ်နိုင်တာတွေထဲမှာ အခြားအရာတွေအပြင် ယာဉ်ကြောကသွေဖီသွားတာ ဒါမှမဟုတ်ရှေ့က ကားနဲ့ သိပ်နီးလာတဲ့အခါ အမြင်ပိုင်းအရသတိပေးမှုကိုပေးတယ်။ ဒက်ရှ်ဘုတ်အပေါ်တင်ထားတဲ့ စမတ်ဖုန်းပေါ် run တဲ့ app နဲ့ စမ်းသပ်ရာမှာ ယာဉ်မောင်းသူဟာ app ကိုစောင်းငဲ့ကြည့်ဖို့ သူတို့အချိန်ရဲ့ ၄ ရာခိုင်နှုန်းဝန်းကျင်ပဲ သုံးတာကို ဘာရယ်ကတွေ့ရတယ်။ ဒါပေမယ့် app ကိုမသုံးတဲ့ ယာဉ်မောင်းသူတွေဟာလည်း လမ်းဒါမှမဟုတ်မှန်ကို စောင်းငဲ့ကြည့်ဖို့ တူညီတဲ့အချိန်ပမာဏကိုပဲ သုံးတယ်လို့ ဆိုပါတယ်။ မသိစိတ်အဆင့်မှာရှိတယ်ဆိုရင်တောင် ယာဉ်မောင်းသူတွေဟာ in-car technology နဲ့ တုံ့ပြန်ဆက်သွယ်ရာမှာ အဲဒီလိုလုပ်ဖို့ ဘေးကင်းတဲ့အချိန်မှာပဲ လုပ်ဖြစ်ဖို့များပါတယ်။

### *ယာဉ်တိုက်စေနိုင်တဲ့ဖုန်းခေါ်မှုများ*

ပြဿနာက ယာဉ်မောင်းသူတွေဟာ ဖုန်းကိုအသုံးပြုရာမှာ အဲဒီစံနှုန်းအတိုင်း လိုက်နာချင်မှလိုက်နာတာပါပဲ။ မီချီဂန်တက္ကသိုလ်ကပေါဂရင်းက National Agency of Japan ကထုတ်ပြန်တဲ့ ယာဉ်တိုက်မှုဆိုင်ရာစာရင်းဇယားကို ကြည့်တဲ့အခါ ဖုန်းတဲ့ဆက်နွယ်ရာယာဉ်တိုက်မှု ၄၅ ရာခိုင်နှုန်းဟာ ယာဉ်မောင်းသူက ဖုန်းကိုလက်ခံဖြေကြားတဲ့အခါ ဖြစ်တယ်လို့ ပြသနေတယ်။ လူတွေဟာဖုန်းမြည်သံကိုဖြေကြားဖို့ ကြိုးပမ်းရာမှာ " ကားမောင်းရင်းလမ်းပေါ်အာရုံစိုက်မှု" တောင်ပါဝင်တဲ့ ဘယ်လိုအလုပ်တာဝန်မျိုးကိုမဆို စွန့်ခွာတတ်တဲ့ သဘောရှိတယ်လို့ဂရင်းက တွေးထင်ထားပါတယ်။ တကယ်လို့ ဒီအာရုံစိုက်မှုလစ်ဟာချက်ဟာ ယာဉ်မောင်းသူရဲ့ အာရုံစိုက်မှုအပြည့်အဝတောင်းဆိုတဲ့ အရေးကြီးတဲ့အချိန်အခါမှာ ဖြစ်ရင်ယာဉ်တိုက်ဖို့အန္တရာယ်နဲ့ တိုးမိမှာပဲဖြစ်ပါတယ်။

ကားထဲမှာရှိတဲ့ ခရီးသည်နဲ့စကားပြောခြင်းဟာ ဖုန်းပေါ်ကတစ်ယောက်ယောက်နဲ့ စကားပြောခြင်းထက် အန္တရာယ်နည်းရတာဟာ ဒီအကြောင်းကြောင့်ပဲဖြစ်နိုင်ပါတယ်။ ခရီးသည်ဟာ လမ်းရဲ့အခြေအနေတွေကို ပိုပြီးသတိပြုမိပြီး အဲဒီအခြေအနေတွေက တောင်းဆိုမှုကြီးဖြစ်လာတဲ့အခါ စကားပြောခြင်းကို ရပ်တန့်နိုင်ပါတယ်။

ဒါကိုမှုတည်ပြီး စဉ်းစားမယ်ဆိုရင် အရာအားလုံးအထက်မှာ ယာဉ်မောင်းနှင်မှု လုံခြုံရေးကိုမထိခိုက်စေဘဲ လူတွေကိုအဆက်အသွယ်မပြတ်စေဖို့ ကူညီပေးမယ့် in-car ကိရိယာတစ်ခုက workload manager တစ်ခုဖြစ်ပါတယ်။ ဒီလိုကိရိယာမျိုးက အတုယောင်ခရီးသည်တစ်ယောက်လို ပြုမူမယ်။ အာရုံခံကိရိယာတွေကနေပြီး သတင်းအချက်အလက်တွေအားလုံး ရအောင်စုဆောင်းပေးမယ်။ ကားရဲ့အမြန်နှုန်း၊ လမ်းကွန်ရက်အပေါ်သူ့ရဲ့ တည်နေရာနဲ့ တစ်နေ့တာရဲ့ အချိန်တွေလိုမျိုးဖြစ်ပါတယ်။ ပြီးရင်ဖုန်းခေါ်ဆိုမှုအပါအဝင် ယာဉ်မောင်းသူကို သတင်းအချက်တွေနဲ့ အာရုံပျံ့လွင့်စေခြင်းရှိမရှိ ဆုံးဖြတ်ပြီး အလိုက်သင့်လုပ်ဆောင်မယ်။

ကားအချို့ဟာ အခြေခံ workload manager တွေပါရှိပြီးသားဖြစ်ပါတယ်။ဥပမာ Volvo မှာ ယာဉ်မောင်းသူက ကွေ့နေတဲ့အချိန် ဒါမှမဟုတ်လမ်းကြောင်းပြောင်းတဲ့အချိန် ဖုန်းခေါ်ဆိုမှုကိုတားမြစ်ပေးတဲ့ နည်းပညာမိတ်ဆက်ပေးထားပြီးပြီးဖြစ်ပါတယ်။ ကားတွေက Internet of Things (IoT) တွေနဲ့ ဆက်သွယ်ပြီး တစ်စီးနဲ့တစ်စီးသာမက သူတို့ဝန်းကျင်က ကမ္ဘာလောကနဲ့ပါ အဆက်အသွယ်ရလာတဲ့အခါ workloadmanager တွေဟာ ယာဉ်မောင်းသူကိုအာရုံပြောင်းအောင်မလုပ်သင့်တဲ့ အရေးကြီးတဲ့အချိန်ရောက်နေသလားဆိုတာ သတ်မှတ်ဖော်ထုတ်ပေးဖို့ ပိုတောင်ပိုလာနိုင်ပါတယ်။

Vehicle-to vehicle communication ကရှေ့မှာရှိတဲ့ လမ်းဟာ ယာဉ်တွေပြည့်ကျပ်နေသလားဆိုတာပြောပြနိုင်ပြီး vehicle-to-road communication ဟာ ယာဉ်မောင်းသူချဉ်းကပ်လာနေတဲ့မီးပွိုင့်ကပြောင်းလဲတော့မလားဆိုတာ သတိပေးတယ်။ ဒီအခြေအနေနှစ်ခုစလုံးက workload manager အနေနဲ့ ဖုန်းခေါ်ဆိုမှုတွေ တားမြစ်ဖို့ နှိုးဆွပေးနိုင်ပါတယ်။ သတင်းအချက်အလက်ကို ပတ်ဝန်းကျင်အခြေအနေ သတိပြုမိမှုကို တိုးတက်ကောင်းမွန်လာအောင် သုံးစွဲရင်ဒါဟာ ပိုကောင်းတဲ့အရာပဲဖြစ်ပါတယ်။

# MOBILE NEWS

## Samsung Galaxy S5 ရွှေရောင်ကို အမေရိကန်တွင် ရောင်းမည်




Samsung က Galaxy S5 ရွှေရောင်ကို အမေရိကန်ရှိ နာမည်ကြီး Carrier အားလုံးမှ မေလ(၃၀) ရက်နေ့တွင် ရောင်းချပေး မည်ဟု ကြေညာပါသည်။ AT&T, Sprint, T-Mobile, Verizon Wireless, US Cellular များမှ ဝယ်ယူနိုင်မည်ဖြစ်ပြီး ရွှေရောင်အမျိုးအစား၏ဈေးနှုန်းမှာ အခြားအရောင်များနှင့် တူညီပါသည်။ အမေရိကန် Carrier များမှ ဝယ်ယူလျှင် ကနဦးအနေဖြင့် (၉၉) ဒေါ်လာသာ ပေးချေရမည်ဖြစ်ပြီး နှစ်နှစ်စာချုပ်ဖြင့် ဝယ်ယူနိုင်ပါသည်။ Handset သီးသန့်ဝယ်ယူလျှင် ဒေါ်လာ(၆၉၉) ဝန်းကျင် ကျသင့်မည်ဖြစ်သည်။

Galaxy S5 တွင် ၅. ၁ လက်မ Full HD Super AMOLED 1080p Display တပ်ဆင်ထားပါသည်။ Qualcomm Snapdragon Quad-Core 2.5GHz Processor, 2GB RAM, 16 or 32 GB Storage တပ်ဆင်ထားပါသည်။ အနောက်ဘက်တွင် 16 Megapixel Camera နှင့် မျက်နှာချင်းဆိုင်တွင် 2.1 Megapixel Camera တပ်ဆင်ထားပါသည်။ ကင်မရာက Ultra HD Video များ ကို ရိုက်ကူးပေးနိုင်ပါသည်။ 2800mAh Battery တပ်ဆင်ထား ပါသည်။

Samsung က ကင်မရာကို အလွန်ကောင်းမွန်အောင် ပြုလုပ်ပေးထားပါသည်။ (၀. ၃) စက္ကန့်အတွင်းတွင် Auto Focus ပြုလုပ်နိုင်ပါသည်။ Real-Time HDR စွမ်းဆောင်ချက်ပါရှိလာပြီး ဓာတ်ပုံ၊ ဗီဒီယိုများကို ရိုက်ကူးနေစဉ်မှာ HDR Effect ကို Live Preview ပြပေးနိုင်ပါသည်။ Shot and More က ဓာတ်ပုံအများအပြားကို တစ်ပြိုင်နက်ရိုက်ကူးနိုင်ပြီး အကောင်းဆုံးပုံတစ်ပုံကို ရွေးချယ်နိုင်ပါသည်။ Android 4.4 KitKat ကိုအသုံးပြုထားပြီး LTE အသုံးပြုနိုင်ပါသည်။ အလွန်လျှင်မြန်သော WiFi 802.11ac standard ကို အသုံးပြုနိုင်ပါသည်။

Galaxy S5 သည် ရေစိုခံနိုင်ပြီး IP67 စံနှုန်း သတ်မှတ်ချက်ရှိပါသည်။ ရေအနက်(၃) ပေအထိ ယူဆောင်အသုံးပြုနိုင်ပါသည်။ MWC တွင် ကြေညာခဲ့သော Sony Xperia Z2 က IP58 စံနှုန်း သတ်မှတ်ချက်ရှိပြီး S5 ကဲ့သို့ ဖုန်မှုန့်ဒဏ် မခံနိုင်သော်လည်း S5 ထက် နက်ရှိုင်းသော ရေအနက်ကို ယူဆောင်သွား၍ရပါသည်။

iPhone 5S မှာကဲ့သို့ Galaxy S5 တွင် Fingerprint Scanner ကို Home Button တွင် တပ်ဆင်ထားပါသည်။ Scanner ပေါ်တွင် လက်ချောင်းကို ပွတ်ဆွဲပြီး ဖုန်းကို Unlock လုပ်နိုင်ပါသည်။ ထို့အပြင် Samsung က စွမ်းဆောင်ချက်အနည်းငယ် ထပ်ဖြည့်ထားပါသည်။ Documents များကို Password အစား လက်ဗွေရာဖြင့် ကာကွယ်ထား၍ရပါသည်။ PayPal မှငွေလွှဲခြင်းကိုလည်း Fingerprint Scanner ဖြင့် ပြုလုပ်နိုင်ပါသည်။

S5 တွင် နှလုံးခုန်နှုန်းကို တိုင်းတာပေးသည့် Sensor ပါရှိပါသည်။ အနောက်ဘက်တွင် တပ်ဆင်ထားပြီး လက်ချောင်းများတွင် သွေးလည်ပတ်စီးဆင်းသည့်နှုန်းကို တိုင်းတာတွက်ချက်ပေးနိုင်ပါသည်။ တိုင်းတာထားသည့် သတင်းအချက်အလက်များကို App တွင် ပြသပေးမည်ဖြစ်သည်။ S5 တွင် LTE နှင့် WiFi တို့ကို တစ်ပြိုင်နက် အသုံးပြုနိုင်သည့် Download Booster စွမ်းဆောင်ချက်ပါရှိပါသည်။ 600-650 Mbit/s အမြန်နှုန်းရရှိမည်ဟု သိရပါသည်။ Power Saving Mode က ဘက်ထရီသက်တမ်းကို နှစ်ဆအသုံးခံစေရန် ပြုလုပ်ပေးနိုင်ပါသည်။

## Nokia X2 Android Phone ၏ သတင်းအချက်အလက်များ ထွက်ပေါ်

Nokia X Android Phone၏မျိုးဆက်ဖြစ်သည့် Nokia X2 Android Phone ၏ သတင်းအချက်အလက်များ AnTuTu Benchmark Website မှ ထွက်ပေါ်လာပါသည်။ Nokia X2 တွင် ၄. ၃ လက်မအရွယ် 480x800 Resolution Display တပ်ဆင် ထားမည်ဖြစ်သည်။ အနောက်ဘက်တွင် 5 Megapixel Camera တပ်ဆင်ထားပြီး 4GB Internal Storage ပါရှိမည်ဖြစ်သည်။

Nokia X2 တွင် Android 4.3 Jelly Bean မောင်းနှင်လည်ပတ်မည် ဖြစ်သည်။ 1.2GHz Dual-Core Qualcomm Snapdragon 200 Processor နှင့် 1GB RAM ပါရှိမည် ဖြစ်သည်။ Nokia X2 သည် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့သည့် Mobile World Congress ၌ ကြေညာခဲ့သော ပထမမျိုးဆက် Nokia X ထက် အနည်းငယ် အဆင့်မြှင့်ပေးထားပါသည်။ Nokia က စွမ်းဆောင်ရည်မြင့် ဝင်းဒိုးဖုန်းများကို ရောင်းချလျှက်ရှိသော်လည်း Android Phone များကိုမူ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရည်ရွယ်၍ ဈေးသက်သာစေရန် ပြုလုပ်ပေးထားပါသည်။ ထို့အတွက် Nokia ၏ Android Phone များသည် စွမ်းဆောင်ရည်နိမ့်သည်ကို တွေ့ရပါသည်။

## Lenovo Golden Warrior S8 စမတ်ဖုန်း၏သတင်းအချက်အလက်များ ထွက်ပေါ်

Lenovo Golden Warrior S8 ၏ သတင်းအချက်အလက်များ အွန်လိုင်းအရောင်းဆိုင်တစ်ခုမှ ထွက်ပေါ်လာပြီး ဈေးနှုန်းအတိအကျ ဖော်ပြထားပါသည်။

Lenovo Golden Warrior S8 တွင် ၅. ၃ လက်မအရွယ် LTPS Display တပ်ဆင်ထားပြီး Resolution မှာ 1280x720Pixels ဖြစ်ပါသည်။ မျက်နှာပြင်ကို Gorilla Glass ဖြင့်ကာကွယ်ထားသဖြင့် ထိခိုက်မှုဒဏ်ခံနိုင်ပါသည်။ MediaTek ၏ 1.4GHz Quad-Core Processor နှင့် 2GB RAM တပ်ဆင်ထားပါသည်။ အနောက်ဘက်တွင် 13 Megapixel Camera နှင့် LED Flash တပ်ဆင်ထားပါသည်။ မျက်နှာချင်းဆိုင်တွင် 5 Megapixel Camera တပ်ဆင်ထားပါသည်။ 16GB Internal Storage ပါရှိပါသည်။ MicroSD Card အသုံးပြုနိုင်ပါသည်။

ဆက်သွယ်မှုအပိုင်းတွင် WiFi 802.11 b/g/n, Bluetooth, WiFi Direct, 3G တို့ ပါရှိပါသည်။ အရွယ်အစားအပြည့်အစုံမှာ 146 x 76.7 x 7.9mm ဖြစ်ပါသည်။ အလေးချိန်မှာ ၁၄၆ ဂရမ် ဖြစ်ပါသည်။ Android 4.2 Jelly Bean OS ကို အသုံးပြုထားပါသည်။ 2000mAh Battery တပ်ဆင်ထားပြီး Standby အသုံးပြုလျှင် နှစ်ရက်အသုံးခံပါသည်။ ဒေါ်လာနှစ်ရာဖြင့်ရောင်းချပေးမည် ဖြစ်ပါသည်။ မည်သည့်အချိန်တွင်တရားဝင်ကြေညာမည်ဆိုသည်ကို မသိရသေးပါ။

## LG G3၏ သတင်းအချက်အလက်များ ထွက်ပေါ်




မကြာမီကြေညာတော့မည့် LG G3၏ သတင်းအချက်အလက်များ အင်တာနက်စာမျက်နှာများတွင် ထွက်ပေါ်လျှက်ရှိပါသည်။ LG G3 သည် LG ၏ စွမ်းဆောင်ရည်မြင့် စမတ်ဖုန်းဖြစ်ပြီး ၅. ၅ လက်မအရွယ် QHD IPS Screen တပ်ဆင်ထားပြီး Resolution မှာ 2560x1440Pixels ဖြစ်ပါသည်။ တစ်လက်မလျှင် Pixel သိပ်သည်းဆ (၅၃၈) ပါရှိမည်ဖြစ်သည်။

LG G3 ၏ အရွယ်အစား အပြည့်အစုံမှာ 146.3 x 74.6 x 8.9mm ဖြစ်ပါသည်။ G3 သည် သူ၏နောင်တော် G2 ထက် အနည်းငယ်သာကြီးမားပါသည်။ G3 တွင် Quad-Core Qualcomm Snapdragon 801 Processor နှင့် 3GB RAM ပါရှိမည်ဖြစ်သည်။ Internal Storage မှာ 32GB ပါရှိမည် ဖြစ်ပြီး MicroSD Card အသုံးပြုနိုင်မည်ဖြစ်သည်။ အနောက်ဘက်တွင် Optical Image Stabilization နည်းပညာပါရှိသည့် 13 Megapixel Camera နှင့် မျက်နှာချင်းဆိုင်တွင် 2.1 Megapixel Camera တပ်ဆင်ထားမည်ဖြစ်သည်။ အသံထိန်းညှိသည့်ခလုတ်ကို အနောက်ဘက်တွင် တပ်ဆင်ထားမည် ဖြစ်သည်။ 3000mAh Battery တပ်ဆင်ထားမည်ဖြစ်ပြီး Android 4.4 KitKat ကို မောင်းနှင်လည်ပတ်မည် ဖြစ်သည်။

လက်ဝှေ့ယမ်းလိုက်သည်နှင့် ကိုယ်တိုင်ရိုက်ဓါတ်ပုံများ ရိုက်ကူးနိုင်သည့် စွမ်းဆောင်ချက်ပါရှိမည်ဖြစ်သည်။ LG က G3 ကို လန်ဒန်တွင် မေလ(၂၇)ရက်နေ့၌ ကြေညာမည်ဖြစ်သည်။

## Lenovo ၏ Windows Phone ကို ယခုနှစ်အတွင်း မြင်တွေ့ရဖွယ်ရှိ



Lenovo က သူ၏ပထမဆုံးဝင်းဒိုးဖုန်းကို ယခုနှစ်အတွင်း ကြေညာဖွယ်ရှိနေပါသည်။ Lenovo က စမတ်နာရီကိုလည်း ၂၀၁၄ ခုနှစ်ကုန်တွင် ကြေညာမည်ဟု သတင်းများထွက်ပေါ်နေပါသည်။ Lenovo ၏ အရာရှိဖြစ်သူ Liu Jun က ပထမဆုံးဝင်းဒိုးဖုန်းကို ယခုနှစ်အတွင်း ကြေညာမည်ဟု Mobile Geek ကို ပြောပါသည်။ ယခင်ထွက်ပေါ်ခဲ့သော သတင်းများအရလည်း Lenovo ၏ ဝင်းဒိုးဖုန်းကို မကြာမီမြင်တွေ့ရဖွယ်ရှိနေပါသည်။

Lenovo က ဝင်းဒိုးဖုန်းများအတွက် Hardware Partner အဖြစ် ပူးပေါင်းဆောင်ရွက်မည်ဟု ဖေဖော်ဝါရီလတွင် ကြေညာခဲ့ပါသည်။ Lenovo ၏ ပထမဆုံး ဝင်းဒိုးဖုန်းတွင် ၄. ၅ လက်မမှ ၅ လက်မအရွယ် မျက်နှာပြင်တပ်ဆင်ထားမည်ဖြစ်ပြီး စွမ်းဆောင်ရည် အလယ်အလတ် သို့မဟုတ် စွမ်းဆောင်ရည်နိမ့် ဝင်းဒိုးဖုန်းဖြစ်မည်ဟု Windows Phone Central က ပြောပါသည်။

Lenovo ၏ စမတ်နာရီတွင် Android Wear OS ထည့်သွင်းထားမည်ဟု Mobile Geek က ပြောကြားပါသည်။ စမတ်နာရီကို ၂၀၁၄ ခုနှစ်အကုန် သို့မဟုတ် ၂၀၁၅ခုနှစ် အစောပိုင်းတွင် ရောင်းချမည်ဟု သိရပါသည်။ သို့သော် Lenovo က Moto 360 စမတ်နာရီကို ရောင်းချမည်ဟု ကြေညာထားသည့် Motorola ကို ဝယ်ယူခဲ့သဖြင့် စမတ်နာရီနှစ်ခုကို တစ်ပြိုင်နက်ထဲ ရောင်းချမည်မဟုတ်ဟု ကျွမ်းကျင်သူများက သုံးသပ်ပါသည်။ Lenovo က သူ၏ပထမဆုံး ဝင်းဒိုးဖုန်းနှင့် စမတ်နာရီကို တရားဝင်ကြေညာခြင်းမရှိသေးသဖြင့် စောင့်ကြည့်ရမည် ဖြစ်သည်။

# MOBILE GADGET

## GENIUS OTG Connector



သင်၏ Smart Phone, Tablet ထဲသို့ USB Flash Drive များထဲမှ Data များကိုအချိန်မရွေးထည့်သွင်း အသုံးပြုနိုင်စေရန် ဆက်သွယ်ပေးမည့် Connector လေးပဲဖြစ်ပါတယ်။ တစ်ဖက်က Micro USB ခေါင်းနှင့်တစ်ဖက်က USB Flash Drive ကို ထည့်သွင်းအသုံးပြုနိုင်မည့်ခေါင်းပါရှိပါတယ်။ အလွယ်တကူ သယ်ဆောင်သွားနိုင်ပြီး USB Device အားလုံးကို ဖုန်းနှင့်ချိတ်ဆက်အသုံးပြုနိုင်သောပစ္စည်းလေးဖြစ်ပါတယ်။ Android 4.0 နှင့် အထက် Smart Phone များနှင့် တွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Price -$3.5 , Contact- Micro Computer Co.,Ltd, 01-202453

## MEAGO NOTE III POWER BANK



Price - 35,000 Ks,
Contact - KO Beno,
01-380536,01-256417

Power Bank အမျိုးအစားမှာ ဒီဇိုင်းများပြားပြီး mAh အမျိုးမျိုးဈေးကွက်အတွင်းဝင်ရောက်လျက်ရှိပါတယ်။ ယခုဝင်ရောက်လာတဲ့ Meago အမှတ်တံဆိပ် Power Pack ဒီဇိုင်းကတော့ Samsung Galaxy Note 3 ပုံစံ capacity 10000mAh ပါဝင်သည့် အမျိုးအစားပဲဖြစ်ပါတယ်။ Li-polymer battery အမျိုးအစားကိုအသုံးပြုထားပြီး charging time အနေနဲ့ 10hrs ကြာအသုံးပြုနိုင်ပါတယ်။အလေးချိန် 208 g သာရှိ၍ သယ်ဆောင်ရလွယ်ကူပြီး Power indicator LED များပါဝင်တဲ့အတွက် Battery အားကုန်မှုနှင့်အားပြည့်မှုကိုအလွယ်တကူသိနိုင်ပါတယ်။ AC in put-1A နှင့် AC output 5V-1A/ 5V-2.1A port ပါဝင်ပြီး iPhone/ MP3/ MP4/ iPod/ Nokia/ Samsung/ camera များကိုလွယ်ကူစွာဖြင့်၎င်း power bank မှ အားသွင်းအသုံးပြုနိုင်ပါတယ်။

## MOMO POD



Z07-1 model သစ် mobile phone များနဲ့ ဓါတ်ပုံ ဗီဒီယိုရိုက်ကူးလိုသူများအတွက် အဆင်ပြေစေမယ့် ပြည်တွင်းဈေးကွက်တွင် အသစ်ရောက်ရှိလာတဲ့ Mo Mo Pod ဖြစ်ပါတယ်။ သေးငယ်ပေါ့ပါးပြီး သွားလေရာတွင် အလွယ်တကူယူဆောင်အသုံးပြုနိုင်အောင် ဖန်တီးထုတ်လုပ်ပေးထားပါတယ်။ MO MO Pod ကိုအဆင့်(၅)ဆင့်နှင့် ပြုလုပ်ထားပြီး Mobile ဟန်းဆက်များနဲ့ video ရိုက်ကူးမှုများ အသုံးပြုနိုင်သည့်အပြင် ကင်မရာ များကိုလည်း တပ်ဆင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Price - 12,000 Ks,
Contact -KO Beno, 01-256417 / 380536

## SMART PHONE PROTECTION CASE



ဈေးကွက်အတွင်းဝင်ရောက်လာသော iPHONE 5S ကို မထိခိုက်စေသော PROTECTION CASE ဖြစ်ပါတယ်။ PROTECTION / SHOCK ABSORPTION / GRIP & ANTI SLIP (3 IN 1) အမျိုးအစားဖြစ်ပါတယ်။

Price - 10,000 Ks,
Contact -MULTI GENERATION ELECTRONICS,
09-73240123

## MOBILE POWER BANK



SAMSUNG / HUAWEI / SONY အစရှိသော MOBILE BRAND မျိုးစုံကို အားသွင်းပေးနိုင်သော 2600mAh Power Band ဖြစ်ပါတယ်။ ဈေးကွက်အတွင်း နောက်ဆုံးဝင်ရောက်လာသော POWER BANK (MODEL A5) ဟာ လမ်းခရီးတွင် ဖုန်းအားကုန်သွားပါကအားပြန် ဖြည့်ပေးနိုင်ပါတယ်။ POWER BANK တစ်ခု ဝယ်ယူ သူတိုင်း သော့ချိတ်တစ်ခုလက်ဆောင်ပါရှိပါတယ်။ အစိမ်း၊ အဝါ၊ အဖြူ၊ အမဲ၊ အပြာ၊ ပန်းရောင်ကာလာစုံ ဝယ်ယူရရှိနိုင်ပါတယ်။

Price - 6,000 Ks,
Contact - MULTI GENERATION ELECTRONICS,
09-73240123

## SONICGEAR (EARPUMP PRO HEADSET)

စင်ကာပူနိုင်ငံမှထုတ်လုပ်လိုက်သော Sonicgear အမှတ်တံဆိပ်ဖြစ်တဲ့ Earpump pro headset လေးနဲ့မိတ်ဆက်ပေးလိုက်ပါတယ်။ ဒီ Headset လေးဟာဆိုရင်ဆူညံတဲ့အသံများကို ဖယ်ရှားပေးပြီး Bass အသံ ပြင်းပြင်းနဲ့ ကြည်ကြည်လင်လင်လေးဖြစ်အောင် Earpump pro ကိုဖန်တီးပေးထားပြီး ထူးခြားတဲ့အချက်ကတော့ နားကြပ်ထည့်ဖို့အတွက် အပိုဘူးလေးပါဝင်မှာဖြစ်ပါတယ်။ ဒီအပြင် မိမိတစ်ယောက်ထဲသာမက သီချင်းတစ်ပုဒ်ကို အခြားသူများနှင့် ဝေမျှနားထောင်နိုင်စေဖို့ Jackpin နှစ်ပေါက်ပါဝင်တဲ့ အပိုပစ္စည်းတွေကိုလည်းထည့်ပေးထားပါသေးတယ်။ အရောင်များကို စုံလင်စွာ ရရှိနိုင်မှာဖြစ်သလို Headset ကြိုးအရှည်မှာ 3.5mm ရှိတဲ့အတွက် အသုံးပြုရာမှာ သက် သောင့်သက်သာ ရှိစေမှာဖြစ်ပါတယ်။ ဒါ့အပြင် Gold Plugged ဖြစ်တာကြောင့် အသံရဲ့ ဆွဲအားကို ပိုမိုကောင်းမွန်စေမှာ ဖြစ်ပါတယ်။



Price -22,500 Ks
Contact - Techno Visions,
09-73077110

## SONICGEAR (Sonicarray 1000 speaker)



စင်ကာပူနိုင်ငံထုတ် အရည်အသွေးမြင့် Sonicgear အမှတ်တံဆိပ် Sonicarray 1000 speaker သည် ဒီဇိုင်းလှပပြီးအခြား speaker များနှင့်မတူ ထူးခြားသောအသံထွက်အားရှိသည်။ Hometeather အသုံးပြုလိုသူများ ပိုမိုအကြိုက်တွေ့စေမှာဖြစ်ပြီး FM, Radio လိုင်းများဖမ်းရန်အင်တာနာကြိုးပါဝင်သည်။ iPod နှင့်တွဲသုံးရန် room တစ်ခုပါဝင်ပြီးspeakerကိုတော့နံရံတွင်ချိတ် ဆွဲနားထောင် နိုင်သည်။Display ကို digital screen ဖြင့်ဖော်ပြပြီး remote control လည်းပါဝင်သဖြင့်သုံးရပိုမိုလွယ်ကူအဆင်ပြေစေမှာဖြစ်ပါတယ်။ Total power RMS : 30 watts ရှိပြီး maxx surround ပါဝင်သဖြင့်ရုပ်ရှင်ရုံကြီးများကဲ့သို့ပင် surround စနစ်ဖြင့်နားဆင်နိုင်ပါတယ်။

Price - 165,000 Ks
Contact - Techno Visions, 09-73077110

# APPLE GADGET

## Book Case



Octavo Case လို့ခေါ်ပြီး သားရေနဲ့ သစ်သားဖက်စပ်ထားတဲ့ ကိုယ်ထည်ပါတယ်။ အီတလီက ထုတ်လုပ်တာပါ။

## iPad Waterproof Case



iPad ကို ရေလုံတဲ့အိတ်ကလေးထဲ ထည့်လိုက်တာပါ။ ရေစိမ်ခံ၊ အကြမ်းခံဖြစ်သွားတာပေါ့။ iPad သုံးဖို့အဖြင့်ကိုထုတ်စရာမလိုဘူး။ အလင်းပေါက်အကြည်သားအလွှာဆိုတော့ အတွင်းကိုဒိုးယိုပေါက် ဖြစ်နေရတယ်။ အဲဒီကနေသုံးလိုက်ရုံပဲ။ touch sensitive ကို မထိခိုက်ပါဘူး။

## World 4" Smart Cover



အကြမ်းခံပြီး အလေးချိန် ပေါ့ပါးတဲ့ ပစ္စည်းတွေနဲ့ ပြုလုပ်ထားတယ်။ ပုံစံအမျိုးမျိုး ချိုးခေါက်ခံတယ်။ သံလိုက်နည်းပညာတစ်မျိုး သုံးထားတာကြောင့် iPad ပေါ်မှာအလွယ်တကူတပ်ထားလို့ရတယ်။

## iBook iPad Sleeve



old iBook ကို cool iPad sleeve ဖြစ်အောင် ပြောင်းပေးနိုင်မယ်။

## iPad Shirt



ရှပ်အင်္ကျီပုံစံ iPad ထည့်စရာအိတ်ပါ။ အမည်တစ်မျိုးဆန်းပြီး စမတ်ကျစေမယ့် iPad Case လေးပါ။

## Kork iPad Case




ကိုင်တွယ်ထိတွေ့လို့ကောင်းတဲ့ ergonomic shape and feel အရာသာပေါ်တဲ့ iPad case ပါ။ အမြင်ပိုရှင်းတယ်။ နှစ်သက်သလိုပုံစံပြောင်းပြီးထောက်ထားလို့ရပါတယ်။

## Apple မှ Beats Electronics အား ဝယ်ယူရန်စီစဉ်ခြင်းမှာ Apple TVအတွက်ဟု ဆို

သွားလေသူ Apple တည်ထောင်သူ Steve Job ၏ကိုယ်ရေး အတ္တုပတ္တိရေးသားသူ Walter Isaacson အဆိုအရ Apple မှ Beats Electronics အား ဒေါ်လာ ၃.၂ ဘီလီယံနှင့် ဝယ်ယူရန်စီစဉ်ခြင်းမှာ ယင်းကုမ္ပဏီ၏ software and hardware ထက် နောင်လာမည့် Apple Television အတွက် အရည်အသွေးပြည့်မီသော audio and video content များကို အလိုရှိခြင်းနှင့် Beats ကိုပူးတွဲတည်ထောင်သူ Jimmy Lovine နှင့် Steve Job ပုဂ္ဂိုလ်ရေးခင်မင်ရင်းနှီးသောကြောင့် ဖြစ်သည်ဟုဆိုသည်။ Jimmy Lovine အနေဖြင့် ၂၀၀၂-၂၀၀၃ ခုနှစ်ဝန်းကျင်က audio and video content များစွာ ထုတ်လုပ်ပိုင်ဆိုင်သည့် Universal ကုမ္ပဏီအား Apple မှ ဝယ်ယူသင့်သည်ဟု Steve Job အားအကြံပြုခဲ့ပြီးယင်းအနေဖြင့် ယခုအခါ Beats ၏တွဲဖက်တည်ထောင်သူဖြစ်သလို Universal Music Group's Interscope Geen ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်လျက် ရှိသည်။ Apple မှ ထုတ်လုပ်မည့် full-blown HDTV များအတွက် အဓိကလိုအပ်ချက်မှာ အရည်အသွေးပြည့်မီသော audio and video content များရရှိရေးဖြစ်သည်။ Jimmy Lovine နှင့် Andre Young တို့သည် Beats ကို ပူးတွဲတည်ထောင်သူများဖြစ်ပြီး Dr.Dre အမည်ဖြင့် လူသိများ သူများဖြစ်သည်။ ယခုနှစ်ဇွန်လ၌ကျင်းပမည့် Apple's Worldwide Developers Conference သို့ ယင်းတို့ နှစ်ဦးတက်ရောက်ရန်ရှိပြီး အကယ်၍ Apple နှင့်အရောင်းအဝယ်ဖြစ် ပါက Apple ၏ ထိပ်တန်းရာထူးများတွင် ထမ်းဆောင်ဖွယ်ရှိသည်။ Apple မှ Beats အားဝယ်ယူမည့်ကိစ္စကို တရားဝင်ထုတ်ဖော်မပြောသေးသော်လည်း ကျွမ်းကျင်သူများခန့်မှန်းချက်အရ ယခုလာမည့် သီတင်းပတ်အတွင်း ဖြစ်မြောက်လိမ့်မည်ဟု ဆိုသည်။



## Mobile Payments များလုပ်ဆောင်ရန် နောင်လာမည့် iPhone များ၌ NFC chip ထည့်သွင်းမည်ခန့်မှန်း

Apple iPhone များ၌ near-field communications technology ထည့်သွင်းလာလိမ့်မည်ဟု ကနဦးခန့်မှန်းချက်များလွဲမှားခဲ့ သော်လည်း ယခုတစ်ဖန် ယင်းခန့်မှန်းချက်ထပ်မံထွက်ရှိလာသည်။ ယခု ခန့်မှန်းထင်ကြေးပေးသူမှာ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ အတိုင်ပင်ခံကုမ္ပဏီ Morgan Stanley ဖြစ်သည်။ နောင်ထွက်လာမည့် iPhone များ၌ ဖုန်းလိုင်းပေါ်မှာ ငွေပေးချေသည့်စနစ် iWallet ပါဝင်လာ မည်ဖြစ်ပြီး ယင်းအတွက် NFC သည် အဓိကအခန်းကဏ္ဍအဖြစ်အရေးပါလာမည်ဖြစ်သည်။ ပြိုင်ဖက်စမတ်ဖုန်းများစွာ၌ NFC chip များ တပ်ဆင်ခဲ့သည်မှာ နှစ်များစွာကြာခဲ့ပြီးဖြစ်သော်လည်း Apple iPhoneများ၌ယခုအထိမပါရှိလာခဲ့ပေ။ mobile payments များတစ်စတစ်စတွင်ကျယ်အရေးပါလာသော်လည်း နောက်ဆုံးထုတ် iPhone 5S ၌လက်ဗွေရာဖတ်သော secure Touch ID Fingerprint Scanner ပါဝင်လာသည်မှလွဲ၍ NFC chip များတပ်ဆင်မှုမရှိခဲ့ပေ။ iPhone 5S များကို Vodafone ၏ retail point-of-sale system ဖြင့်ရောင်းချရာ၌ ပုံမှန်သုံးနေကျ credit-card များအသုံးပြုနိုင်ရုံမက အခြားပြိုင်ဖက် စမတ်ဖုန်းများမှ NFC tap-to-pay technology ဖြင့်လည်း ဝယ်ယူနိုင်ကြသည်။ iPhone များ၌မူ ယင်းကဲ့သို့ mobile payment စွမ်းဆောင်ရည်များကင်းမဲ့နေခဲ့သည်။ သရုပ်ခွဲလေ့လာဆန်းစစ်ပညာရှင် Craig Hettenbach ၏ အဆိုအရ Apple အနေဖြင့်ပြီးခဲ့သည့် လပိုင်းက Chinese interbank network တစ်ခုဖြစ်သည့် China Union Pay နှင့် NFC payment များပြုလုပ်ရန်သဘောတူ စာချုပ်ချုပ်ဆိုခဲ့သဖြင့် နောင်ထုတ်မည့် iPhone များ၌ ယင်း NFC စွမ်းဆောင်ရည်ပါမှဖြစ်မည်ဟု မှတ်ချက်ပြုခဲ့သည်။ Apple အနေဖြင့် mobile payments များ ပြုလုပ်ရန် credit card data များကို mobile phone တွင် တစ်ပါတည်း ထည့်သွင်းမည်လား သို့မဟုတ် cloud-based approach လုပ်မည်လားဆိုသည်ကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။



# DIGITAL PLAY

## SPY CAMERA HD

REQUIREMENTS: ANDROID 2.2 AND UP
SIZE: 2.3 MB




ကိုယ်လိုချင်တဲ့မြင်ကွင်းအနေအထားကိုအခြားသူတွေ မသိအောင်တိတ်တဆိတ်ရိုက်ယူပေးမဲ့ app လေးဖြစ်ပါတယ်။ widget ကိုဖိနှိပ်ခြင်းဖြင့်ဖြစ်စေ အချိန်သတ်မှတ်ထားခြင်းဖြင့်ဖြစ်စေ ဖုန်းကို shake လုပ်၍ဖြစ်စေ ရိုက်ယူနိုင်ပါတယ်။

အခြားapp တွေကိုအသုံးပြုနေချိန်မှာ target ကို ခပ်ရေးရေးလေးပြကာ background ကနေ run ပြီး ရိုက်ယူပေးမှာ ဖြစ်တာကြောင့် ဓာတ်ပုံရိုက်နေတယ်လို့ ထင်စရာမရှိပါဘူး။

QR Codes

## WIFI MANAGER PRO

REQUIREMENTS: ANDROID 1.5 AND UP
SIZE: 449 KB




WiFi ဖွင့်ပြီးပြန်မပိတ်မိတဲ့အခါ ဘက်ထရီအားအကုန်မြန်စေပါတယ်။

ဒီ app လေးက ဒီပြဿနာကိုဖြေရှင်းပေးနိုင်ပါတယ်။ WiFi မိတဲ့ နေရာမှာဆို အလိုအလျောက် WiFi ကိုဖွင့်ပေးမှာဖြစ်ပြီး WiFi မမိတဲ့ နေရာရောက်ရင်အလိုအလျောက်ပိတ်ပေးမှာဖြစ်ပါတယ်။ ဒါကြောင့် ဘက်ထရီကုန် သက်သာစေသလို WiFi မိ၊ မမိကိုလည်း အလွယ်တကူသိနိုင်ပါတယ်။

QR Codes

## SUPER VIDEO PLAYER

REQURIEMENTS: ANDROID 2.2 AND UP
SIZE: 243KB




အသုံးပြုရတာလွယ်ကူပြီး function လည်းအတော်လေးစုံတဲ့ player လေးဖြစ်ပါတယ်။ file format အားလုံးနီးပါးကို support ပေးနိုင်ပြီး မိမိ SD card ထဲမှာရှိတဲ့ video ဖိုင်တွေလို auto detect လုပ်ပြီး Thumbnail ပုံစံနဲ့ပြပေးတာကြောင့် တကူးတကရှာစရာ မလိုဘဲ အလွယ်တကူဖွင့်ကြည့်နိုင်မှာဖြစ်ပြီး Recent list လည်းကြည့် နိုင်ပါတယ်။ Screen Zoom ကိုလည်းလိုသလို ချုံ့ ချဲ့ ကြည့်နိုင်ပါတယ်။

QR Codes

## ANDROID CLEAN MASTER PLUS

REQUIREMENTS: ANDROID 2.2 AND UP
SIZE: 1.3 MB




ဒီ app လေးကတော့ မိမိဖုန်းမှာရှိနေတဲ့ မလိုအပ်တဲ့ file တွေကို ရှင်းလင်းပေးပြီး ဖုန်းရဲ့အလုပ်လုပ်တဲ့ speed ကိုမြှင့်တင်ပေးပါတယ်။ကိုယ်မလိုချင်တဲ့ဖိုင်တွေကို ဖျက်တဲ့အခါcache ဖိုင်အနေနဲ့ဖုန်း memory ထဲမှာကျန်နေတတ်ပါတယ်။ အဲဒီ cache ဖိုင်တွေက ကွန်ပျူတာနဲ့ပြန်ဖွင့်လို့ရတာကြောင့်တကယ်ပျက်သွားတယ်လို့ မဆိုနိုင်ပါဘူး။ ဒီ app လေးက အဲဒီလိုမျိုး cache ဖိုင်တွေပါ ဖျက်ထုတ်ပေးနိုင်ပါတယ်။

QR Codes

## ColorDict Dictionary Wikipedia

REQUIREMENTS: VARIES WITH DEVICE
SIZE: VARIES WITH DEVICE




အင်္ဂလိပ်စာနဲ့ မကင်းတဲ့သူတွေအတွက်အသုံးဝင်မယ့် app လေးပါ။ ကိုယ်သိချင်တဲ့စာလုံးကို အသေးစိတ်ရှင်းလင်းချက်တွေနဲ့ ပြန်လည်ပြသပေးနိုင်မှာဖြစ်ပြီး ဒီ app လေးရဲ့ database မှာမရှိတဲ့ စာလုံးတွေကိုလည်း online နဲ့ချိတ်ဆက်ရှာဖွေပေးပါလိမ့်မယ်။

ကိုယ်ရှာဖွေခဲ့တဲ့ စကားလုံးတွေကို မှတ်သားထားနိုင်ပြီး သူငယ်ချင်းတွေနဲ့လည်း share နိုင်ပါတယ်။

QR Codes

## REAL GUITAR FREE

REQUIREMENTS: VARIES WITH DEVICE
SIZE: VARIES WITH DEVICE



ဖုန်းနဲ့ဂီတာတီးလို့ရအောင်ပြုလုပ်ပေးမယ့် app လေးပါ။ chord တွေကိုတော့ တကယ့်ဂီတာမှာလိုကိုင်ရမှာမဟုတ်ဘဲ ဖုန်းရဲ့ ထိပ်ဖက်မျက်နှာပြင်မှာရှိတဲ့ မိမိတီးခတ်လိုတဲ့ chord ရဲ့ button ကိုနှိပ်ပြီးrhythmကိုအချက် ကျကျခေါက်ရုံနဲ့တကယ့် ဂီတာတစ်လုံးရဲ့အသံမျိုးခံစားရပါလိမ့်မယ်။ ဒါကြောင့်ဂီတာတီးပြီးသီချင်းဆိုနိုင်သလို ဖုန်းတီးပြီး သီချင်းဆိုနိုင်စေမယ့် app လေးပါ။

QR Codes

## TOP GAMES FREE MARKET

REQUIREMENTS: ANDROID 2.3 AND UP
SIZE: 3.2 MB




အသစ်ထွက်တဲ့ဂိမ်းတွေနဲ့၊ နာမည်ကြီးလူကြိုက်များနေတဲ့ ဂိမ်း တွေကို သိရှိနိုင်မယ့် app လေးဖြစ်ပါတယ်။ Action Games,Puzzle Games , Racing Games, Sport Games အစရှိတဲ့ဂိမ်းပုံစံမျိုးစုံကိုလည်း တစ်နေရာတည်းကနေကြည့်နိုင်ပြီး ဂိမ်းတွေရဲ့အချက်အလက်၊ Summary ကိုလည်း ဖော်ပြပေးပါသေးတယ်။ ဒါကြောင့်မိမိနှစ်သက်တဲ့ ဂိမ်းကို အလွယ်တကူ download လုပ်ဖို့အဆင်ပြေသွားတာပေါ့။

QR Codes

## IT EBOOK DOWNLOADER

REQUIREMENTS: ANDROID 2.2 AND UP
SIZE: 1.5MB



ဒီ app လေးအသုံးပြုချင်ရင်တော့ IT နဲ့ပတ်သက်တဲ့ အကြီးမား ဆုံးစာကြည့်တိုက်ကြီး သင့်ရဲ့ဖုန်းထဲရောက်နေသလို ဖြစ်သွားပါလိမ့်မယ်။ IT နဲ့ပတ်သက်တဲ့ ebook မှန်သမျှကို ဒီ app လေးနဲ့ download ချနိုင်ပါတယ်။ Operating System တွေနဲ့ပတ်သက်တဲ့ ebook, Programming နဲ့ပတ်သက်တဲ့ebook တွေ အပြင်အခြား နည်းပညာစာအုပ်တွေကိုပါ download လုပ်နိုင်ပါတယ်။

QR Codes

# ကိုးရီးယားဇာတ်လမ်းတွဲ

ဦးမျိုး(အိုင်တီအန်းတိတ်)



ကျွန်တော်ပထမဦးဆုံးကြည့်မိတဲ့ ကိုးရီးယားဇာတ်လမ်းတွဲကတော့ ချစ်စံအိမ်ဆိုပြီး မြန်မာပြန်ထားတဲ့ဇာတ်လမ်းတွဲပဲဖြစ်ပါတယ်။ ရိုးသားတဲ့မိန်းကလေးတစ်ဦးရဲ့ ပွင့်လင်းတဲ့အပြုအမူစရိုက်တွေကြောင့် စတိုင်များမာနကြီးတဲ့ သူဌေးသားက ချစ်မိသွားပုံကို ဇာတ်လမ်းဆင်ရိုက်ကူးပေးတဲ့ ကားပဲဖြစ်ပါတယ်။ အစ အဆုံးကြည့်မိပါတယ်။ စရိုက်ဖော်တာ၊ သရုပ်ဆောင်တာတွေကောင်းပါတယ်။ ဒါကြောင့် ကျွန်တော်ပြီးသည်အထိကြည့်မိသွားတာပါ။ မင်းသမီးလေးဝတ်စားထားတာတွေကြောင့် မဟုတ်ပါဘူး။ သူတို့ရဲ့လှုပ်ရှား သရုပ်ဆောင်မှုက ဆွဲဆောင်သွားတာပါ။ နောက်ထပ်ကြည့်မိတဲ့ကားက ပုံရိပ်ပမာဆိုတဲ့ဇာတ်လမ်းတွဲပါပဲ။ ကျွန်တော်ဆွဲဆောင်သွားလိုက်တာ ဘာသာပြန်ကိုစောင့်မကြည့်နိုင်တော့ဘဲ အင်္ဂလိပ်စာတန်းထိုး၊ အများအခေါ် မူရင်းကားကိုသာကြည့်ခဲ့ပါတယ်။

ဇာတ်ကားကိုကြည့်နေစဉ်မှာ မိနစ်တိုင်းက မပျင်းရိစေဘဲ ဆွဲခေါ်သွားတာကို ခံစားမိပါတယ်။ ဇာတ်လမ်းတွဲဆိုတာ ဇာတ်လမ်းတစ်ခုမက ပါဝင်နိုင်ပါတယ်။ ပုံမှန်ဇာတ်ကားကတော့ ဇာတ်လမ်းတစ်ပုဒ်ကိုတင်ပြတာပါ။ဒီမှာတင်အတတ်ပညာပိုင်းအရ ဇာတ်ရှိန်အတက်အကျတွေကို ဖန်တီးထားရပါတယ်။ ဇာတ်လမ်းတွဲကတော့ ဒီလိုမဟုတ်ဘဲဆွဲဆန့်လေ့ရှိပါတယ်။ တစ်ခုသတိထားမိတာက ဆွဲဆန့်သော်လည်း စိတ်ဝင်စားနေတာပါပဲ။ ယုတ္တိရှိမှုအပိုင်းကတော့ အားပျော့တတ်ပါတယ်။ အခြားကားတွေလည်း နောက်ပိုင်းကြည့်ဖြစ်ပါတယ်။ အများခေါ်ကြတဲ့ ရေသန့်ကား၊ ဟားဗတ်တက္ကသိုလ်ကား၊ ဟိုတယ်ချစ်သူ၊ မြေခွေးမလေးကိုယ့်ချစ်သူ၊ အသက်ဆက်မျက်ရည်၊ မြို့ပြမုဆိုး စတာတွေက အကြိုက်ဆုံးတွေဖြစ်ပါတယ်။ ဇာတ်ကိုတင်ပြတဲ့နေရာမှာ နောက်ခံအကြောင်းအရာရည်ရွယ်ချက်တင်ပြပုံ ချဉ်းကပ်ပုံတွေ အတော်လေးကောင်းမွန်တာတွေ့ရတယ်။ ကြိုးလည်း ကြိုးစားထားတာတွေကို တွေ့ရပါတယ်။ ဒ့ါအပြင် စကားပြောတွေမှာလည်း စာအုပ်အတော်များများကိုဖတ်ပြီး ဇာတ်ညွှန်းထဲမှာထည့်သွင်း ထားတာကို တွေ့ရပါတယ်။ ဗဟုသုတဖြစ်စေတယ်။ အသိဉာဏ်တိုးပွားစေပါတယ်။ အဲတော့ အထူးလေ့လာမိတာကတော့ ကျွန်တော်တို့ ခင်ဗျားတို့သိထားတဲ့ ဆရာတွေက တပည့်တွေကို ဘဝမှာအောင်မြင် မှုရစေအောင် စာသင်ရာမှာပဲဖြစ်ဖြစ်၊ ဘဝတိုက်ပွဲကိုဝင်ရာမှာပဲဖြစ် ဖြစ်၊ သုံးနိုင်တဲ့စကားလေးတစ်ခုကို ကျွန်တော်သွားသတိရမိတယ်။ အဲဒါက စု-တု-ပြုဆိုတာလေ။

အဲ ကိုရီးယားကားတွေမှာ အဲဒါအများဆုံးတွေ့ရပါတယ်။ သူတို့က ဟောလိဝုဒ်က ကားတွေကိုလည်း ကြည့်တယ်။ အတုယူတယ်။ အရှေ့တိုင်းက အိန္ဒိယကားတွေကိုလည်ကြည့်တယ် ။အတုယူတယ်။ ပြီးမှပေါင်းစပ်ပြီးမှ အကောင်းဆုံးရိုက်ကြတယ်။ ဇာတ်ဝင်ခန်းတွေမှာ နောက်ခံတေးသီချင်းထည့်တတ်တယ်။ အဲဒါက အရှေ့တိုင်းဓလေ့ပဲ။ ဟောလိဝုဒ်က ထည့်ခဲပါတယ်။ နောက်ပြီး လူရွှင်တော်လည်း ထည့်တတ်ပါတယ်။ ကြည့်နေစဉ်မှာ မပျင်းစေရအောင်လေ။ ကဲဒါတွေက ကိုရီးယားဇာတ်လမ်းတွဲတွေအကြောင်းပါ။ ဇာတ်လမ်းတွဲဆိုတော့ ဇာတ်လမ်းတစ်ပုဒ်ထဲမဟုတ်၊ ဖြစ်စဉ်တွေက များနေတတ်တယ်။ ဒီတော့ ဇာတ်သိမ်းရင် ဟာတာတာကြီးကျန်တတ်တယ်။ ခင်ဗျားတို့လည်း ကြည့်ပြီး သိနိုင်ပါလိမ့်မယ်။ ကဲ ကျွန်တော်တို့ မြန်မာရုပ်ရှင်အကြောင်း ဆက်ပြောရအောင်ဗျာ။ နှိုင်းယှဉ်ကြည့်မယ်ဗျာ။ ဟုတ်ပလား။ မြန်မာ့ရုပ်ရှင်လုပ်ငန်းမအောင်မြင်တာ မဖွံ့ဖြိုးတာက ကိုရီးယားဇာတ် ကားတွေကြောင့်လို့ပြောတယ်။ ပြီးတော့ လွတ်လပ်မှုမရှိလို့၊ ပစ္စည်းကိရိယာတွေမရှိလို့ စသည်ဖြင့်အကြောင်းပြ ပါတယ်။ ဒါပေမယ့်ဗျာ ရိုက်မိတဲ့ကားတွေမှာရော ကြိုးစားမှုပါရဲ့လား။ မေးစရာရှိပါတယ်။ ကိုယ့်ဟာကိုယ်ပဲပြောပါတယ်လေ။

နှစ်ရက်နဲ့တစ်ကားတဲ့။ ဟိုကုမ္ပဏီက ကလှဲစားချေတဲ့ကားရိုက်တယ်ဆိုရင် ဒီကုမ္ပဏီကလည်း ကလဲ့စားချေတဲ့ကားလိုက်ရိုက်တာပဲ။ ဟုတ်ရဲ့လားဗျာ။ ရုပ်ရှင်အတတ်ပညာမှာ ကြည့်နေစဉ် မိနစ်တိုင်းမှာ ကြည့်သူရဲ့အာရုံကိုဖမ်းစားဖို့ ကြိုးစားရပါတယ်။ အခုတော့ဗျာ ဟိုဟာကြည့်လည်း ဒီဇာတ်လမ်း၊ ဒီဟာကြည့်လည်း ဒီဇာတ်လမ်းပါပဲ။ ကိုရီးယားတွေမှာလည်း ဇာတ်လမ်းတူတွေရှိပါတယ်။ ဒါပေမယ့် ထပ်နေတာမတွေ့ရပါဘူး။ ဥပမာဗျာ မြေခွေးလူသား နှင့် မြေခွေးမလေးကိုယ့်ချစ်သူ၊ မြေခွေးဇာတ်လမ်းတွေပါ။ တကယ်ဆို ကြည့်သူက ရိုးသွားရမှာပေါ့။ ဒါပေမယ့်ခင်ဗျားတို့ကြည့်ကြည့်ပါ။ ကွဲပြားတဲ့ဇာတ်လမ်းကိုတွေ့ရပါလိမ့်မယ်။ ဆွဲဆောင်မှုကလည်း တန်းတူညီတူပါပဲ။ အဲလိုကြိုးစားရိုက်ပြတာ တွေ့ရပါတယ်။ လောလောဆယ်မှာတော့ ကြိုးစားတဲ့ကားမတွေ့ရသလောက်ပါပဲ။ ဒါပေမယ့် ကြိုးစားမှုကိုကြိုကြား ကြိုကြားတွေ့ရပါတယ်။ ကျွန်တော်ကြည့်မိလေ့လာမိသလောက်ပြောရရင် heartbeat ရင်ခုန်သံ၊ ညို့ယောင်မယ်၊ တိတ်တိတ်လေးချစ်နေမယ်စတာတွေကတော့ ကြိုးစားမှုတွေပါပဲ။ အပြစ်အနာအဆာကင်းသလောက် ကြိုက်မိတဲ့ကားတွေပဲဖြစ်ပါတယ်။ ပြောရရင်အထူးသဖြင့် လူငယ်ဒါရိုက်တာတွေရဲ့ ကြိုးစားမှုတွေပါပဲ။ ဒါတွေကိုတော့ ကျွန်တော်ကြိုဆိုရမှာဖြစ်ပါတယ်။ ရှေးဒါရိုက်တာကြီးတွေကလည်း ကြိုးစားခဲ့ပါတယ်။

ဒါပေမယ့် လက်ဆင့်ကမ်းသင်ပေးမှုမှာ အားနည်းခဲ့ပါတယ်။ လူငယ်ဒါရိုက်တာတွေရဲ့ ကြိုးစားမှုသာတွေ့ရပါတယ်။ ဥပမာဗျာ အေဝမ်း ဒါရိုက်တာ မောင်တင်မောင် ဒါရိုက်တာပညာမှာတော်ပါတယ်။ 'ချစ်သက်ဝေ' ကားကိုမှီတာ မရှိသေးပါဘူး။ နောက်ဝင်းဦးရဲ့ 'ညီညီလွင်' ကားမှာ ဒါရိုက်တာ အရည်အချင်းကိုတွေ့ရပါတယ်။ဒါတောင် အမေရိကန်ဝတ္ထု၊ အမေရိကန်ကား East of Eden ကိုမှီးထားတဲ့ကားဖြစ်ပါတယ်။ မြတ်လေးရဲ့ 'ချစ်သူက လ, ကိုယ်က ည' ကားမှာ စကားပြောတွေကောင်းပါတယ်။ ဇာတ်လမ်းကတော့အိန္ဒိယကားကို ကူးချထားတာပါ။ မြန်မာမှုပြုရာမှာ ဒါရိုက်တာပညာအရ တင်ပြမှုကောင်းတာတွေ့ရပါတယ်။

အဲဒီတော့ မြန်မာဇာတ်ကားကောင်းတွေရှိပါ တယ်။ ဒါပေမယ့် အရေအတွက်အားဖြင့် အလွန်နည်းပါးတာတွေ့ရပါတယ်။ ဒီကားတွေ ဘာကြောင့်ကောင်းရသလဲ။ ကြိုးစားမှုကြောင့်လို့ ဆိုရပါမယ်။ ဥပမာလေးတစ်ခု ပြောရရင် ဒါရိုက်တာ သုခ ပါပဲ။ ဘဝသံသရာ ဇာတ်ကားရိုက်ပြီး တော်တော်နဲ့ရုံတင်မပြနိုင်ပါဘူး။ ထုတ်လုပ်သူတွေက သူတို့ရင်းနှီးမြှုပ်နှံထားတဲ့ငွေတွေ ပေါ်စေချင်ပြီး။ ဒီမှာတင် ဒါရိုက်တာနဲ့စကားများကြတယ်လို့ သိရပါတယ်။

ဇာတ်ကားလည်းရုံတင်ရော မြန်မာပြည် အနှံ့အပြားလှည်းနေ၊ လှေအောင်းနေရာ အနှံ့လူမျိုး ပေါင်းစုံကြည့်ကြတယ်။ နောက်ပိုင်း ဒါရိုက်တာက အဲဒီထုတ်လုပ်သူတွေနဲ့ လုံးဝမရိုက်ပေးတော့ပါဘူး။ အဲဒါပါပဲဗျာ ထုတ်လုပ်သူငွေရှင်တွေနဲ့ ပညာရှင်တွေ အကြားကပြဿနာပါပဲ။ အခု ရုပ်ရှင်တွေ အရည်အသွေးကျဆင်းပြီး အဆင့်နိမ့်နေတာလည်း ဒီပြဿနာပါပဲ။ ဘယ်နဲ့ဗျာ။ နှစ်ရက် သုံးရက်နဲ့ တစ်ကား အပြီးသတ်ရိုက်တယ်ဆိုတော့ ဘယ်ကောင်း နိုင်ပါ့မလဲ။

အရေအတွက်သာများပြီး အရည်အချင်းမရှိတော့ ကြည့်သူမရှိတာမဆန်းပါဘူး။ အဲဒီတော့ ရုပ်ရှင်လောက အခြေအနေမကောင်းတာပေါ့ဗျာ။ အဲဒါကို ကိုရီးယား လွှဲမချကြပါနဲ့။ကိုရီးယားတွေလည်း စု-တု-ပြု လုပ်နေတာပဲ။ ဖြတ်၊ ညှပ်၊ ကပ် လုပ်တာပဲ။ သူတို့ကကြိုးစားကြသူတွေ အရည်အသွေးကို ဦးစားပေးသူတွေဖြစ်နေပါတယ်။ အရည်အသွေးရှိအောင် လုပ်ရင် ရတာပါပဲဗျာ။ လုပ်ဖို့သာ အဓိကပါ။ မြန်မာလူငယ်ဒါရိုက်တာတွေ ကြိုးစားကြပါတယ်။ ဖန်တီးမှုတွေ ဆန်းသစ်မှုတွေ လုပ်လာကြပါတယ်။ ဥပမာ ဒါရိုက်တာ ကျော်ဇော်လင်း၊ ကိုဇော်၊ ဝိုင်း၊ ကိုပေါက်တို့လောက်ပဲ မြင်ပါတယ်။

လူငယ်တွေအတုယူတာလည်း စဉ်းစားရမယ်။ ကိုရီးယား ကားကြည့်ပြီး ဘောင်းဘီတိုဝတ်၊ ဆိုဂျူသောက်တာအတုမခိုးဘဲ၊ ဘဝကိုကြိုးစားရုန်းကန်တာ၊ လောဘ၊ ဒေါသတွေကို ထိန်းချုပ်တာ၊ သည်းခံခွင့်လွှတ်တာ၊တစ်ဦးအပေါ် တစ်ဦး မေတ္တာထားတာတွေကိုလည်း အတုယူသင့်ပါတယ်။ ရုပ်ရှင်ဆိုတာ အနုပညာဖြစ်သလို ဖြေဖျော်ရေးလည်းဖြစ်ပါတယ်။ ပျော်ရွှင်မှုကိုပေးရတာဖြစ်ပါတယ်။ အပန်းဖြေမှုကို ပေးရတာဖြစ်ပါတယ်။

ပျော်ရွှင်မှုရှိမှသာ ကျွန်တော်တို့ဘဝမှာတွေ့ကြုံရတဲ့ အခက်အခဲတွေကို အောင်မြင်စွာကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ပျော်ရွှင်မှုကသာ အောင်မြင်မှုပေးနိုင်တာပါ။ အောင်မြင်မှုတိုင်းမှာ ပျော်ရွှင်မှုဆိုတာ မရှိနိုင်ပါဘူး။ စိတ်ကြည်လင်နေဖို့ရာ အပြစ်ကင်းစင်နေရပါမယ်။ ဒီတော့ ကိုယ့်အပြစ်ကို သူများအပေါ် ပုံမချသင့်ပါဘူး။ ကိုယ့်ဘက်ကမှန်နေဖို့သာလိုပါတယ်။ အခုခေတ်က ကွန်ပျူတာခေတ်လေ။

ကွန်ပျူတာစက်ပဲ။ လူခိုင်းသမျှလုပ်ပေးရတယ်။ဒါပေမယ့် အဖြေကို တွက်ချက်ပေးတတ်တယ်။ သူမှာလိုအပ်တာတွေတော့ ရှိတယ်ပေါ့။ ဘာတွေလဲ၊ အချက်အလက်နဲ့ ယုတ္တိ Logic ပါပဲ။ အချက်အလက်ပြည့်စုံရမယ်။ ယုတ္တိတန်ရမယ်။ ဒီတော့ ခင်ဗျားတို့အားလုံးကို ပြောတာနော်။ ခင်ဗျားတို့ဘဝမှာ အချက်အလက်ပြည့်စုံအောင် ကြိုးစားပါ။ ယုတ္တိတန်ပါစေ ။

ဒါဆိုရင် အောင်မြင်ပြီ။

*ဇာတ်ကားကိုကြည့်နေစဉ်မှာ မိနစ်တိုင်းက မပျင်းရိစေဘဲ ဆွဲခေါ်သွားတာကို ခံစားမိပါတယ်။ ဇာတ်လမ်းတွဲဆိုတာ ဇာတ်လမ်းတစ်ခုမက ပါဝင်နိုင်ပါတယ်။ ပုံမှန်ဇာတ်ကားကတော့ ဇာတ်လမ်းတစ်ပုဒ်ကိုတင်ပြတာပါ။ ဒီမှာတင်အတတ်ပညာပိုင်းအရ ဇာတ်ရှိန်အတက်အကျတွေကို ဖန်တီးထားရပါတယ်။ ဇာတ်လမ်းတွဲကတော့ ဒီလိုမဟုတ်ဘဲဆွဲဆန့်လေ့ရှိပါတယ်။ တစ်ခုသတိထားမိတာက ဆွဲဆန့်သော်လည်း စိတ်ဝင်စားနေတာပါပဲ။ ယုတ္တိရှိမှုအပိုင်းကတော့ အားပျော့တတ်ပါတယ်*

# ဒစ်ဂျစ်တယ် ဒီမိုကရေစီ

ကျော်စည်သူ(သုနန္ဒခေတ်)



Canon Craft Services ဆွေးနွေးခန်း တစ်နေရာ။

"သမီးရေ (အခုဆိုရင်) သင့်တော်တဲ့ ကင်မရာကိုသုံးပြီး လှပသေသပ်တဲ့ ပုံရိပ်တွေရိုက်လို့ရနေပြီ။ သမီးအနေနဲ့ အသံကိုလည်း အလွယ်တကူ ဖမ်းယူလို့ရတယ်။ ကိုယ့်အိမ်မှာတင်ပဲ တည်းဖြတ်လုပ်၊ အရုပ်အသံရော၊ အရောင်မှန်ချိန်ညှိလို့ရတယ်။ ဒါတွေအားလုံးက (အလွယ်တကူ) ကျော်ဖြတ်လို့ရနေပါပြီ"

ဒီစကားတွေဟာ မကြာသေးခင်ကအီတလီ သတင်းမဂ္ဂဇင်းတစ်စောင်မှာ ကမ္ဘာကျော်ဒါရိုက်တာ Martin Scorsese က သူ့သမီးထံကိုပေးတဲ့ အိတ်ဖွင့်ပေးစာထဲရေးထားတဲ့စကားတွေပါ။ မျက်မှောက်ခေတ်ရုပ်ရှင်ဖန်တီးမှုလုပ်ငန်းစဉ်ဟာ အလွန် စရိတ်နည်းဝန်ပါတဲ့နည်းတွေနဲ့ ဖြစ်ထွန်းနေတာကြောင့် ရုပ်ရှင်လောကရဲ့ ရှေ့အနာဂတ်ပိုပြီး လင်းလက်တောက်ပလာတော့မယ်လို့ သူ့ရဲ့အမြင်ကို ရေးထားတာပါ။

ဒီအချက်အပေါ်မှာပဲ Scorsese နဲ့ ဆန့်ကျင်ဘက် အမြင်ဘက်က ရှိနေသူတစ်ဦးကတော့ ကမ္ဘာကျော်ဒါရိုက်တာ၊ အော်စကာဆုများရှင် Steven Spilberg ပါ။ သူက ရုပ်မြင်သံကြား ထွန်းကားလာခြင်းနဲ့ ရုပ်ရှင်ထုတ်လုပ်မှု ကုန်ကျစရိတ်ကြီးမြင့်ခြင်းတွေကြောင့် ရုပ်ရှင်ဟာ ပြုတ်ကျသွားလိမ့်မယ်လို့ ခန့်မှန်းနေပါတယ်။

ဆရာကြီးနှစ်ဦးက ဆန့်ကျင်ဘက်အမြင်နှစ်မျိုးနဲ့ မြင်ပြလိုက်တဲ့ အပေါ် သင်၊ ဘယ်လို ထင်မြင်ပါသလဲ ?

သူတို့နှစ်ဦးရဲ့ အမြင်ဘယ်လိုပဲရှိနေပါစေ၊ လောကမှာ ရုပ်ရှင်သမားတွေကိုကြည့်လိုက်ရင် Scorseses နဲ့ Spielberg တို့ရဲ့ ကမ္ဘာမှာ မပျော်မွေ့လည်ဘဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လမ်းသစ်ဖောက်နေတဲ့ indie filmmaker တွေအများ အပြားရှိနေသေးတယ်ဆိုတာ တွေ့ရလိမ့်မယ်။

S, S နှစ်ဦးရဲ့ အမြင်အတိုင်းဆိုရင် ရုပ်ရှင်ဟာ ရွှေခေတ်ကိုလှမ်းတတ်နေသလို၊ တစ်ဘက်မှာလဲအမှောင်ခေတ်ထဲ ထိုးကျလာပြီပေါ့။ ဒီနေရာမှာ ရုပ်ရှင်တစ်ကားရဲ့ အောင်မြင်မှုအပေါ်မှာ ဝင်ငွေစံချိန်ချိုးပြီး ရုံပြည့်ရုံလျှံဖြစ်မှ အဖြေထွက်မယ်လို့ ယူဆသူတွေနဲ့ လူကြိုက်နည်းချင်နည်းမယ် အနုပညာအရေ အသွေးမြင့်မားမှုအပေါ်မူတည်ပြီး အောင်မြင်မှုကိုတိုင်းတာတဲ့ မျက်မှောက်ခေတ် indie filmmaker တို့အကြားမှာ ကွာခြားချက်ကတော့ ဘယ်လို့မှ စေ့စပ်နိုင်မယ်မဟုတ်ပါဘူး။

ဖလင်ခေတ်က ကျားကြီးခြေရာကြီးခဲ့ကြတဲ့ သူတွေအဖို့ စိတ်မှုပိုင်းဆိုင်ရာမှာ စိတ်ရှိတိုင်းပြေးခဲ့ကြတဲ့အခါ indie သမားတွေမှာ သမင်ဆယ်လှမ်းကျားတစ်လှမ်းဆိုသလို နောက်ချန်၊ ကျန့်ရစ်ခဲ့ကြရတာများပါတယ်။ ဒစ်ဂျစ်တယ် ခေတ်ရောက်လာတော့ ရုပ်ရှင်ကို ဝါသနာရှိသူတိုင်း ရိုက်ကူးဖန်တီးခွင့်ရသွားပါတယ်။

ရုပ်ရှင်လောကမှာ ဒစ်ဂျစ်တယ်က ဒီမိုကရေစီ လမ်းကြောင်းပေါ် တင်ပေးလိုက်သလို အခွင့်အလမ်းတွေ ပွင့်သွားတဲ့အတွက် စက်မှုပိုင်းဆိုင်ရာအတွက် လက်မှိုင်ချစရာမလိုတော့ဘဲ အနုပညာကွန့်မြူးချင်သလောက် အာရုံဖြန့်ကျက်ခွင့်ရလာပြီး indie သမားတွေ အပြိုင်းအရိုင်း ပေါ်ထွက်လာတာဝမ်းမြောက်စရာပါ။

ဒစ်ဂျစ်တယ်နည်းပညာနဲ့ လူမှုကွန်ရက်တွေ တိုးတတ်လာတာ



ဒစ်ဂျစ်တယ်ဖြစ် ဇာတ်ကားများကြားမှာ Super 16mm film နဲ့ ဝင်ပြိုင်ခဲ့တဲ့ *Happy Christmas* ဇာတ်ကားမှ ဇာတ်ဝင်ခန်း။




Mr. leos caraX နှင့် Web Junkie အမည်ရ Documentary



ကြောင့် ရုပ်ရှင်သမားတွေမှာ ကွင်းအသစ်ရသွားပါတယ်။ DSLR ဒါမှမဟုတ် iPhone တစ်လုံးရှိတယ်ဆိုရင်ပဲ အပြောကျယ်တဲ့ အွန်လိုင်းနယ်နဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ မြူထူးခွင့်ရလာပါတော့တယ်။ ကိုယ့်လက်ရာအတွက် ပရိသတ်ရှိမယ့် နေရာသစ်၊ ဝင်ငွေရှာနိုင်တဲ့ နည်းသစ်တွေပါ ဒစ်ဂျစ်တယ်ကိုမှီပြီး တိုးပွားလာတဲ့အခါမှာ စတူဒီယိုကြီးများက ဝါရင့်သမ္မာရင့် ဒါရိုက်တာ၊ ထုတ်လုပ်သူတွေရဲ့ အမြင်နဲ့ indie တို့ရဲ့ အမြင်မှာကွာခြားသွားရပါတော့တယ်။ ဒါကို ဒစ်ဂျစ်တယ် ဒီမိုကရေစီရဲ့ အခြားသောမျက်နှာစာအဖြစ်တွေ့လာပါတယ်။

## ရွက်ပုန်းသီးတွေ အလျှိုလျှို

ဒစ်ဂျစ်တယ်ရုပ်ရှင်လောကမှာ ရွက်ပုန်းသီးဝါသနာရှင်တွေဟာ လက်ရှိတန်းဝင်နေတဲ့ ရုပ်ရှင်သမားတွေနဲ့ ရင်ပေါင်တန်းလာနိုင်တာကို ထင်သာမြင်သာ ကြည့်မယ်ဆိုရင် ယခုနှစ်မှာ နှစ်၃၀ ပြည့်အဖြစ် ကျင်းပတဲ့ 2014 Sundance Film Festival က အကောင်းဆုံး သက်သေခံနိုင် ပါလိမ့်မယ်။

ပြပွဲကိုဇန်နဝါရီလ ၁၆ရက်ကနေ ၂၆ရက်နေ့ ပြုလုပ်ခဲ့ရာ မှာ ကဏ္ဍလေးမျိုးခွဲပြီးကျင်းပခဲ့ပါတယ်။ ဒီလေးမျိုးထဲမှာ Documentary လည်း အပါအဝင်ပေါ့။

Feature-lenght ရုပ်ရှင်ကဏ္ဍမှာ ဇာတ်ကားပေါင်း ၁၁၈ ကားအထိရွေးချယ်ခဲ့ရာမှာ နိုင်ငံပေါင်း ၃၇ နိုင်ငံ၊ ပထမအကြိမ်အဖြစ် ပြပွဲဝင်ခွင့်ရလာတဲ့ ရုပ်ရှင်သမားအသစ်ပေါင်းက ၅၄ ဦးအထိ ပါဝင်လာပါတယ်။

အခုနှစ်မှာ လျှောက်လွှာတင်သွင်းတဲ့ ဇာတ်ကားပေါင်း ၁၂၂၁၈ ကား အထိရှိလာခဲ့တယ်။ ဒီထဲမှာ Short films ၈၁၆၁ ကားနဲ့ ဇာတ်လမ်းရှည်ရုပ်ရှင် 4057 အထိ ရှိပါတယ်။ Feature film ကဏ္ဍမှာ အမေရိကတစ်နိုင်ငံတည်းက ပဏာမအရွေးချယ်ခံဖို့ တင်ခဲ့တာချည်းပဲ ၂၀၁၄ ကားအထိရှိပြီး နိုင်ငံတကာကလှမ်းပြီးတင်ကြတာ ၂၀၄၃ ကားအထိ ရှိခဲ့ပါတယ်။

ဒီစာရင်းကိုကြည့်လိုက်တဲ့အခါ အခုနှစ် Sundance 2014 ပြပွဲဟာ ၁၉၉၀ပြည့်လွန်နှစ်များက ဟုန်းကနဲ ထထောက်ခဲ့တဲ့ indie film တွေဘက်ကို တစ်ကျော့ပြန် ဦးစားပေးလိုက်သလို ဖြစ်ပါတယ်။ ကောဇာနီတွေပေါ်မှာ လျှောက်လှမ်းနေကြတဲ့ စတူဒီယိုကြီးတွေက လက်ရာတွေထက် ရွက်ပုန်းသီးတွေရဲ့ စာမျက်နှာကို ပိုမို ဖွင့်လှစ်ပေးလိုက်သလို ဖြစ်ခဲ့ပါတယ်။ ဒါကလည်း ပြိုင်ပွဲဝင်တွေ အများအပြား ပေါ်ထွက်လာစေတဲ့ ဒစ်ဂျစ်တယ်နည်းပညာရဲ့ အကျိုးကျေးဇူးကြောင့်ပါပဲ။

## အွန်လိုင်းနဲ့လိုက်လျော်ညီထွေ

ပြီးခဲ့တဲ့နှစ်တွေကဆိုရင် အင်တာနက်ခေလ့က ရုပ်ရှင်ပြပွဲတွေကို ကောင်းကောင်းကြီးနှက်လိုက်သလိုဖြစ်ခဲ့ဖူးတယ်။ YouTube နဲ့ Vimeo တို့လို ဗီဒီယိုဝေငှတဲ့ ဆိုက်တွေကြောင့်ရုပ်ရှင်ပြပွဲတွေ အနည်းငယ်မှေးမှိန်စေခဲ့တယ်။ အခု Sundance က အဲဒီဆိုက်တွေနဲ့ လက်တွဲလိုက်တာ YouTube ဆိုရင် အဓိကပူးပေါင်းသူနေရာမှာ တောင်ရောက်သွားတယ်။ Sundance Insititute ကနေပြီး indie film ၁၁ ကားကို YouTube, iTunes, Amazon Instant Video, Microsoft Xbox, Sony Entertainment Network နဲ့ SundanceNOW တို့ကနေ ကြည့်နိုင်ပြီလို့ ကြေညာလိုက်ပြီး ပြပွဲရဲ့ နယ်နိမိတ်ကိုပါ ချဲ့ထွင်လိုက်တယ်။

ဒါတင်မပါဘူး။ Sundance အတွက် YouTube မှာ Main Street ဆိုတဲ့ ကဏ္ဍကိုတင်လိုက်တဲ့အခါ ပြပွဲကျော်တွေမှာ ကိုယ့်ကွန်ပျူတာစားပွဲကနေ တစ်ဖဝါးမှမခွာဘဲရှုစားခွင့် ထပ်ရသွားတယ်။ Main Street မှာ ဆွေးနွေးပွဲတွေကျင်းပတဲ့ panels၊ happy hours အစီအစဉ်တွေ၊ ဇာတ်ကားလက်ခံ၊ ပြသ၊ ဆွေးနွေးခန်းစတာတွေပါ ကျယ်ကျယ်ပြန့်ပြန့်လုပ်လိုက်တာဟာ ရွက်ပုန်းသီးတွေနဲ့ ဝါသနာရှင်များစွာအတွက် ဒစ်ဂျစ်တယ် ဒီမိုကရေစီ ရုပ်ရှင်လမ်းကြောင်း ပိုပွင့်သွားတာပါပဲ။

>>> စာမျက်နှာ(၃၉)သို့ . . .




## SingTech Smartphoneများကို အထူးအစီအစဉ်များဖြင့် ရောင်းချသွားမည်

၂၀၁၄ ခုနှစ် မေ (၃၀) ရက်နေ့မှ ဇွန် (၁) ရက်နေ့အထိ ကျင်းပသွားမည့် 2nd Mobile & Tablet Fair တွင် Sing Tech အမှတ်တံဆိပ် Smartphone များကို အထူးအစီအစဉ်အနေဖြင့် ရောင်းချသွားမည်။ " Z 500 ပုံမှန်ဈေးက ၉၉,၀၀၀ ကို Happy Hour ၈၉,၀၀၀ နဲ့ ရောင်းပေးမယ်။ i-Tab Mini ပုံမှန်ဈေးက ၁၈၂,၀၀၀ ကို Happy Hour ၁၇၂,၀၀၀ နဲ့ရောင်းပေးမယ်။ i 20 လည်း Happy Hour အစီအစဉ်ထဲမှာပါတယ်။ ဝယ်ယူထားတဲ့ တန်ဖိုးအတိုင်းပြန်ပေးမယ့် (Lucky Draw) အစီအစဉ်လဲရှိပါတယ်။ Survey Form ဖြည့်စေပြီး Discount Coupon ပြန်လည်ပေးအပ်ပြီး ကံစမ်းမဲလည်း ဖောက်ပေးမယ်" ဟု CYBER CITY Co.,LTD မှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထို့အပြင် CYBER CITY Co.,LTD မှတင်သွင်းသောမည်သည့် ဖုန်းအမျိုးအစားမဆို ဝယ်ယူသူတိုင်းအတွက်သတ်မှတ်ထားရှိသော လက်ဆောင်ပစ္စည်းများကိုလည်း ရရှိမည်ဖြစ်ကြောင်းသိရှိရသည်။ အသေးစိတ်သိရှိလိုပါက နံပါတ်-၇၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၂၅၈၈၊ ၂၀၀၉၀၆ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

***ကောင်းထက်***

## GREE Air Conများကို ၃နှစ် အာမခံဖြင့် ခရစ်ဟိုးကုမ္ပဏီမှ ရောင်းချ

CHRIS HO Company Ltd., မှ ကမ္ဘာ့ Air Conသုံးစွဲမှု၏ 35% ကိုရယူပိုင်ဆင်ထားသော GREE ကအမှတ်တံဆိပ် Air Con များကို တင်သွင်းရောင်းချပေးလျက်ရှိပြီး အဆိုပါ GREE အမှတ်တံဆိပ် Air Con များကို 3 years Warranty ဖြင့်အာမခံပေး၍ ရောင်းချလျက်ရှိကြောင်းသိရသည်။ အဆိုပါ GREE အမှတ်တံဆိပ် Air Con များမှ မျက်နှာကြက် တွင် အသင့်တပ်ဆင်နိုင်သော New Ceiling Cassette (School) Air-Con, Easy-Cool ( Moveable Air con), Floor Standing( Fresh Wind), Floor Ceiling Type, Tropical Duct Type, Cassette Type, Duct Type အစရှိသော မိမိအသုံးပြုလိုသည့် ပုံစံများကို ဝယ်ယူအသုံးပြုနိုင်ကြောင်း CHRIS HO Company Ltd., ၏ တာဝန်ရှိသူထံမှ သိရသည်။ GREE အမှတ်တံဆိပ် Air Con များနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုသူများအနေဖြင့် CHRIS HO Company Ltd., ဖုန်း 01-0564352, 01-564253 နှင့် 01-578605 သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။

***စိုးမင်းဦး***

## Banana IT & Mobile(Sale&Service)centerကို နိုင်ငံတကာအဆင့်မီ centerကဲ့သို့ဖွင့်လှစ်ထားရှိ



Citicom Co.,Ltd ၏ လက်လီအရောင်းဆိုင်ဖြစ်သော Banana IT & Mobile (Sale & Service) center ကို ၂၀၁၄ ခုနှစ် မေ(၁၇) ရက်နေ့မှစ၍ Junction Mawtin ၏ဒုတိယထပ် ဆိုင်ခန်းအမှတ် (307,308) တွင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း Citicom Co.,Ltd မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

Acer,Asus,Dell,Lenovo,HP အစရှိသော notebook မျိုးစုံနှင့်တကွ iPhone, iPad, Samsung, Huawei, Lenovo,Sony, HTC, Acer အစရှိသော မိုဘိုင်းလ်ဖုန်းများကို Banana IT & Mobile (Sale & Service) Center တွင်ဝယ်ယူနိုင်ကြောင်းသိရှိရသည်။ " Banana အရောင်းဆိုင်ကနေပြီး ဝယ်ယူတဲ့ notebook နဲ့ Handset များအတွက်လိုအပ်တဲ့ Software, Appliction,Game, Myanmar Font တွေကိုလည်း ဝယ်ယူသူစိတ်တိုင်းကျအခမဲ့ ဝန်ဆောင်မှုပေးသွားမှာပါ။ ဒါအပြင် ဝယ်ယူသူတွေအတွက်လည်း Distributor များကပေးထားတဲ့Warrantyကာလအတိုင်းအာမခံ အပြည့်အဝပေးသွားမှာပါ။ ထူးခြားချက်ကတော့ ထိုင်းနိုင်ငံမှာရှိတဲ့ နာမည်ကြီး Banana IT ဆိုင်တွေနဲ့ ထပ်တူကျွန်တော်တို့ရဲ့ Banana IT & Mobile (Sale & Service) center ကိုပြင်ဆင်ထားပါတယ်။ နိုင်ငံတကာအဆင့်မီ IT & Mobile ဆိုင်မှာဝယ်ယူနိုင်သလိုမျိုးခံစားတွေးမြင်နိုင်အောင် စီစဉ်ထားခြင်းဖြစ်ပါတယ်" ဟု Citicom Co., Ltd မှ Managing Director ဖြစ်သူ ဦးလှမိုးမှ ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံရှိနာမည်ကြီး Banana IT ဆိုင်ကဲ့သို့ ပြင်ဆင်ဖွင့်လှစ်ထားရှိသော Banana IT & Mobile အရောင်းဆိုင်တွင် Live Demo များကို ခင်းကျင်းပြသထားသည်။ Banana IT & Mobile ဆိုင်နှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ၀၉- ၃၀၀၉၆၃၇၇ သို့ ဆက်သွယ်နိုင်သည်။

***အောင်ရဲကျော်***

## its Computer, Mobile & I.T ဆိုင်ကို နေရာပြောင်းရွှေ့ဖွင့်လှစ်

Computer,Mobile နှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသော its computer, Mobile & I.T ဆိုင်သစ်ပြောင်းရွှေ့ဖွင့်လှစ်ပွဲအား ၂၀၁၄ ခုနှစ်၊ မေ ၂၆ ရက်တွင် နံနက် (၉း၀၀)မှ(၁၁း၃၀)နာရီအထိကျင်းပခဲ့ကြောင်းသိရသည်။ its computer,Mobile & I.T တွင် Mobile အမှတ်တံဆိပ်အမျိုးမျိုး၊ computer, Desktop များနှင့်တကွ ဆက်စပ်ပစ္စည်းများကို ဝယ်ယူရရှိနိုင်သည်။ its computer, Mobile & I.T ကို အမှတ်(၁၄၅)၊ ၃၈ လမ်း၊ (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တွင်ဖွင့်လှစ်ထားရှိခြင်းဖြစ်သည်။

***ကောင်းထက်***

⮞⮞⮞ *စာမျက်နှာ(၃၈)မှအဆက် . . .*

CIR (Center for Investigative Reporting) ဆိုရင် ရုပ်ရှင်သမားတွေနဲ့ စာနယ်ဇင်းသမားတွေရဲ့ ဆုံမှတ်တစ်ခုလို အောင်မြင်ခဲ့ပါတယ်။ အဲဒီမှာ ဖန်တီးသူတွေကသူတို့ရဲ့ ပရောဂျက်ထဲကသင့်ရာ clips တွေရွေးပြီးပြတာ၊ ရှင်းပြတာတွေ လုပ်ခဲ့လို့ ဒီနှစ်မှာ Sundance က အရင်နှစ်တွေကထက် ပိုပြီး အောင်မြင် ကျယ်ပြန့်ခဲ့တယ်။

**Main Street ထက်က Canon**

Canon ဟာ Sundance 2014 အတွက် Sustaing Sponsor အဖြစ်ရပ်တည်ပေးခဲ့တယ်။ အဓိကအားဖြင့် Main Street မှာ Canon Craft Services လို့ခေါ်တဲ့ အစီအစဉ်တစ်ရပ်ကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒီအစီအစဉ်မှာ Canon ကို ထုတ်လုပ်သူများနဲ့ Sundance မှာ ဝင်ပြိုင်တဲ့ ရုပ်ရှင်သမားတွေအကြား အပြန်အလှန်မေးဖြေ ရှင်းလင်းပြောကြားကြတဲ့ အစီအစဉ်ပါ။

လုပ်လည်း လုပ်သင့်ပါတယ်။ ဒစ်ဂျစ်တယ် ကင်မရာတွေနဲ့ရိုက်ပြီး လာပြိုင်ကြတဲ့အထဲမှာ ပြပွဲရဲ့ ၂၀ရာခိုင်နှုန်းသော ရုပ်ရှင်ဇာတ်ကားတွေ ဟာ Canon ကင်မရာကို အဓိကထားပြီး ရိုက်လာကြတဲ့တာတွေ ဖြစ်နေတယ်လို့ ဆိုတယ်။ ဒါကြောင့် Canon Craft Services ဆိုပြီး စီစဉ်လိုက်တဲ့အခါမှာ ကုမ္ပဏီရဲ့ ဒစ်ဂျစ်တယ် ရုပ်ရှင်ကင်မရာဖြစ်တဲ့ Cinema EOS C100, C300, C500 တွေနဲ့ Cinema Lens တွေကို စမ်းသုံးခွင့်၊ ဆွေးနွေးခွင့်ရကြသွားတယ်။ ဒါတင်မကပါဘူး DSLR နဲ့ XA Camcorder တွေ အတွက်ပါ သိချင်တယ်ဆိုရင်လည်း ရခဲ့ကြတယ်။

ဒါကြောင့် ထုတ်လုပ်သူနဲ့သုံးစွဲသူသာမက ဖန်တီးသူတို့ကြားမှာပါ အသိပညာအပြန်အလှန်ဝေငှခွင့်သာစေခဲ့တယ်။ တစ်ခါ ရုပ်ရှင်ဇာတ်ကားကြီးကို ဖန်တီးသူလူနည်းစုနဲ့ "guerrilla style" ရိုက်ကူးခဲ့တဲ့ ဇာတ်ညွှန်းရေး၊ ကင်မရာကိုင်၊ ဒါရိုက်တာလုပ်ခဲ့သူ Jeremy Saulniner ရဲ့အတွေ့အကြုံ ရင်ဖွင့်ခန်းကပရိတ်သတ် စိတ်ဝင်စားမှုများခဲ့ကြတယ်။ Guerrilla style ဆိုတဲ့အတိုင်း ပြောက် ကျားအဖွဲ့ငယ်ကလေးက စခန်းကြီးတစ်ခုလုံး ဖြိုခွင်းလိုက်သလို ငွေရောင်ပိတ်ကားနောက်ကွယ်ကလူနည်းစုနဲ့ ဖန်တီးခဲ့တဲ့သူ့ရဲ့ *Blue Ruin* ဇာတ်ကားဟာလည်း ပြပွဲမှာပေါက်ကားတစ်ကားဖြစ်တဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဒစ်ဂျစ်တယ်ရုပ်ရှင်ရိုက်ကင်မရာနဲ့ နည်းပညာသစ်တွေကြောင့် လူသစ်တန်းတွေရှေ့တန်းကိုတိုးထွက်လာနိုင်ပါပြီ။

ဒီလိုပဲ စရိတ်နည်းနည်းနဲ့ big-budget ရုပ်ရှင်ကားဖြစ်အောင် ဖန်တီးတဲ့အပိုင်းမှာလည်း DP, John Guleserian ဆိုသူက *Crossing the Bridge from DSLR to Cinema-Style Filmmaking* ဆိုပြီး *DSLR* နဲ့ သုံးပြီး ရုပ်ရှင်ရိုက်တဲ့အခါ ကြုံတွေ့ရတတ်တဲ့ အားနည်းချက်၊ အားသာချက်တွေကို ပြောပြတဲ့ အခန်းကလည်း အတော်အသင့် စည်ကားခဲ့ပါသေးတယ်။ ဒါတွေဟာ အခုနှစ် Sundance 2014 မှာ ပွင့်လင်းလာတဲ့ အားရစရာအချက်တွေပါ။ ဒါကြောင့် ရုပ်ရှင်ဟာ ဝါသနာရှင်တိုင်း လက်လှမ်းမီနိုင်တဲ့အဆင့်ကို အတိအကျရောက်သွားပြီလို့ဆိုရင် လွန်မယ်မထင်ပါဘူး။ ရုပ်ရှင်အတွက် ဒစ်ဂျစ်တယ်ဒီမိုကရေစီခေတ်ရောက်မှ ကိုယ့်ဝါသနာကို ပွဲမထုတ်သေးဘူးဆိုရင်တော့ စကားတစ်ခွန်းကို နားထောင်ကြည့်သင့်တယ်လို့ ထင်ပါတယ်။

Sundance Film Festival က ဒါရိုက်တာတစ်ဦးဖြစ်တဲ့ John Cooper က ဖွင့်ပွဲနေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့တဲ့ စကားက-

> "အနှစ်၃၀ကာလအတွင်း indie film လှုပ်ရှားမှုကဖြစ်လာတဲ့ အသီးအပွင့်တွေအပေါ်မှာ ရုပ်ရှင်သမားတွေရဲ့ လုပ်ပိုင်ခွင့်နဲ့ လုပ်ရဲကိုင်ရဲတဲ့ အစွမ်းကို မြှင့်တင်ပေးနိုင်မယ့် ဇာတ်ကားတွေကို အခုနှစ် ပြပွဲအတွက် ရွေးချယ်ခဲ့ပါတယ်။ မီဒီယမ်တွေကို ယုံကြည်မှုအပြည့်နဲ့ သုံးပြီး ပရိတ်သတ်တွေရဲ့ ရင်သက်ရှုမောမှုကို ဖမ်းစားနိုင်ဖို့အတွက် indie film ရဲ့ထူးခြားတဲ့ အခန်းကဏ္ဍဟာ ယဉ်ကျေးမှုရှုမျှော်ခင်းထဲမှာ အသုံးတော်ခံဖို့ အသင့် ဖြစ်နေပါပြီ" ပါတဲ့ဗျာ . . .။

# EDUCATION NEWS

**GRAPHIC DESIGN**

## Dynasty မှမိုးရာသီအထူးအစီအစဉ်အဖြစ် သင်တန်းတက်ရောက်သူများအတွက်ဗလာမပါကံစမ်းမဲ ပြုလုပ်သွားမည်




မိုးဦးရာသီကို ကြိုဆိုသောအနေဖြင့် Dynasty မှ မိုးဦးရာသီဗလာမပါ ကံစမ်းမဲအထူးအစီအစဉ်ကို ၂၀၁၄ ဇွန်လ ၁ရက်နေ့မှ စတင်၍ ပြုလုပ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Dynasty သည် ကွန်ပျူတာနှင့်ပတ်သက်သော ioffice Course, DTP Course, Excel Special Course, Graphic Design Course, Layout & Design Course Auto CAD 2D Course နှင့် Auto CAD 3D Course သင်တန်းများကို သင်ကြားပေးသည့်အပြင် 4 Skill English ကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။အဆိုပါ Dynasty ၏ June လမိုးဦးရာသီအထူးအစီအစဉ်အနေဖြင့် ဗလာမပါ ကံစမ်းမဲအစီအစဉ်ကို ၂၀၁၄ ဇွန် ၁ ရက်နေ့မှ စတင်၍ Dynasty မှ Course တစ်ခု အပ်နှံသူများအတွက် ဗလာမပါ ငွေသားကံစမ်းမဲအဖြစ် ငွေကျပ် ငါးရာမှ ငွေကျပ်တစ်သိန်းအထိ ပါဝင်မည်ဖြစ်ပြီး အခြားဆုမဲပေါင်းများစွာနှင့် သင်တန်းကြေး အခမဲ့တက်ရောက်နိုင်မည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ Computer Course (၁)ခု အပ်နှံသူတိုင်း ကံစမ်းမဲလက်မှတ် တစ်စောင်ရရှိမည်ဖြစ်ကြောင်း၊ လူဦးရေ ကန့်သတ်ထားသောကြောင့် ကြိုတင်စာရင်းပေး အပ်နှံရမည်ဖြစ်ကြောင်း Dynasty ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ထို့အပြင် အင်္ဂလိပ်စာ 4 skill တက်ရောက်လိုသည့်သူများအတွက်လည်း သင်တန်းကြေးအနေဖြင့် တစ်လလျှင် ငွေကျပ် ၅,၀၀၀ ကျပ်ဖြင့် တက်ရောက်နိုင်မည်ဖြစ် ကြောင်း ဆက်လက်သိရှိရ သည်။ အသေးစိတ်သိရှိလိုသူများနှင့် သင် တန်းအပ်နှံလိုသူများသည် Dynasty ၊ ဖုန်း ၀၉-၄၂၁၀၀၉၇၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ ***စိုးမင်းဦး***

## Java နည်းပညာသင်တန်းသစ်ကို M3WI မှ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရ

Myanmar WWW Institute (M3WI) သင်တန်းကျောင်းမှ Java နည်းပညာ အထူးပြုတန်းခွဲသစ် (Certified Java Programmer- J2SE) သင်တန်းသစ်ကို ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ " Certified Java Programmer (J2SE) Course ဟာ Computer Programming Language ကို စတင်လေ့လာလိုသူများအနေနှင့် C, C ++ စသော Programming Language ကို လေ့လာ သိရှိပြီးသူများအနေဖြင့် Java Programming Language ကို စိတ်ဝင်စား၍ လေ့လာသင်ယူချင်ပါက တက်ရောက်သင့်သော သင်တန်းဖြစ်ပါတယ် " ဟု Myanmar WWW Institute (M3WI) သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ အဆိုပါသင်တန်းတွင် OOP သဘောတရားများကို အသေးစိတ်သင်ကြားပေးခြင်း၊ Java ၏ Advanced Features များ ဖြစ်သည့် Collection Framework အောက်၌ ပါဝင်သော Classes နှင့် Interfaces များ၊ Multithreading Program များ သင်ကြားခြင်း၊ HTML Pageများတွင် Java Applet class ထည့်သွင်းအသုံးပြုပုံကို သင်ကြားပေးခြင်း၊ Network Program များရေးသားခြင်း၊ User Interface ပါဝင်သော GUI Application Program များကို Database နှင့် ချိတ်ဆက်၍ ရေးသားပုံကို သင်ကြားပေးခြင်း စသည်ဖြင့် များစွာသော Java ၏ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို စနစ်တကျ သင်ကြားပေးသွား မည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် သင်တန်းတက်ရောက်နေစဉ်အတွင်း Module တစ်ခုပြီးတိုင်း Quizz များ ဖြေဆိုစေခြင်း၊ Assignment များကို ကိုယ်တိုင်ရေးသားစေခြင်း၊ Exam များ ဖြေဆိုစေခြင်း၊ ထို့အပြင် သင်တန်းကာလအားလုံးပြီးဆုံးပါက Database နှင့်ချိတ်ဆက်၍ Class Project တစ်ခုကို တစ်ယောက်ချင်းစီရေး သားစေခြင်းတို့ကို စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းကာလမှာ (၅)လခန့် ကြာမြင့်မည်ဖြစ်ပြီး (စနေ+တနင်္ဂနွေ) (နံနက် ၉း၁၅ မှ ၁၂း၁၅) ထိ တက်ရောက်ရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက M3WI လှိုင်တက္ကသိုလ်များနယ်မြေ၊ ဖုန်းနံပါတ်- ၆၅၂၂၈၈၊ ၅၂၁၂၂၅ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

***ကောင်းထက်***

## MCPA မှ Networking သင်ခန်းစာများကိုလက်တွေ့ သင်ကြားပေးသွားမည်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ အသိအမှတ်ပြု စာမေးပွဲများကို ၂၀၁၄ခုနှစ်၊ ဇွန်(၂၂)ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါစာမေးပွဲသည် Professional နယ်ပယ်သို့ စတင်ဝင်ရောက်ရန်အတွက် အဓိကလိုအပ်သော အသိပညာများနှင့် ပညာရှင်နယ်ပယ်တွင် စတင်လုပ်ကိုင်သည့်အခြေအနေသို့ ရောက်ရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ သင်တန်းသည် MCPA Certified Network Associate (NA) စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူများ တိုးတက်လာစေရန်နှင့် Networking ဆိုင်ရာ အခြေခံဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ သင်ကြားဖွင့်လှစ်ခြင်း ဖြစ်သည်။သင်ကြားမည့် ဘာသာရပ်များမှာ Desktop PC Hardware, Networking Fundamental, Desktop OS, WLAN, NOS and Network Environment, Security, Network Management အစရှိသော ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထို့အပြင် Networking သင်ခန်းစာများကို ICT Lab တွင် လက်တွေ့သင်ကြား ပေးမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ ၂၀၁၄ခုနှစ်၊ ဇွန်(၁၃ မှ ၁၅) ရက်နေ့ထိ (သောကြာ၊ စနေ၊ တနင်္ဂနွေ) တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသည့် သင်တန်းသားများအနေဖြင့် နံနက် ၉း၃၀ မှ ညနေ ၅း၀၀အထိ တက်ရောက်ရမည်ဖြစ်သည်။ သင်တန်းကြေးအဖြစ် ငွေကျပ် ၁၀,၀၀၀ ပေးသွင်းရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် - ၆၅၂၂၇၆၊ ၇၃၀၈၈၃၀၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

***ကောင်းထက်***

## KMD Education Services မှ Overseas Studies Counseling များကို အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိ

KMD Education Services အနေဖြင့် နိုင်ငံတကာတွင် ပညာ သင်ယူလိုသော မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများအတွက် ဝန်ဆောင်မှုပေးလျက်ရှိပြီး ယခုအခါ အရှေ့တောင် အာရှနိုင်ငံများအတွင်းရှိ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သော ထိုင်းနိုင်ငံ၏ Assumption University ၏ Affiliated Centre တစ်ခုအဖြစ် Overseas Studies Counseling ဝန်ဆောင်မှုများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ထိုင်းနိုင်ငံ၏ Assumption University တွင် Bachelor Degree များ၊ Master Degree များအပြင် PH.D Degree များအထိ တက်ရောက် နိုင်ပြီး အမေရိကန်သင်ကြားမှုနည်းစနစ်ကို အခြေခံ၍ Credit System ဖြင့် သင်ကြားပေးကြောင်း၊ အဆိုပါ Assumption Universtiy ၏ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံ၏ ကျောင်းသား၊ ကျောင်းသူများအတွက် KMD Overseas studies Counceling Services မှ ဆွေးနွေးအကြံပြု၍ အကောင်းဆုံးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။အဆိုပါဝန်ဆောင်မှုများသည် တက္ကသိုလ်တွင် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများနှင့် Entry Requiement များအကြောင်း ဆွေးနွေးရှင်းပြပေးခြင်း၊ Tution Fees နှင့် အခြားကုန်ကျစရိတ်များကို တွက်ချက်ရှင်းလင်းပြောပြပေးခြင်း၊ Application Form တင်ပေးခြင်းများအပြင် Visa နှင့် Passport အခက်အခဲမရှိစေရန် Acceptance Letter တွင် Endorsement ပြုလုပ်ပြီးသည်အထိ စီစဉ်ဆောင်ရွက်ပေးခြင်းများအားလုံး အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း KMD Education Services ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ စိတ်ပါဝင်စားသော ကျောင်းသား၊ကျောင်းသူများသည် ၂၀၁၄ ဇွန် ၁၁ ရက်နေ့ နောက်ဆုံးထားစာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသူများအနေဖြင့် KMD Education Services ဖုန်း ၀၁-၃၈၁၇၇၆၊ ၀၁-၃၈၁၀၁၃၅ နှင့် ၀၁-၃၉၁၂၈၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ ***စိုးမင်းဦး***

## ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြု စာမေးပွဲကျင်းပရန်စီစဉ်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အသိအမှတ်ပြု Network စာမေးပွဲများကို ၂၀၁၄ခုနှစ်၊ ဇွန်မှအစပြု၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းနှင့် အသင်းခွဲများရှိရာ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် မကွေးတိုင်းတို့တွင် တပြိုင်နက် Network စာမေးပွဲများကို ကျင်းပစစ်ဆေးသွားမည်ဖြစ်သည်။ အိုင်တီပညာရှင်များအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသော ကျောင်းသား၊ ကျောင်းသူ၊ အသင်းဝင်များအတွက် အရည်အချင်းကို အသိအမှတ်ပြုခံနိုင်ရန် ရည်ရွယ်၍ ဦးတည်စစ်ဆေးသော Network စာမေးပွဲဖြစ်သည်။ အဆိုပါစာမေးပွဲသည် Professional နယ်ပယ်သို့ စတင်ဝင်ရောက်ရန်အတွက် အဓိကလိုအပ်သော အသိပညာများနှင့် ပညာရှင်နယ်ပယ်တွင် စတင်လုပ်ကိုင်သည့် အခြေအနေသို့ ရောက်ရှိမည်ဖြစ်ကြောင်းသိရသည်။ Network စာမေးပွဲကြေးအဖြစ် ငွေကျပ် (၅,၀၀၀)ပေးသွင်းရမည်ဖြစ်ပြီး အဆိုပါစာမေးပွဲကို Room 105, MICT Park ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

***ကောင်းထက်***

# Mobile Handset and Tablet Price List

## SAMSUNG

| | |
|---|---|
| Eider E1205 | 20,000 |
| Coconut E1195 | 25,000 |
| Citrus C3520 | 52,000 |
| GALAXY Pocket Neo | 90,000 |
| GALAXY Young S6310 | 116,000 |
| GALAXY Fame S6810 | 147,000 |
| GALAXY S Duos S7562 | 169,000 |
| GALAXY Ace 3 S7270 | 180,000 |
| GALAXY Core I8262 | 215,000 |
| GALAXY Win I8552 | 240,000 |
| GALAXY Grand Duos | 264,000 |
| GALAXY Grand 2 Duos | 325,000 |
| GALAXY Mega 5.8 | 330,000 |
| GALAXY Note II | 490,000 |
| GALAXY S4 I9500 | 575,000 |
| GALAXY Note 3 N9000 | 690,000 |
| GALAXY Gear SM-V700 | 180,000 |

Contact - 01-2399888

## SONY

| | |
|---|---|
| Xperia Z(Tablet) | 649,000 |
| Xperia Z Ultra | 609,000 |
| Xperia Z1 | 549,000 |
| Xperia Z | 389,000 |
| XPERIA ZR (White) | 459,000 |
| XPERIA ZR (Black) | 425,000 |
| Xperia TX | 335,000 |
| XPERIA SP (Black) | 279,000 |
| XPERIA SP(White) | 279,000 |
| XPERIA SP(Red) LTE | 295,000 |
| Xperia C | 249,000 |
| Xperia V | 289,000 |
| Xperia L | 209,000 |
| Xperia Go | 139,000 |
| Xperia J | 179,000 |
| Xperia M | 179,000 |
| Xperia Miro | 153,000 |
| Xperia E | 99,000 |

Contact - 01 -398566

## TABLET

| | |
|---|---|
| King Com C75 | 62,900 |
| King Com 7C | 69,000 |
| King Com 9B | 98,000 |
| King Com D77 | 89,000 |
| King Com 9C | 115,000 |
| King Com D83 | 125,000 |
| I pad Air 3G (128GB) | $955 |
| I pad Mini 3G (16GB) | $472 |

Contact - 01-8604200, 09 73171214

## HUAWEI

| | |
|---|---|
| P6 | 298,000 |
| P6 (Pink) | 298,000 |
| P6 (CDMA) | 339,000 |
| Mate | 275,000 |
| Honor-2 | 230,000 |
| Honor-3 | 270,000 |
| G730u | 155,000 |
| G730c | 176,000 |
| G610s | 130,000 |
| G610C | 145,000 |
| C8815 | 139,000 |
| C8813D | 129,000 |
| C8813DQ | 143,000 |
| G700U | 202,000 |
| G700T | 200,000 |
| Y300 | 93,000 |
| Y310s | 58,000 |
| Y300C | 92,000 |
| Y320C | 73,000 |
| Y320 | 75,000 |
| C5737 | 44,000 |
| T8951 | 95,000 |
| G510 | 110,000 |
| Y511 | 87,000 |
| Y220T | 45,000 |
| G520 | 112,000 |
| T5900 | 49,000 |
| U606 | 107,000 |
| Y500 | 92,000 |
| G525 | 131,000 |
| S7 | 170,000 |
| S10 | 199,000 |
| P1 | 213,000 |
| G520s | 116,000 |
| P1 XL | 185,000 |
| Y325 | 63,000 |

Contact - 09-420030055

## SINGTECH

| | |
|---|---|
| C220 | 29000 |
| M 90 | 37000 |
| M 60 | 29000 |
| T 500 | 30000 |
| E 10 | 47000 |
| A 22 | 60000 |
| I 10 | 92000 |
| X 41 | 90000 |
| S240 | 38,000 |

Contact - 01-202588

## htc

| | |
|---|---|
| One Max | 680,000 |
| One(32GB) | 569,000 |
| Desire 700 CP5 | 382,000 |
| Desire 300 G3 | 192,000 |
| Butterfly | 599,000 |
| Desire 600C | 349,000 |

Contact - 01-256723

## NOKIA

| | |
|---|---|
| LUMIA 520 (black) | 175,000 |
| LUMIA 720 (black) | 320,000 |
| LUMIA 920 | 530,000 |
| LUMIA 820 | 370,000 |
| 105 | 28,000 |
| 206 | 70,000 |
| ASHA 210(Dual Sim) | 75,000 |

Contact - 0931 621515

## lenovo

| | |
|---|---|
| K900 | 399,000 |
| A390 | 89,000 |
| S920 | 217,000 |
| S820 | 223,000 |

Contact - 01-256723

## HiWAY

| | |
|---|---|
| GH-520 | 85,000 |
| GH-970 | 115,000 |
| I310 | 65,000 |
| GK-07 | 35,000 |

Contact - 01-9000541

## APPLE

| | |
|---|---|
| iPhone5S Gray(16GB) | 695,000 |
| iPhone5S Silver(16GB) | 695,000 |
| iPhone5S Gray(32GB) | 799,000 |
| iPhone5S Silver(32GB) | 799,000 |
| iPhone5S Gray(64GB) | 909,000 |
| iPhone5S Silver(64GB) | 909,000 |

Contact - 09 73171212

## KINGCOM

| | |
|---|---|
| King Com KC4 | 29,600 |
| King Com 902 | 65,000 |
| King Com 403 | 93,000 |
| King Com 503 | 118,000 |

Contact - 01-391635

## acer

| | |
|---|---|
| Liquid Z3 | 80,000 |
| Liquid E2 | 275,000 |
| Liquid S1 | 450,000 |

Contact - 01-2301797

## Coolpad

| | |
|---|---|
| 5108 (Black/White) | 48,000 |
| 5216D ( Black ) | 66,000 |
| 5218s (White) | 71,000 |
| 7270 (White) | 105,000 |
| 5219 (Blue) | 121,000 |
| 5219 (White) | 124,000 |
| 7295C (White) | 140,000 |
| 7296 (Black) | 146,000 |

Contact - 01-391328

## GiONEE

| | |
|---|---|
| E6 | 335,000 |
| E3 | 220,000 |
| M20 | 30,000 |
| M23 | 40,000 |
| GN205 | 60,000 |
| INFINITY | 155,000 |
| L200 | 40,000 |
| L800 | 55,000 |
| M2 | 141,000 |
| B118 | 30,000 |
| M70 | 30,000 |
| GN800 | 165,000 |
| M260 | 55,000 |
| Pioneer | 47,000 |
| Pocket | 35,000 |
| S20 | 45,000 |
| S30 | 50,000 |

Contact - 0933279277



# Notebook Price List



## acer — Contact - 01 - 227781

**Aspire V5-132P** $ 570
Intel Pentium Dual-Core 2129Y,Intel HD Graphic ,4GB DDR3, 500GB HDD, 11.6" Multi-Touch HD IPS Display ,Acer Nplify 802.11 a/g/n Wi-Fi,Acer HD Webcam,USB 2.0,3Cells Battery

**Aspire P3-171** $ 729
IntelCorei3 -3229Y, 1.4GHz ,3MB L3 Cache,Intel HD Graphic 2GB,60GB SSD,Display 11.6",IPS HD 1366x769 Multi Touch Screen Acer Nplify 802.11 a/g/n Wi-Fi,4Cells Battery

**Aspire E1-470** $475
3 rd Gen,Ivy Bridge Intel Core i3-3217U Processor,Intel HD Graphic 4000,4GB DDR3,500 GB HDD,14" HD Acer CineCrystal LED LCD,DVD-Super Multi DL Drive, 4 Cells Battery

**Aspire V5-473G** $ 595
4 th Gen,Haswell Intel Core i3-4010U Processor,NVIDIA Geforce740M 2GB, VRAM, 4GB DDR3, 500 HDD, 14" HD Acer CineCrystal LED LCD, DVD-Super Multi DL Drive, Webcam,Bluetooth 4.0 Acer Nplify 802.11 a/g/n Wi-Fi, 4 Cells Battery

**Acer Aspire P3-171** 801,900Ks
3rd Generation Intel Core i3-3229Y (1.4GHz 3MB L3 Cache),2GB DDR3 Memory, 60GB SSD,11.6" Multi-touch HD IPS LCD,Acer Crystal Eye Full HD Webcam/ 5MP Camera,Acer Nplify 802.11 a/g/n, Bluetooth 4.0,USB 3.0, Mini HDMI,4-cell Li-Polymer Battery,Windows 8 Single Language 64-bits

## ASUS — Contact - 01 - 210943

**ASUS G750JX-CV159H** $ 2,149.00
IntelCorei7-4700HQ-2.4GHz 6M,16GD3L/1600, 2 TB (5400rpm), Nvidia GTX770M 3GDDR5,Blu-Ray DVDRW,17.3"Full HD(LED),11n,Gbit LAN,Card Reader, HDMI, Bluetooth,Web-Cam, USB3.0

**ASUS G55VW-S1237H** $ 1,649.00
IntelCorei7-3630QM-2.4GHz 6M,16GD3/1600 , 1 TB(5400rpm),Nvidia GTX660M 2GDDR5,Blu-Ray DVDRW,15.6"Full HD(LED),11n,Gbit LAN,Card Reader,HDMI,Bluetooth,Web-Cam,USB3.0

**ASUS N56VZ-S4247H** $ 1,199.00
IntelCorei7-3630 QM-2.4GHz 6M,8GD3/1600 up to 16G,Sata 1TB(5400rpm),Nvidia GT650m(2G/DDR3),Blu Ray DVD RW,15.6"HD(LED),11n,Gbit LAN,Card Reader,HDMI,Bluetooth,Web-Cam, USB 3.0

**ASUS TAICHI21-CW012H** $ 1,429.00
IntelCore i7-3537U-2.0,4GB/DDR3 (onboard),SATA III SSD 128GB,Intel GMA,11n,11.6",FullHD, Dual Screens,Bluetooth 4.0, HD 720p Camrea,Window 8,6Cell,BAG,CABLE,STYLUS\

**ASUS G750JX-CV159H (Gaming Series)** $ 2,149.00
IntelCorei7-4700HQ-2.4GHz(Turbo Boost 3.4GHz) 6M,16GD3L/1600 (8*8), 2 TB (5400rpm),Nvidia GTX770M 3GDDR5,Blu-Ray DVDRW,17.3"Full HD(LED),11n,Gbit LAN,Card Reader,HDMI,Bluetooth,Web-Cam

## DELL — Contact - 01 - 210943

**Inspiron 3437 OAK14V_1501_2108** $609.00
4th Gen Intel® Core™ i5-4200U processor (3M Cache, up to 1.6 GHz),4GB DDR3L 1600Mhz,500GB 5400RPM SATA Hard Drive,14.0" Display,DVD+/-RW Optical Drive,NVIDIA® GeForce®GT720M 1GB DDR3,Dell™ Wireless Bluetooth v4.0,1 Year Warranty

**Inspiron 3537 OAK15V_1501_2133** $619.00
4th Gen Intel® Core™ i5-4200U processor (3M Cache, up to 2.6 GHz),4GB DDR3L 1600Mhz,500GB 5400RPM SATA Hard Drive,15.6" Display, DVD+/-RW Optical Drive,AMD Radeon HD 8670M 1GB DDR3,Dell™ Wireless Bluetooth v4.0,1 Year Warranty

**Inspiron 5537 OAK15M_1501_2134** $689.00
4th Gen Intel® Core™ i5-4200U processor (3M Cache, up to 2.6 GHz),4GB DDR3L 1600Mhz,1TB 5400RPM SATA Hard Drive, 15.6" Display, DVD+/-RW Optical Drive,AMD Radeon HD 8670M 2GB DDR3,Dell™ Wireless Bluetooth v4.0,1 Year Warranty

**Inspiron 3421 OAK14M_1405_140** $489.00
3rd Gen Intel® Core™ i3-3217U processor (3M Cache, 1.8 GHz),2GB DDR3 1600Mhz, 500GB 5400RPM SATA Hard Drive, 14.0" Display,DVD+/-RW Optical Drive,NVIDIA® GeForce® GT625M 1GB DDR3,Dell™ Wireless Bluetooth v4.0,1 Year Warranty

**Inspiron 3437 OAK14V1501_2106** $579.00
4th Gen Intel® Core™ i3-4010U processor (3M Cache, 1.7 GHz), 4GB DDR3L 1600Mhz, 500GB 5400RPM SATA Hard Drive,14.0" Display, DVD+/-RW Optical Drive,Nvidia GeForce GT720M 2GB DDR3,Dell™ Wireless Bluetooth v4.0,1 Year Warranty

## SINGTECH — Contact - 01 - 202588

**Ultra Book U 30**
Intel ivy Bridge Corei3 Processor 3110MN (2.4GHz) 4GB DDR3333MHz Memory **$ 439,00**
500GB 5400rpm SATA HDD 14.1" Crystal LED Screen HD LCD (1366x768)

**Power Book pB20**
Intel Sandy Bridge B960 Processor (2.2GHz) 4GB DDR3 1333MHz Memory **$ 449,00**
750GB 5400rpm SATA HDD 15.6" Crystal LED Screen HD LCD (1366x768)
Nvidia Geforce GT630M 1GB GPU Card

**W549BL-C702G32BL** 299,000Ks
AMD C70 Radeon 1.6GHz,2GB DDR3 1333MHz Memory,320GB 5400rpm SATA HDD,14.0" Crystal LED Screen HD LCD(1366x768),DVD R/W, 9in1 Cardreader,Wireless 802.11b/g&N

**W549CZ-C1017U2G32CZ** 299,000Ks
Intel Celeron 1017U 1.6GHz,2GB DDR3 1333MHz Memory,320GB 5400rpm SATA HDD,14" Crystal LED Screen HD LCD(1366x768),DVD R/W,9in1 Cardreader,Wireless 802.11b/g&N

**W540EU-B962G50Mn Bk** $ 369.00
Intel Sandy Bridge B960 Porcessor (2.2GHz),2GB DDR3 1333MHz Memory,500GB 5400rpm SATA HDD,14.1"Crystal LED Screen HD LCD(1366x768), DVD R/W, USB3.0,5in1Cardreader, Wireless 802.11b/g&N

## hp — Contact - 09 - 250088599

**HP 1000-1405TU ( PDC )** $ 389
Intel® Pentium Dual-Core™ 2020M (2.4GHz, 2MB), 2GB DDR3, 500GB HDD, 14" HD Bright View LED-backlit,DVD-RW, LAN, Wi-Fi, Camera, Card Reader, Bluetooth, 6cells Battery.

**HP 1000-1418TU ( i3 )** $ 449
Intel® Core™ i3 3110M ( 2.4 GHz , 3MB ), 4GB DDR3, 500GB HDD, 14" HD BrightView LED-backlit, DVD-RW, LAN, Wi-Fi, Camera, CardReader, 6cells Battery

**HP 1000-1416TX ( i5 )** $ 579
Intel® Core™ i5 3230M ( 2.6 GHz Upto 3.2GHz , 3MB), ATI HD 7450M 1GB, 4GB DDR3, 500GB HDD,14" HD BrightView LED-backlit,DVD-RW, LAN, Wi-Fi,Bluetooth, Camera,CardReader, 6cells Battery.

**Pavillion 14-e037TX** $ 519
Windows 8 , Intel® Core™ i3 2375M (1.5GHz), 4GB DDR3, 500GB HDD, 14" HD BrightView LED-backlit ( Touch ),LAN, Wi-Fi, Bluetooth, Camera, CardReader, 4cells Battery.

**Pavillion 14-n002TX** $ 689
4th Gen Intel Core i5-4200U Processor (1.6GHz),Ubuntu Operating Software,4GB DDR3, 750GB HDD, SuperMulti DVD Burner,14.0" Diagonal High-Definition BrighView, LED-backlit Display, 2GB Graphics

## lenovo — Contact - 01 - 245180

**Lenovo Ideapad U330** $689
Intel® Core i5-4200U Porcessor,4GB DDR3,500GB HDD,13.3"HD LED Display(Anti-Glare), Camera HD 720P with Array Mic,HDMI,Bluetooth4.0,Standard Speaker,4 cells Battery

**Lenovo Ideapad U430** $ 769
Intel® Core i5-4200U Porcessor,4GB DDR3,500GB HDD,13.3"HD LED Display(Anti-Glare), Camera HD 720P with Array Mic,Nvidia GeForece FT730M DDR3 2GB, Veriface, 4cells Battery

**Lenovo Ideapad S410P** $ 589
Intel® Core™ i3-4010U Processor,4GB DDR3,500GB HDD,14" HD LED Display,Camera HD 720p,DVD SuperMulti,Nvidia Geforce GT740 2GB DDR3,Bluetooth4.0, 4 cells Battery.

**Lenovo G400s** $ 499
Intel Pentium Processor B2020M,2GB DDR3,500GB HDD,14.1" WXGA LED Dsiplay,Nvidia GeForce G720M 2GB,DVD Super Multiburner Drive, Veriface,Cardreader,4 cells Battery,One Key Rescue System

**Lenovo G405** $ 359
AMD E1-2100(2C/1.0GHz,1M L2 Cache),2GB DDR3,320 GB HDD,14.1" WXGA LED Dsiplay,DVD Super Multiburner Drive,Veriface,Cardreader,4 cells Battery,One Key Rescue System

## msi — Contact - 01 - 379564

**GE 70 20C (Gaming)** $1090
Intel 4 Gen Core i7(4700MQ) 2.40GHz processor, DDR3L 8GB 1600MHZ (2 Slots, Max:16GB), 750GB SATA (7200RPM),DVD SuperMulti,17.3" Full HD(1920x1080)/LED backlight,Anti-glare,Intel HD 4000 Share with system memory

**GP60 20D(Gaming)** $1040
Intel 4 Gen Haswell core i7(4700MQ)2.40GHz,DDR3L8GB 1333MHz(2Slots,Max:16GB),1TB HDD+24GB SSD(SUPER RAID),DVD SuperMulti,15.6" Full HD(1920x1080)LED backlight

**GE 40 20C** $999
Intel 4 Gen Haswell core i7(4702MQ)2.20GHz,DDR3L 4GB 1600MHz(2Slots,Max:16GB),1TB SATA,DVD SuperMulti,14"HD(1600x900)Anti-glare,nVIDIA Geforce GTX 760M 2GB DDR5,WiFi

**CX61 20C-i5 (Classic)** $659
Intel 4 Gen Haswell core i5(4200M)2.50GHz,DDR3L 4GB 1600MHz (2Slots,Max:8GB),500GB SATA,DVD SuperMulti,15.6"HD(1366x768) LED backlight, nVIDIA Geforced GT 720M/2GB DDR3

**GT 70 20C(Gaming)** $659
Intel 4th Gen Core i7(4700MQ)2.4GHz Processor, DDR3L 8GB, 1TB SATA HDD, DVD Super Multi, 17.3" Full HD(1920x1080)/LED backlit, Anti-glare,Intel HD 4000 Share with system memory, nVidia GeForce GTX770M/3GB DDR5,WiFi,Gigabit LAN,6 Cells Battery

## TOSHIBA — Contact - 01 - 379835

**Satellite C40-A102E** 370,000Ks
3rd Generation Intel Pentium Dual-Core Processor 2020M(2.4GHz),2GB DDR3 SDRAM,500GB HDD(SATA),14" Display, DVD R/W,Intel HD Graphics 4000, Bluetooth 4.0

**Satellite U920t** $1339
Intel Core i5-3317U(1.7GHz,up to 2.6GHz,3M Cache),4GB DDR3 SDRAM,128GB Solid State Drive,Built-in 1.0MP HD(Front) and 3.0MP AutoFocus(Rear) Webcamera,Bluetooth 4.0

**Portege R930** $1349
Intel Core i5-3230M(2.6GHz),4GB DDR3(1600MHz)SDRAM,Intel HM76 Graphics,640GB HDD, Ultra-slim DVD SuperMulti Double Layer Drive,Built-in 1.3MP HD Webcamera,Blutooth 4.0

**Satellite L40** 572,000Ks
Intel ULV Core i3 4010U(1.7GHz),14" HD 200 CSV LD Display,4GB DDR3 (16000),500GB HDD, Super ODD,Nvidia GT740M 2GB Graphics,1Gbps LAN,ONKYO wDTS sound,4cells Battery, Camera0.9M FF HD/Int/Mic, RGB/HDMI,2x USB,1x USB3.0,Cardreader,Wireless,Bluetooth4.0

**Satellite L40-AS104XB/G** 655,000Ks
Intel ULV Core i5 3337U 1.8GHz, 14.0" HD 200 CSV LD Display, 4GB DDR3(1600), 500GB HDD, Super ODD, nVIDIA GT740M-2GB Graphics, 1Gbps LAN, ONKYO w DTS Sound, 4 cells Battery, Camera 0.9M FF HD, RGB/HDMI,2 in 1 Cardreader, Wireless, Bluetooth

# PRINTER

## EPSON 01-531043

| | |
|---|---|
| EPSON L110 | $128 |
| EPSON T60 | $198 |
| EPSON L300 | $165 |
| EPSON STYLUS T1100 | $365 |
| EPSON L800 | $305 |
| EPSON STYLUS PHOTO 1390 | $470 |
| EPSON L210 | $178 |
| EPSON EXPRESSION ME-301 | $110 |
| EPSON L350 | $198 |
| EPSON L355 | $255 |
| EPSON L550 | $305 |
| EPSON ME OFFICE 900WD | $200 |
| EPSON ME OFFICE 620F | $170 |

## KONICA MINOLTA 01-383932

| | |
|---|---|
| PAGER PRO 1350W | 75,000 |
| PAGEPRO 1500W | 85,000 |
| PAGEPRO 1580MF | 160,000 |
| PAGEPRO 5650EN | 299,000 |
| MAGICOLOR 1600W | 199,500 |
| MAGICOLOR 1650EN | 295,500 |
| MAGICOLOR 1680MF | 350,000 |
| MAGICOLOR 1690MF | 395,000 |
| BIZHUB 164 | 850,000 |
| BIZHUB 165 | 900,000 |

## brother 01-380038

| | |
|---|---|
| HL-1110 | 87,000 KS |
| HL-2240D | 127,000 KS |
| HL-2270DW | 197,000 KS |
| HL-5440D | 320,000 KS |
| HL-3150CDN | 290,000 KS |
| DCP-J100 | 159,000 KS |
| DCP-J725DW | 265,000 KS |
| MFC-J2310 | 290,000 KS |
| MFC-J3520 | 580,000 KS |

## Canon 01-393438

| | |
|---|---|
| MG 2470 | $105 |
| E510 | $125 |
| MG-3570 | $125 |
| E610 | $150 |
| MG 5570 | $175 |
| MG 7170 | $260 |
| MX 397 | $110 |
| IMAGE RUNNER 2520 | $2,000 |
| IMAGE RUNNER C1028 | $1,980 |
| IMAGE RUNNER 2420L | $1,700 |

## hp 01-397945

| | |
|---|---|
| HP LASERJET 401D | 256,000 |
| HP 1025 | 255,000 |
| HP LASERJET 401DN | 323,000 |
| HP M451NW | 640,000 |
| HP A10 | 308,000 |
| HP OFFICEJET 7000 | 290,000 |

# PROJECTOR

## acer 01-2301797

| | |
|---|---|
| P1163 | $440 |
| X1140A | $380 |
| S 1213 HNE | $660 |
| H5370BD | $705 |
| K 335 | $930 |
| X1263 | $500 |

## ViewSonic 01-394494

| | |
|---|---|
| PJD5132 DLP | $410 |
| PJD5134 DLP WITH HDMI | $430 |
| PJD5234DLP | $500 |
| PJD6544W DLP WITH HDMI | $810 |
| PJD7223 DLP | $900 |
| PJD7333 DLP | $1,300 |
| PRO 8500 DLP WITH HDMI | $1,805 |
| PRO 8600 DLP WITH HDMI | $2,200 |
| PJD7820HD DLP WITH PGD | $1,000 |
| PJD7583 | $1,335 |
| PJD8353S | $1,700 |

## EPSON 01-531043

| | |
|---|---|
| EPSON EB SO3 PROJECTOR | $430 |
| EPSON EB X03 PROJECTOR | $550 |
| EPSON EB-X14 PROJECTOR | $860 |

## NEC 01-245180

| | |
|---|---|
| NP-VE281G | 360,000 |
| NP-VE281XG | 499,000 |
| NP-V300WG | 690,000 |

## INFOCUS 01-380038

| | |
|---|---|
| IN3124 | 1,050,000 KS |
| IN3126 | 1,250,000 KS |
| IN112A | 415,000 KS |
| IN114A | 515,000 KS |
| IN116A | 645,000 KS |
| IN122A | 455,000 KS |
| IN124 | 535,000 KS |
| IN126 | 690,000 KS |
| IN114ST | 650,000 KS |
| IN124ST | 675,000 KS |
| IN126ST | 810,000 KS |
| IN2124 | 820,000 KS |
| IN2126 | 1,050,000 KS |
| IN3118HD | 1,400,000 KS |
| IN1100 | 1,220,000 KS |
| IN1102 | 1,320,000 KS |
| IN5110 | 4,670,000 KS |

# CAMERA

## Canon 01-393438

| | |
|---|---|
| POWER SHOT SX500 IS | $250 |
| POWER SHOT S.200 | $300 |
| POWER SHOT SX280 HS | $360 |
| IXUS 255 HS | $220 |
| IXUS 140 HS | $190 |
| IXUS 135 | $170 |
| IXUS 132 | $140 |
| POWERSHOT SX170 IS | $200 |
| POWERSHOT SX510 HS | $300 |
| POWERSHOT SX 270 HS | $310 |
| POWERSHOT SX280 HS | $360 |
| POWERSHOT G16- | $560 |

## Panasonic 01-292664

| | |
|---|---|
| DMC-F5 | 89,000 |
| DMC-FH10 | 106,000 |
| DMC-XS1 | 128,000 |
| DMC-SZ3 | 145,000 |
| DMC-LZ30 | 225,000 |
| DMC -FT25 | 191,000 |
| DMC-FT5 | 350,000 |
| DMC-TZ40 | 355,000 |
| DMC-LX7 | 402,000 |
| DMC-LF1 | 402,000 |
| DMC-GF6 | 566,000 |
| DMC-GM1 | 815,000 |
| DMC-GX7 | 1,262,000 |
| HC-V110 | 232,000 |
| HC-V210 | 306,000 |
| HX-DC3 | 233,000 |
| HX-WA30 | 403,000 |
| HC-V520 | 510,000 |
| HC-X920 | 1,272,000 |
| HC-MDH2 | 1,200,000 |

# MONITOR

## acer 01-2301797

| | |
|---|---|
| HX1953L (19.5") | $93 |
| HX2003LABD (20") | $103 |

## ASUS 01-2304848

| | |
|---|---|
| ASUS VG278H | 500,00 |
| ASUS VG278HE | 425,00 |
| ASUS MX279HR | 360,00 |
| ASUS VE278H | 310,00 |
| ASUS PA23Q | 287,00 |
| ASUS MX239HR | 282,00 |

## ViewSonic 01-394494

| | |
|---|---|
| VA1921A-LED 18.5" LED | $ 96 |
| VA2046A-LED 20" LED | $102 |
| VA2246A-LED 22" LED | $138 |
| VX2270SMH-LED 22" LED | $170 |
| VX2370SMH-LED 23" LED | $190 |
| VX2452MH 24" LED | $210 |
| VX2770SMI-LED 27" LED | $360 |
| VSD220 22" | $725 |
| TD2220-LED 22" | $315 |
| VT3210LED 32" LED HDTV | $250 |

# SPEAKER

## MICROLAB 01-385177

| | |
|---|---|
| MICROLAB M-108U | 23,000 |
| MICROLAB M-223 | 245,00 |
| MICROLAB M-111 | 265,00 |
| MICROLAB M-200 | 27,000 |
| MICROLAB M-700U | 47,000 |

## GENIUS 01-202453

| | |
|---|---|
| SP-U115- (USB) | $8.50 |
| SP-U150X- (USB) | $11.50 |
| SP-U110 - USB (2.0) | $7.90 |
| SP-HF500A (2.0) | $33.60 |
| SW-N2.1 200 (2.1) | $21.00 |
| SW-U2.1 200 (2.1) | $21.00 |
| SW-N2.1 355 (2.1) | $26.00 |
| SW-J2.1 500 (2.1) | $28.90 |
| SW-G2.1 1250 (2.1) | $60.00 |
| SW-5.1 1005 (5.1) | $47.00 |
| SW-F5.1 1800 (5.1) | $58.00 |
| SW-5.1 1010 (5.1) | $51.00 |

## SAAG 01-392576

| | |
|---|---|
| TEENY SOUND (USB) | 9,000KS |
| PENTAS-ULTIMATE (2.1) | 38,500KS |
| 10S (2.1) | 28,500KS |
| PENTAS - MP3 (2.1) | 45,500KS |
| 2.1 PERFECTER (2.1) | 62,000KS |

## OKER 01-392576

| | |
|---|---|
| OKER SPEAKER 898 | 8700 KS |
| OKER SPEAKER 858 | 8,200 KS |
| SPEAKER 358/605 | 8,200 KS |
| OKER SPEAKER X-9 | 10,000 KS |
| F-82 | 13500 KS |
| F-35 | 9000 KS |
| SP-5050 | 9100 KS |
| SP-6265 | 14500 KS |

# UPS

## GREEN TECH 09-73171212

| | |
|---|---|
| 650VA | 30,500 |
| 1250VA | 59,500 |

## PROLINK 01-385177

| | |
|---|---|
| 650VA (700V) | 33,000 |
| 650VA (700SFC) | 35,000 |
| 1200VA (1200SV) | 62,000 |

## POWER TREE 01-385177

| | |
|---|---|
| 650VA | 37,000 |
| 1250VA | 63,000 |

## MAC GREEN 01-294503

| | |
|---|---|
| 650VA | 30,000 |
| 1200VA | 61,000 |

# KEYBOARD

## OKER 01-392576

| | |
|---|---|
| KB-366 | 6,500 KS |
| KB-377 | 7,000 KS |
| KB-20 | 7,500 KS |
| KB-25 | 8,800 KS |
| KB-338 | 9,000 KS |
| TF-033 | 16,500 KS |

## GENIUS 01-294503

| | |
|---|---|
| LUXEMATE 8000 | $30.50 |
| SLIM STAR I8 15 | $33.00 |
| KM- 110X | $11.00 |
| KB-110X | $7.70 |
| KB-M200 | $9.50 |
| KB-350E | $16.20 |
| SLIM STAR I220 | $10.00 |
| LUXEMATE I202 | $13.10 |

အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

# DIGITAL ENTERTAINMENT




အသက် (၄၀) ကျော်အရွယ်ပိုင်ဆိုင်ထားပေမယ့် ခေတ်ကာလ သမီးပျိုတွေနဲ့အပြိုင်အဆိုရော၊ အလှအပမှာပါ ထင်ရှားကျော်ကြားတဲ့ Mariah Carey ရဲ့ (၁၄) ခုမြောက် Album တစ်ခုပါ။ ၂၀၁၄ ခုနှစ် မေ (၂၇) ရက်နေ့ကစပြီး တစ်ကမ္ဘာလုံးကို ဖြန့်ချိသွားမှာပါလို့ Mariah Carey ကဆိုပါတယ်။ Album အမည်ကတော့ Me. I Am Mariah တဲ့။ ပါဝင်တဲ့ သီချင်းပုဒ်ရေ (၁၄)ပုဒ် ပါဝင်ပါတယ်။ ပါဝင်တဲ့တေးဂီတ အမျိုးအစားတွေကတော့ R&B, HipHop အပြင် Gospel နဲ့ Soul တေးဂီတအမျိုးအစားများလည်း ထည့်သွင်းရေးဖွဲ့ထားပါတယ်။ အမေရိကန်လူမျိုး တစ်ဖြစ်လဲတေးဂီတနဲ့ပတ်သက်ပြီး Mariah Carey ဟာ ဒိတ်ဒိတ်ကြဲအမျိုးသမီးအဆိုရှင်တေးဂီတ ဖန်တီးသူ၊ သရုပ်ဆောင်၊ တေးဂီတထုတ်လုပ်သူအပြင် အောင်မြင်ကျော်ကြားတဲ့ မိခင်တစ်ယောက်အဖြစ် ကမ္ဘာကလက်ခံထားပါတယ်။ ပါဝင်တဲ့ သီချင်းတွေကတော့ Cry, Faded, Dedicated, Beautiful, Make it Look Good, Thirsty, You're Mine, You Don't Know What to Do, Supernatural, Meteorite, Camouflage, Money, One More Try နဲ့ Heavenly တို့ပဲဖြစ်ပါတယ်။

## Album

Link>>http://bit.ly/1nKVGin




အမေရိကန်လူမျိုး အဆိုတော်၊ တေးရေးဆရာနဲ့ သရုပ်ဆောင် ဖြစ်သူ Lea Michele ရဲ့ On My Way သီချင်းတဲ့။ Louder ဆိုတဲ့ Album ထဲက သီချင်းတစ်ပုဒ်ပါ။ Lea Michele ရဲ့ Louder Album ဆိုရင်လည်း မြန်မာနိုင်ငံက လူငယ်အများစုနှစ်သက်ခဲ့တဲ့အထိ အောင်မြင်ခဲ့တာပါ။ PoP, R&B တေးဂီတအမျိုးအစားဖြစ်ပေမယ့် MTV ကတော့ မြူးကြွစေမယ့် dance-PoP အမျိုးအစားနဲ့ရိုက်ကူးထားပါတယ်။

*"မူးယစ်နေတဲ့ နှလုံးသားအလိုကျ မင်းရဲ့အနားမနေသင့်လဲ ဒီညမင်းနဲ့အတူနေချင် ငါ့အသိစိတ်ကတားမြစ်နေလဲ ငါ့နှလုံးသားက တွန်းအားပေးဆဲ ဒီမှာကောင်လေး ငါ့အဖြစ်ကသိပ်ကိုဆိုး မင်းလေးအနားကိုတိုး . . ."*

## M T V

Link http://bit.ly/1oyYGzT







ဒီတစ်ပတ်တော့ သားသားမီးမီးတို့အတွက် Maleficent ဆိုတဲ့ စုန်းမကြီးနဲ့မိတ်ဆက်ပေးလိုက်ပါတယ်။ အဲ စုန်းမကြီးလို့သာပြောရတာ ကမ္ဘာ့ညို့ငင်အားအကောင်းဆုံးဆိုတဲ့ အမျိုးသမီးတွေထဲမှာ သူလည်းပါဝင်ပါတယ်။ ကလေးဘဝကရင်းနှီးခဲ့တဲ့ " Sleeping Beauty" ဆိုတဲ့ အိပ်ပျော်နေတဲ့ မင်းသမီးလေးအကြောင်း သတိရရဲ့လား။ Maleficent ဆိုတာအဲ့ဒီဇာတ်ကားထဲက ကမ္ဘာကျော်ဗီလိန်ဇာတ်ကောင်တစ်ယောက်ပါ။ ၁၉၅၉ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Sleeping Beauty ဆိုတဲ့ကာတွန်းဇာတ်လမ်းကို ခေတ်သစ်ပုံစံအပြင်အဆင်နဲ့ 3D ကြည့်ရမှာဆိုတော့ သားသားမီးမီးတို့အနေနဲ့ အိမ်ကမိဘတွေကိုလိုက်ပြအောင် တောင်းဆိုဖို့တော့လိုမယ်နော်။

ဒီဇာတ်ကားဟာ ကမ္ဘာပေါ်ကရုပ်ရှင်ချစ်ပရိသတ်တွေအားလုံး စိတ်ဝင်စားခြင်းခံရပါတယ်။ ဒါကတော့ ညို့ငင်မှုစွမ်းအားပြင်း Angelina Jolie တစ်ယောက်စုန်းမ Maleficent အသွင်ပါဝင်ထားလို့ပါ။ ဘယ်လောက်တောင်သရုပ်ဆောင်မှု ပီပြင်သလဲဆိုရင် Angelina Jolie ဟာ Maleficent အဖြစ် ပါဝင်သရုပ်ဆောင်ရာမှာ သူ့ရဲ့သားသမီးတွေကတော့မမှတ်မိဘဲ သူ့အနားမကပ်ရဲအောင် ကြောက်ရွံ့နေတယ်လို့ Angelina Jolie က Maleficent ဇာတ်ကောင်နဲ့ ပတ်သက်ပြီးမှတ်ချက်ပြုပြောကြားခဲ့ပါတယ်။ Jolie ဟာလက်ရှိအချိန်မှာတော့ အသက် (၃၈) နှစ်ဝန်းကျင်သာရှိပေမယ့် ကင်ဆာရောဂါရဲ့နှိပ်စက်မှုဒဏ်ကိုတော့ခံစားနေရပါတယ်။

မင်းသမီးလေး Aurora (Elle Fanning) တစ်ယောက်မွေးဖွားလာချိန်ကအစပြုပြီး ဇာတ်လမ်းကို စတင်ပေးထားပါတယ်။ Sleeping Beauty ကာတွန်းဇာတ်ကားရဲ့ လျှို့ဝှက်ချက်တစ်စုံတစ်ရာကို Maleficent ဇာတ်ကားမှာတင်ပြထားပါတယ်။ ငယ်ရွယ်ပြီးနှလုံးရည်သာမက ရုပ်ရည်နဲ့ပတ်သက်ပြီး အပြစ်ပြောစရာ မရှိလောက်အောင် ချောမောလှပတဲ့ Maleficent တစ်ယောက် သူနေထိုင်ရာတောနက်ကြီးကို ငြိမ်းချမ်းအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ တစ်နေ့မှာတော့ ကံကြမ္မာအလှည့်အပြောင်းတစ်ခုကြောင့်ပဲဆိုရမလား။ Maleficent ရဲ့ပြိုင်ဖက်လို့ အားလုံးအသိအမှတ်ပြုထားခံရတဲ့ Aurora တစ်ယောက်မွေးဖွားလာခဲ့ပါတယ်။ ဒါပေမယ့် အားလုံးယူဆသလို Aurora ရဲ့အလှအပကြောင့် Maleficent မနာလိုဖြစ်ကာ ဗီလိန်ဖြစ်ရတယ်ဆိုတာ မဟုတ်ပါဘူး။ Maleficent တစ်ယောက် Aurora ကိုဘာကြောင့်လိုချင်ရသလဲဆိုတာကိုတော့. . .

# CONSUMER ELECTRONICS

## Yamaha A-S1000 Integrated Amplifier



2- channel စတီရီယိုသံချဲ့ပေးနိုင်တဲ့ Integrated Amplifier ပါ။ အသံလမ်းကြောင်းတစ်ခုကို ပုံမှန် 90W အမြင့်ဆုံး 115W စီချဲ့ပေးနိုင်ပါတယ်။ ဘယ်ညာတည်ဆောက်ပုံညီတဲ့ symmetrical construction ပုံစံဖြစ်ပြီး floating balanced power amp: ပါတယ်။ ဘယ်ညာနှစ်ဖက်မှာ ငါးမန်းတောင်ပံပုံစံအလူမီနီထံ အပူစုပ်အအေးခံပြားတွေတပ်ပေးထားတာကြောင့် အပူလွန်ကဲမှုကို ကောင်းကောင်း ထိန်းပေးနိုင်ပါတယ်။ Input terminal တွေကို ရွှေရည်စိမ်ထားတာကြောင့် အချက်ပြစီးဆင်းမှုသိပ်ကောင်းပါတယ်။ remote control နဲ့ ထိန်းကျောင်းသုံးလို့ရတယ်။ Silver အရောင်မှာ ဘေးနှစ်ဖက် အနက်ရောင်ပါတဲ့ model နဲ့ အနက်ရောင်ကိုယ်ထည်မှာ ဘေးနှစ်ဖက် နီညိုရင့်ရောင်ပါတဲ့ model ဆိုပြီး ရောင်ကွဲ (၂) မျိုးနဲ့လာပါတယ်။

**Price - 1,298,000 Ks,Contact - Yamaha Showroom, 01-253691**

## Yamaha Bass Woofer YST-SW 015

Advanced YST and QD-Bass Subwoofer ပါ။ အချင်း 16 cm cone driver တပ်ဆင်ပေးထားပြီး Dynamic power: 120W ထုတ်ပေးနိုင်ပါတယ်။ ကြိမ်နှုန်းအားဖြင့် 30-200Hz ပေါ့။ QD-Bass Technology သုံးထားတာကြောင့် ပီပြင်ကွဲပြားပြီးအားပြင်းတဲ့ Bass သံတွေထုတ်ပေးနိုင်ပါတယ်။ အရွယ်အစား 280 x 325 x 320mm နဲ့ အလေးချိန် 9.2 kg ပါ။ piano finish အရောင်နဲ့လာပါတယ်။



**Price - 189,500 Ks,**
**Contact - Yamaha Showroom, 01-253691**

## Panasonic Air Conditioner CS-C 45 FFH



Floor standing type ဖြစ်ပြီး ECONAVI + INVERTER နည်းပညာပါတဲ့ လေအေးပေးစက်ပါ။ အခန်းတွင်းလူရှိမရှိ လူအရေအတွက်များ၊မများ၊ ပြင်ပနေရောင်ခြည်စွမ်းအစားအပြင်းအလျော့ကို အာရုံခံပေးတဲ့ Intelligent Eco Sensor တွေကပေးပို့တဲ့ data အချက်အလက်တွေပေါ်မူတည်ပြီး Inverter compressor ကိုထိန်းကျောင်းမောင်းနှင်တာကြောင့် မလိုအပ်တဲ့စွမ်းအင်လေလွင့်ဆုံးရှုံးမှု လုံးဝမရှိရအောင်လုပ်ဆောင်ပေးနိုင်ပါတယ်။ သာမန်လေအေးပေးစက်တွေထက် စွမ်းအင် 65% ချွေတာပေးနိုင်ပါတယ်။ မီတာခဈေး ကြီးလာတဲ့အချိန်မှာ သိပ်တွက်ချေကိုက်တဲ့လေအေးပေးစက်ပေါ့။ Cooling capacity 41000-42700 Btu/h (12.00-12.50 KW) ရှိပါတယ်။ မြင်သာအောင်ဥပမာပြရင် စက်ဖွင့်ချိန်တစ် မိနစ်အတွင်း လေထု ၂၇ ကုဗမီတာကိုသတ်မှတ်အအေးချိန်ရောကအောင်လုပ်ဆောင်ပေးနိုင် စွမ်းရှိပါတယ်။ nanoe-G လေသန့်စင်စနစ်လည်း ပါတယ်။ ပျမ်းမျှ ၁၃ စတုရန်းမီတာကျယ်တဲ့ အခန်းအတွင်း လေထုထဲကို လျှပ်စစ်အမောက်ဆောင် e ion အရေအတွက် 3 trillion ($10^{9}$) ထုတ်လွှတ်ပြီး လေထုထဲရှိ ဖုန်မှုန်၊ ဘက်တီးရီးယား၊ ဗိုင်းရပ်နဲ့ အနံ့အသက်ဆိုးတွေကို 99% သန့်စင်သွားအောင် ဖယ်ရှားရှင်းလင်းပေးနိုင် ပါတယ်။

**Price - 1,645,000 Ks,Contact - Smile, 01-392853**

## Hitachi Rice Cooker RZ-PMA 18Y

ထမင်းပေါင်းအိုးတော့ ထမင်းပေါင်းအိုးပေါ့။ ဒါပေမယ့် သိတယ် မဟုတ်လား။ သူက microprocessor နဲ့ ထိန်းကျောင်းထားတဲ့ ထမင်းပေါင်းအိုး။ ဝင်ဆန့်မှု ၁.၈ လီတာဖြစ်ပြီး cooking program (၉) မျိုးရွေးချယ်လို့ရတယ်။ ရှမ်းဆန်နဲ့ဆင်ဆင်တူတဲ့ ဂျပန်ဆန်ချက်မလား၊ ကောက်ကြီးဆန်ချက်မလား၊ ဆန်ကြမ်းချက်မလား၊ ကောက်ညှင်းဆန်ချက်မလား၊ ဆန်ပြုတ်ပြုတ်မလား၊ ရေနွေးငွေ့ပေါင်းမလား၊ ကိတ်မုန့်ဖုတ်မလား၊ ရွေးချယ်လို့ရတယ်။ digital ပြကွက်လည်း ထည့်ထားပေးတယ်။ slow cook program ကိုကြာချိန် 12.5 hour အထိ timer ပေးလို့ရပြီး အမြန်ချက်တဲ့ super rapid Rice cooking program လည်းပါတယ်။



**Price - 89,000 Ks,**
**Contact - လမင်းစန္ဒာ၊ 01-253340**

## Sony digital Photo frame 8" DPF HD800



ဓာတ်ပုံအနေနဲ့ထုတ်ထားစရာမလိုဘဲဒစ်ဂျစ်တယ်နည်းလမ်းတွေ သုံးပြီး photo albumအနေနဲ့ သိမ်းထားလို့ရပါပြီ။ ဆိုနီကနေထုတ်လုပ်ထား တဲ့ (၈) လက်မမြင်ကွင်းပေးစွမ်းမယ့် ဒစ်ဂျစ်တယ်ပိုတို ဖရိန်လေးဟာသုံးစွဲသူတွေစိတ် တိုင်းကျဓာတ်ပုံ တွေကိုသိမ်းဆည်းထားရုံမကဘဲ ဓာတ်ပုံဘောင်အများအပြား ကုန်စေမယ့် ဒုက္ခကနေလည်း ကင်းဝေးသွားစေပါလိမ့်မယ်။ ဓာတ်ပုံတွေကိုအရည်အသွေး အပြည့်အဝဖော်ပြနိုင်စွမ်းရှိပြီး HD video တွေကို ကြည့်ရှုနိုင်စေပါလိမ့်မယ်။ ဒါပေမယ့်သူ့မှာလက်ခံနိုင်တဲ့ပမာဏဟာ 2GB သာဖြစ်တာကြောင့် memory card တွေအသုံးပြုပြီးမှတ်ဉာဏ်တွေတိုးမြှင့်ရပါလိမ့်မယ်။ (၈) လက်မမြင်ကွင်းဟာ LCD backlight နည်းပညာသုံး စွဲထားတာ ဖြစ်ပါတယ်။ တစ်ပါတည်းပါဝင်တဲ့ 2GB အချက်အလက်သိမ်းဆည်း နိုင်စွမ်းဟာ ဓာတ်ပုံပေါင်း၄၀၀၀ကျော်အထိထည့်သွင်းနိုင်ပါလိမ့်မယ်။

**Price - 149,000 Ks**
**Contact - Sony Showroom,01-398566**

## Sony Bravia TV Model: KLV-24R402



Bravia နည်းပညာဟာ အရင်တုန်းက သင်တစ်ခါမှမမြင်ဖူးတဲ့ စိုလွင်တောက်ပတဲ့ အရောင်အသွေးတွေနဲ့အတူစစ်မှန်တဲ့ ဖျော်ဖြေမှုကမ္ဘာထဲကို ခေါ်ဆောင်သွားပါလိမ့်မယ်။ ရင်သပ်ရှုမောဖွယ်ကောင်း တဲ့ ပြကွက်တွေကိုအသေးစိတ်ပုံ ဖော်ပြသနိုင်ပြီးသင့်ရဲ့ သာယာကြည်နူးဖွယ် အချိန်တွေကိုအပြည့်အဝ ခံစားနိုင်စေပါတယ်။Super Multi-format playကိုထည့်သွင်းပေးထားပါတယ်။ အရင်က ဆိုရင်USB Drive ကနေသီချင်း၊ ဓာတ်ပုံနဲ့ဗီဒီယိုတွေကို TV နဲ့ချိတ် ဆက်ကြည့်ရှုရင် အခက်အခဲရှိပါတယ်။ အဓိကပြဿနာကတော့ File-format ရွေးချယ်တာပါ။ ဒီလိုပြဿနာတွေမဖြစ်စေဖို့အတွက် Multi-format အများ အပြားကိုဖွင့်လှစ်ကြည့်ရှုလို့ရအောင်ထောက်ပံ့ပေးပါတယ်။ တစ်ခါတစ်ရံ ပုံမှန်သမားရိုးကျ TV တွေမှာ လျင်မြန်တဲ့ပုံရိပ်တွေ ကြည့်ရှုမိတဲ့အခါ သဘာဝကျကျဖော်ပြနိုင်စွမ်း နည်းပါးတာကို သတိထားမိပါလိမ့်မယ်။ BRAVIA TVတွေမှာတော့ Motionflow XRလို့ခေါ်တဲ့ နည်းပညာပါဝင်ပြီး လျင်မြန်တဲ့လှုပ်ရှားမှုတွေအတွက် အထေ့အငေါ့မရှိ ချောမွေ့စွာဖော်ပြနိုင်ပါတယ်။ ဓာတ်ပုံ၊ ရုပ်သံနဲ့အပန်းဖြေစရာဂိမ်းတွေ၊ app တွေကို TV ဆီကိုဝေမျှ သုံးစွဲနိုင်မှာပါ။ TV ရဲ့စပီကာကနေ အသံတွေကို ကြည်လင်ပြတ်သားစွာနား ဆင်နိုင်စေဖို့အတွက် အသံချဲ့တဲ့ခလုတ်အနေနဲ့အသုံးပြုနိုင်မှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစေဖို့နဲ့ စွမ်းအင်ချွေတာမှု အတွက်တော့ power saving နဲ့ backlight off Mode တွေထည့်သွင်းပေးထားပါတယ်။ Warranty ကတော့ 1 years သတ်မှတ်ပေးထားပြီး SONY Showroom နဲ့ အခြားသော SONY ရဲ့ Dealer ဆိုင်ကြီးမှာ လည်းဝယ်ယူရရှိနိုင်ပါတယ်။

**Price - 219,000 Ks**
**Contact - Sony showroom,01-398566**

# NEW PRODUCTS

## ARMAGGEDDON ( MKA-3 Mechanical Keyboard)



**Price - 115,000 Ks,**
**Contact - Techno Visions, 09-73077110**

Armaggeddon အမှတ်တံဆိပ် MKA-3 mechanical keyboard ဟာCherry MX Red gaming keyboard အမျိုးအစားဖြစ်ပါသည်။ Mechanical switches keys 87 ခုပါဝင်ပြီး backlight effects လည်းပါဝင်လာပါတယ်။ Macro-Abletm keys 6 ခု ပါဝင်လာပြီး Window key ကိုလည်း lock ပြုလုပ်ထားနိုင်ပါတယ်။ Gaming keys WASD နဲ့ Arrow keys အပိုကိုလည်းထည့်သွင်းပေးထားပြီး Backlight effect အနေနဲ့ အဝါရောင်ကိုထည့်သွင်းထားပါတယ်။On-board keyboard 32KB ဖြင့်ပြုလုပ်ထားပြီး ၂မီတာအရှည်ရှိသော အကြမ်းခံသောကြိုးဖြင့် ပြုလုပ်ထားပါတယ်။

## Micro Lab 2.1 ch Multimedia Speaker System M-108



ပီပြင်ကွဲပြားတဲ့ Bass and treble သံထုတ်ပေးနိုင်တဲ့ 2.1 channel multimedia speaker system ပါ။ Subwoofer unit ကအသံထွက်အား 6 watt ထုတ်ပေးနိုင်တဲ့ 4" woofer driver တပ်ဆင်ထားပြီး အရွယ်အစား 149 x 200 x 190mm နဲ့ satellite speaker တစ်ခုချင်းမှာ အသံထွက်အား 2.5 watts ရှိတဲ့ 3" driver တပ်ဆင်ပေးထားပြီး အရွယ်အစား 96 x 136 x 94 mm ရှိပါတယ်။ ဒါကြောင့် system တစ်ခုလုံးရဲ့ အသံထွက်အား 11 watt (R.M.S) ရှိပါတယ်။

**Price - 22,000 Ks , Contact - GAT, 01-379197**

## Lift Trons High Performance Digital Power Charger FG-1038-BK-D

ဘက်ထရီအားဘယ်လောက်ကျန်သေးတယ်ဆိုတာ ကိန်းဂဏန်းနဲ့ဖော်ပြပေးနိုင်တဲ့ charger လေးပါ။ numerical display ပါတဲ့ ပုံစံဒီဇိုင်းအရမ်းလှတဲ့ digital power charger လေးပါ။ 5600mAh ဘက်ထရီတပ်ဆင်ထားပါတယ်။ USB power output(၂)ခုပါတယ်။သူများထက် (၅) ဆပိုမြန်အောင်ဓာတ်အားဖြည့်ပေးနိုင်တယ်။ bulit-in safety control ပါရှိတာကြောင့် charger ကိုover-voltage, over-charging. over-discharging, over.heating မဖြစ်ရအောင် ကာကွယ်ပေးနိုင်တယ်။ short-circuit ဖြစ်တာကိုလည်း ကာကွယ်ပေးတယ်။ ဆိုလိုတဲ့သဘောကတော့ မနိုင်ဝန်မထမ်းဘူးပေါ့။ အရွယ်အစား 43mm x 95mm x29mm နဲ့ အလေးချိန် 144g ပါ။ ကိုရီးယားနိုင်ငံက ထုတ်လုပ်ပါတယ်။




**Price- 100,000 Ks ,Contact - ကိုဘိုး ၊ 01-256417**

## TP link N900 Dual Band Gigabite Router




TP link ရဲ့ထပ်မံထွက်ရှိလာတဲ့ wireless speed 900 mbps ရရှိတဲ့ Router ပဲဖြစ်ပါတယ်။ Dual band ဖြစ်သည့်အတွက် 5GHz +2.4 GHz နှစ်မျိုးရရှိပြီး Antenna တိုင် ၃ တိုင်ဖြင့် wireless အား အကွာအဝေး ဝေးဝေးသို့ speed မြင့်မြင့်ဖြင့်ပို့ဆောင်ပေးနိုင်ပါတယ်။ ထို့ပြင် LAN Port များအနေဖြင့် 10/100.1000 Gigabite speed ရရှိပြီး ပါဝင်သော USB port နှင့် port တွင်လည်း External HDD များချိတ်ဆက်၍ file sharing နှင့် printer များ ချိတ်ဆက်၍ printer sharting များပြုလုပ်နိုင်ပါတယ်။အနောက်ဖက်၌ wireless on/off button တစ်ခုပါဝင်ပြီး wireless အားအလွယ်တကူ အဖွင့်/အပိတ်ပြုလုပ်နိုင်ပါတယ်။ ထို့ပြင် မိဘများအတွက်အထူးအရေးပါသော parental control function ပါဝင်ပြီး TP link ၏ Eazy setup ဖြင့် technician မလိုပဲ ဝယ်ပြီးပြီးချင်းအတူပါသော CD ဖြင့် စာလိုက်ဖတ်၍ မိမိကိုယ်တိုင် စိတ်ကြိုက် setting ချနိုင်ပါတယ်။ ထို့ပြင်နောင်ဖြစ်လာမည့် internet ၏ ip version6 ကိုလည်း support ပြုလုပ်ပြီးအထူးကောင်းမွန်သော Router တစ်လုံးအဖြစ်အသုံးပြုနိုင်ပါတယ်။

**Price- 98,000 Ks,**
**Contact - Matrix II, 01-378843**

## Two Camera Car DVR

ဘယ်ညာကင်မရာ (၂) လုံးနဲ့ အလယ်မှာ display ပြကွက်ပါပြီး ကားကင်မရာနဲ့မှတ်တမ်းတင် DVR တစ်ပါတည်း တွဲဖက်ထားတဲ့ ပစ္စည်းလေးပါ။ ကင်မရာတစ်ခုချင်းမှာ 1/3 CMOS ပုံရိပ်ဖမ်း sensor တပ်ဆင်ထားပြီး အနုစိတ်နှုန်း 12MP နဲ့ရိုက်ကူးပေးနိုင်ပါတယ်။ 1280 x 480 (video resolution), 2560x1920 (photo resolution) ဖြစ်ပါတယ်။ 90˚ degree မြင်ကွင်းကျယ်ရိုက်ကူးနိုင်တဲ့ wide-angel lens မှန်ဘီလူးတပ်ပေးထားတယ်။ လှုပ်ရှားမှုရှိမှ ရိုက်ကူးပေးတဲ့ Motion Detection စနစ်ပါတယ်။ မော်တော်ကားဆောင့်ဒဏ်ခံနိုင်တဲ့ ကိရိယာပါ။ ညဖက်အမှောင်ထဲမှာလည်း ရိုက်လို့ရမယ်။ Double LED Light ပါတယ်။ 10/20/30 frame rate တွေနဲ့ရွေးချယ်ရိုက်ကူး လို့ရမယ်။ Car Holder ပါတယ်။ car charger ပါတယ်။ USB cable ပါတယ်။ ရိုက်ကူးယူတဲ့ ဗီဒီယိုတွေကို SD card ထဲတိုက်ရိုက် ထည့်သိမ်းဆည်းပေးမှာဖြစ်ပြီး 32 GB အထိထိုးသုံးလို့ရပါတယ်။



**Price - 49,000 Ks , Contact - AGK, 01-246669**

## DVR Mini 101




ပီကေပုံစံရုပ်ဖျက်ထားတဲ့ စပိုင်ကင်မရာလေးပါ။ CHEWING GUM ဆိုတဲ့ ကုန်အမှတ်တံဆိပ်နဲ့ပေါ့။ အရွယ်အစား 120 x 95 x 45 mm ဖြစ်ပြီး 320 mAh ဘက်ထရီတပ်ပေးထားတာကြောင့် ရိုက်ကူးချိန်(၂) နာရီခံမယ်။ ပုံရိပ်ဖမ်းဖို့ 1/3" CMOS sensor တပ်ပေးထားတယ်။ ဗီဒီယိုရိုက်ကူးမှုအတွက် 1280 x 960, 720 x 480, 640 x 480 ရုပ်ထွက်အမျိုးမျိုး ရွေးချယ်သတ်မှတ်နိုင်ပြီး တစ်စက္ကန့် 30 frame နှုန်းရိုက်ပေးနိုင်မယ်။ Encoding က MPEG-4 ဖြစ်ပါတယ်။

**Price - 25,000 Ks ,**
**Contact - AGK, 01-246669**

စင်ကာပူနိုင်ငံထုတ်အရည်အသွေးမြင့် Sonicgear အမှတ်တံဆိပ် Divvi Audio Splitter ဟာ Speaker များစွာကို ချိတ်ဆက်အသုံးပြုနိုင်သော Audio Splitter လေးပဲဖြစ်ပါတယ်။ Speaker 5 လုံးကို တစ်ပြိုင်နက်ချိတ်ဆက်နားထောင်နိုင်ပြီး Speaker အသံအရည်အသွေးကိုကောင်းမွန်အောင်ပြုလုပ်ပေးနိုင်သောGold Plate ကို အသုံးပြုထားပါတယ်။

## SONICGEAR ( DIVVI Audio Splitter )



**Price - 12,500 Ks**
**Contact - Techno Visions, 09-73077110**

# NEW PRODUCTS



## Samsung Digital Recorder VP 1ZB



ဘယ်လိုနေရာနဲ့အနေအထားပဲဖြစ်ဖြစ်အသံတွေကို ကြည်ကြည်လင်လင်ပီပီသသဖမ်းယူနိုင်ဖို့ အဆင့်မြင့်နည်းပညာများထည့်သွင်းအသုံးပြုထားတဲ့ အသံဖမ်းစက်ကလေးပါ။ OnSe™ 2.0 Sound Engine, NR(Noise Reduction) တွေပါတာကြောင့် အသံတွေကို လက်ရှိထက်ပိုကောင်းသွားအောင် အဆင့်မြင့်တင်နိုင်ပြီး ဘေးပတ်ဝန်းကျင်က ဆူညံနှောင့်ယှက်သံတွေကို စစ်ထုတ်ဖယ်ရှားပေးနိုင်ပါတယ်။ AGC (Automatic Gain control) ပါဝင်တာကြောင့်အသံတွေကို တိုးသွားလိုက်ကျယ်သွားလိုက် မဖြစ်ရအောင် တစ်သမတ်တည်းဖြစ်အောင်ဖမ်းပေးနိုင်မယ်။ VOR (Voice Only Recording), VOP( Voice Only Playbuck) စနစ်တွေပါတယ်။ interview နဲ့ metting ကိုရွေးချယ်တဲ့ခလုတ်ပါတယ်။ လက်ကိုင်ဖုန်း၊ အထိုင်ဖုန်းတွေနဲ့တွဲဖက်ပြီး အသံဖမ်းထားလို့ရမယ်။ ဖုန်းနဲ့ interview ဖို့အဆင်ပြေတာပေါ့။ ကွန်ပျူတာနဲ့တွဲဖက်ဖို့ micro USB sport ပါတယ်။ ဖမ်းယူတဲ့အသံတွေကို MP3 file ပုံစံနဲ့ သိမ်းဆည်းပေးမယ်။ FM ရေဒီယိုဖမ်းလို့ရမယ်။ AAA ဓာတ်ခဲ (၂) လုံးထည့်သုံးပြီး နာရီ ၃၀ ဆက်တိုက် အသံဖမ်းလို့ရပါတယ်။

**Price - 89,000 Ks**
**Contact - ကိုဘိနီး ၊ 01-256417**

## TP-Link N600 Wireless Dual Band Gigabit Router

2.4 GHz နဲ့ 5 GHz WiFi ရေဒီယိုကြိမ်နှုန်း နှစ်ခုစလုံးနဲ့ အသုံးပြုဆက်သွယ်နိုင်စွမ်းရှိတဲ့ dual band gigabit router ပါ။ wireless speed အနေနဲ့ 300+300 mbps ဆိုတော့ စုစုပေါင်း 600 mbps ရှိပါမယ်။ online gaming, HD streaming, large file downloading တွေအတွက် အကောင်းဆုံးအမြန်ကြိမ်နှုန်းပေးစွမ်းနိုင်ပါလိမ့်မယ်။ အင်တင်နာနှစ်ခုနဲ့ အပြိုင်ထုတ်လွှင့်လက်ခံတဲ့ 2T2R Technology အသုံးပြုအလုပ်လုပ်တယ်။ Dual USB port ပါရှိတာကြောင့် storage and printer sharing လုပ်နိုင်မယ်။ FTP server, Media server တွေနဲ့တွဲဖက်နိုင်မယ်။ IPv6 Enabled ဖြစ်တယ်။ Easy setup လုပ်နိုင်မယ်။ မလိုသူတွေ မသုံးနိုင်အောင်တားနိုင်တဲ့ parental control ပါမယ်။ WPS Button ခလုတ်တစ်ချက်နှိပ်လိုက်ရုံနဲ့ encryption လုပ်ပေးနိုင်တဲ့ စနစ်ပါမယ်။ ပြင်ပအသုံးပြုသူတွေ အတွက် guest Network ဖန်တီးပေးနိုင်မယ်။



**Price - 63,000 Ks**
**Contact - NeoTech, 01-373446**

## POWERLOGIC ( Air Mouse)

Powerlogic မှထုတ်လုပ်သော wireless mouse များစွာရှိသည့် အနက်အရည်အသွေးမြင့်မားတဲ့ mouse လည်းဖြစ်ပါတယ်။ 2.4GHZ wireless optical mouse ဖြစ်ပြီး high capacity 2600m Ah AA battery included to achieve 2years long battery ဖြစ်တဲ့အတွက် battery အရည်အသွေးကတော့ အထူးကောင်းမွန်မှာဖြစ်ပါတယ်။ Optical sensor : AVAGO 3000 ပါရှိပြီး wireless အကွာအဝေးကို 10 meter ထိအသုံးပြုအလုပ်လုပ်နိုင်မှာပါ။



**Price- 19,500 Ks**
**Contact - Techno Visions, 09- 73077110**

## MEMORY STICK (VERBATIM OTG)




Verbatim Product USB On The Go pen Drive က အလွန်အသုံးဝင်တဲ့ accessory တစ်ခုဖြစ်ပြီး PC to Smartphone/tablet ပဲ သုံးသုံး Smartphone/tablet to smartphone/tablet ပဲသုံးသုံးမည်သည့်နေရာတွင်မဆိုအလွယ်တကူအသုံးပြုနိုင်ပါတယ်။ 16GB, 32GB storage နှစ်မျိုးရှိပြီး Data များများသိုလှောင်နိုင်သည့်အပြင် Video, ရုပ်ရှင်၊ သီချင်းများကို pen drive ထဲတွင်ထည့်ထားပြီး smartphone/tablet များနှင့်ချိတ်ဆက်ပြီး တိုက်ရိုက်ကြည့်ရှုနားဆင်နိုင်မှာဖြစ်ပါတယ်။

**Price: 16GB=16,000Ks,32GB=23,000Ks**
**Contact - KMD, 01-241196**

## anitechTM HDMI Cable D-210

Version 1.4 HDMI cable ပါ။ ထိပ်ပိုင်းတွေမှာလျှပ်ကူးအလွန်ကောင်းပြီး 24K gold plate connector ပါရှိသလို cable ကြိုးတွေကိုလည်း အလွန်သန့်စင်တဲ့ ကြေးသတ္တုနဲ့ပြုလုပ်ထားတာကြောင့် အချက်ပြစီးဆင်းမှု အလွန်ကောင်းတာကြောင့်ကြည်လင်သန့်ရှင်းပီသတဲ့ HD ရုပ်ထွက်တွေကို ခံစားကြည့် ရှုစေနိုင်မှာပါ။

လျှပ်စစ်သံလိုက် လှိုင်း တွေထိုးဖောက်ဝင်ရောက်မှုကို ထိထိရောက်ရောက် တားဆီးပေးနိုင်တဲ့ Noise rejection shielding,Heavy-duty die-cost metal shell အကာအကွယ်များပါရှိပြီး အပေါ်ဆုံးအလွှာမှာ High density soft nylon အကာဖုံးအုပ်ထားပါတယ်။



**Price - 12,000 Ks ,Contact - Citicom, 01-373175**




**Price - $14.5,**
**Contact - Citicom, 01-373175**

## A4 TECH Webcam PKS -732G

အထိုင်မြဲစေဖို့အောက်ခြေမှာလေစုပ်ခွက်ကလေးပါတဲ့ webcam ပါ။ 54 degree အကျယ်မြင်ကွင်းရိုက်ယူနိုင်တဲ့ F=3.0 Lens နဲ့ 1/6 CMOS ပုံရိပ်ဖမ်း sensor တပ်ဆင်ထားပြီး မှန်ဘီလူးကို အလင်းမပြန့်တဲ့ Anti-glare coating အုပ်ပေးထားပါတယ်။ autofocus 0 cm-to-infinity ပါ။ ဗီဒီယိုရိုက်ကူးယူမှုကို 160 x 120 ,320 x 240, 640 x 480 ရုပ်ထွက်တွေနဲ့တစ်စက္ကန့် frame 30 နှုန်းရိုက်ကူးပေးနိုင်ပါတယ်။ အသံဖမ်းဖို့ built-in MIC ပါတယ်။ အလင်းအားနည်းရာမှာလည်း ပုံကောင်းထွက်အောင်ရိုက်ပေးနိုင်ပါတယ်။ ကွန်ပျူတာနဲ့တွဲဖက်ဖို့ဘာ driver မှ မလိုဘူး။ plug & play ပဲ။ software interpolated လုပ်မယ်ဆိုရင် 16MP အထိတင်လို့ရမယ်။

## SVC UPS 650VA(Black)

Computer များတွင် လျှပ်စစ်ဓာတ်အားမတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်နိုင်သော ပြဿနာများကို ကာကွယ်ရန် UPS ကောင်းကောင်းတစ်လုံးထားရှိရန်လိုအပ်ပါတယ်။ UPS တွေအများကြီးရှိသည့်အထဲမှ ဈေးနှုန်းသင့်တင့်ပြီး ပစ္စည်းကောင်းမွန်သည့် SVC အမှတ်တံဆိပ် 650 VA UPS လေးဖြစ်ပါတယ်။ မီးအားအတက်အကျများကို ကောင်းမွန်စွာထိန်းချုပ်ထားနိုင်မှာဖြစ်ပြီး backup ကိုပိုမိုကြာရှည်စွာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အသုံးပြုရလွယ်ကူပြီး UPS ကို မဖွင့်ထားသော်လည်း AC input power ရှိပါကဘက်ထရီအားမပြည့်လျှင်အလိုအလျောက်အားသွင်းနေမှာဖြစ်ပါတယ်။ CYBER PLUS Trading Co.,Ltd မှဖြန့်ဖြူးသော SVC UPS များကို 1 Year Warranty & Lift Time Service Warranty အဖြစ်ပြောင်းလဲသတ်မှတ်ပေးထားပါတယ်။



**Price - 53,000Ks**
**Contact - CYBER PLUS, 01-221792**

# GLOBAL NEWS

PROJECTOR KEYBOARD

## R2-D2 Droid Projector Keyboard ကို ဒေါ်လာ (၃၃၀) ဖြင့် ရောင်းချ



ဂျပန်အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်သည့် Imp က R2-D2 ဟု အမည်ရသည့် စက်ရုပ်ပုံ Projector Keyboard ကို ဒေါ်လာ (၃၃၀) ဖြင့် ရောင်းချပေးလိုက်ပါသည်။ စက်ရုပ်ပုံသဏ္ဌာန်ဖြစ်ပြီး အကျယ် (၇၀) မီလီမီတာ၊ အရှည် (၉၇) မီလီမီတာနှင့် အချင်း (၄၉) မီလီမီတာ ဖြစ်ပါသည်။ R2-D2 သည် အရွယ်အားဖြင့် iPhone ထက်သေးငယ်ပါသည်။ R2-D2 ကို ဒေါ်လာ (၃၃၀) ဖြင့်ရောင်းချမည်ဖြစ်သည်။

စက်ရုပ်သည် အနီရောင်လေဆာရောင်ခြည်များကို အသုံးပြုပြီး ကီးဘုတ်တစ်ခုကို ပြသပေးမည် ဖြစ်သည်။ အဆိုပါကီးဘုတ်၏ အလင်းရောင်ကို ချိန်ညှိနိုင်ပါသည်။ ကီးဘုတ်တွင် အင်္ဂလိပ်စာလုံးခလုတ် (၆၈) ခုပါရှိပါသည်။ ကီးဘုတ်၏အနံမှာ ၃. ၈ လက်မဖြစ်ပြီး အလျားမှာ ၉. ၃ လက်မ ဖြစ်ပါသည်။

ကီးဘုတ်ကို အဖွင့်၊အပိတ်ပြုလုပ်လျှင် စက်ရုပ်က လေချွန်သံဖြင့် အချက်ပေးနိုင်ပါသည်။ စာရိုက်သည့်အခါတွင် အသံဖြင့် အချက်ပေးရန်လည်း ပြုလုပ်နိုင်ပါသည်။

R2-D2 Keyboard Projector ကို iOS, Android, Mac OS, Windows, BlackBerry စသည့် Device များနှင့် Bluetooth မှတစ်ဆင့် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ R2-D2 တွင် ပြန်လည်အားဖြည့်နိုင်သည့် Lithium-Ion Battery တပ်ဆင်ထားပြီး တစ်ခါအားသွင်းထားလျှင် နှစ်နာရီဝန်းကျင်အသုံးပြုနိုင်ပါသည်။

R2-D2 ကို မေလ(၄) ရက်နေ့ ကတည်းက ကြိုတင်ရောင်းချပေးနေပြီး ဩဂုတ်လကုန်ပြီးနောက်ပိုင်းတွင် ပို့ဆောင်ပေးမည်ဖြစ်သည်။ R2-D2 သည် အရွယ်အစားကြီးသည့် ကီးဘုတ်များကို သယ်ဆောင်အသုံးပြုရသည့် ဒုက္ခမှ ကင်းဝေးစေမည် ဖြစ်သည်။

## Google က ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို သိရှိသည့် တက်ဘလက်များကို တီထွင်နေ

Googleကကင်မရာနှင့် Sensorများ၏ အကူအညီဖြင့် ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို သိရှိပုံဖော်နိုင်သည့် တက်ဘလက်အလုံးရေ လေးထောင်ကို ထုတ်လုပ်ရန်စီစဉ်နေသည်ဟု The Wall Street Journal က ရေးသားထားပါသည်။ အဆိုပါ တက်ဘလက်များသည် Google Project Tango စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။ တက်ဘလက်များတွင် ခုနစ်လက်မအရွယ်မျက်နှာပြင်၊ အနီအောက်ရောင်ခြည်သုံး အဆင့်မြင့် Sensors များ၊ အနောက်ကင်မရာ နှစ်လုံးနှင့် တိကျသောသုံးဖက်မြင်ပုံရိပ်များကို ဖမ်းယူပေးနိုင်သည့် အဆင့်မြင့်ဆော့ဖ်ဝဲလ် ပါရှိပါသည်။

Google ၏ Project Tango သည် ကမ္ဘာ့မြေကြီးကို ပုံဖော်နိုင်သည့် Device များကို ထုတ်လုပ်ရန်ရည်ရွယ်သည့် သုတေသန စီမံကိန်းတစ်ခု ဖြစ်ပါသည်။ Google က ဖေဖော်ဝါရီလတွင် Project Tango စီမံကိန်းကို ကြေညာခဲ့ပြီး ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို ပုံဖော်နိုင်သည့်စမတ်ဖုန်းကို သရုပ်ပြခဲ့ပါသည်။ စမတ်ဖုန်းတွင် 4 Megapixel Camera ၊ အနီအောက်ရောင်ခြည် Sensor နှင့် အရာဝတ္ထုများကို 3D ပုံရိပ်အဖြစ် ဖမ်းယူပေးနိုင်သည့် ကင်မရာ တပ်ဆင်ထားပါသည်။

တက်ဘလက်များကို ဇွန်လနှောင်းပိုင်းတွင်ကျင်းပမည့် Google ၏ Developer Conference မတိုင်မီ ကြေညာမည်ဟု The Wall Street Journal က သတင်းပေးထားပါသည်။ တက်ဘလက်အချို့ကို Developer များကို စမ်းသပ်အသုံးပြုခွင့်ပေးမည်ဟု သိရပါသည်။ Google က ဖေဖော်ဝါရီလတွင် Project Tango Smartphone များကို ကြေညာစဉ်ကလည်း သူတို့၏နည်းပညာကိုအသုံးပြုပြီး Apps များတီထွင်နိုင်ရန် Company နှင့် Developer များကို စမတ်ဖုန်းအလုံးနှစ်ရာ ပေးအပ်ခဲ့ခြင်းဖြင့် အလားတူလုပ်ဆောင်ချက်မျိုးကို ပြုလုပ်ခဲ့ပါသည်။ စမတ်ဖုန်းရရှိခဲ့သည့် အဖွဲ့အစည်းများထဲတွင် နာဆာလည်းပါဝင်ပါသည်။ နာဆာက နိုင်ငံတကာအာကာသစခန်းတွင် အလုပ်လုပ်နိုင်သည့် ဘောလုံးအရွယ် စက်ရုပ်များတွင် Project Tango ၏ Sensor များထည့်သွင်းခြင်းဖြင့် Google နှင့် ပူးပေါင်းအလုပ်လုပ်နေပါသည်။

## Facebook Mobile App တွင် သီချင်း၊ ရုပ်ရှင်များကို အလိုအလျောက် သိရှိသည့် စွမ်းဆောင်ချက်ထည့်သွင်း

Facebook က Mobile App များတွင် အနီးအနားမှ ဖွင့်ထားသော သီချင်း၊ ရုပ်ရှင်နှင့် TV Show များကို အလိုအလျောက် သိရှိသည့် စွမ်းဆောင်ချက်ကို ထည့်သွင်းပေးလိုက်ပါသည်။ စမတ်ဖုန်း၏ Microphone မှ အသံဖမ်းယူသိရှိမည်ဖြစ်ပြီး နားထောင်နေသည့် သီချင်းကို စာရိုက်ရှာဖွေရန် မလိုဘဲ အလွယ်တကူ Share လုပ်နိုင်ပါသည်။

အဆိုပါ စွမ်းဆောင်ချက်သည် နာမည်ကြီး Shazam App နှင့် ဆင်တူပါသည်။ Facebook App တွင် မည်သည့် သီချင်းနားထောင်နေသည်ဆိုသည်ကို Status တင်ရန် ပြုလုပ်သည်နှင့် App က အနီးအနားတွင်ဖွင့်ထားသည့်သီချင်းကို စုံစမ်းသိရှိပြီး ပြသပေးမည်ဖြစ်သည်။

App က သီချင်းကို စုံစမ်းနေသည်ကို ညာဘက်အပေါ်ထောင့်တွင် အိုင်ကွန်ဖြင့်ပြသမည် ဖြစ်သည်။ ထို့အတွက် မည်သည့် သီချင်းနားထောင်နေသည်ကို Status တင်ရန် စာရိုက်ရှာရသည့် အလုပ်ရှုပ်မှုကင်းဝေးမည် ဖြစ်သည်။

သီချင်းများကို Share လုပ်သည့်အခါ စက္ကန့်သုံးဆယ်စာ ဗီဒီယိုကို ပြသပေးမည် ဖြစ်သည်။ TV Show နှင့် ရုပ်ရှင်များကိုလည်း App က စုံစမ်းသိရှိနိုင်ပါသည်။ TV Show များကို Share လုပ်သည့်အခါ Episode နှင့် Season များကို ပြသပေးမည် ဖြစ်သည်။

စွမ်းဆောင်ချက်အသစ်ကို Android နှင့် iOS App များတွင် ထည့်သွင်းပေးထားပြီး ယခုအချိန်တွင် အမေရိကန်တွင်သာ အသုံးပြုနိုင်သည်ဟု သိရပါသည်။

## Tesla Model S အီလက်ထရစ်ကားများကို ဗြိတိန်တွင် ရောင်းချတော့မည်

Tesla က တစ်ခါအားသွင်းထားလျှင် မိုင်သုံးရာ မောင်းနှင်နိုင်သော Model S ကားများကို ဗြိတိန်တွင် ရောင်းချတော့မည်ဟု သိရပါသည်။ Model S သည် အားကုန်သွားလျှင် နောက်ထပ်မိုင် ၁၃၀ ကို မောင်းနှင်ရန်အတွက် မိနစ် ၂၀သာ အားသွင်းရမည်ဟု CEO Elon Musk က ပြောပါသည်။ ဗြိတိန်နိုင်ငံအဝန်းတွင် မောင်းနှင်ရန် လမ်းတွင် မိနစ် ၂၀ သာ အချိန်ပေးရန်လိုအပ်ပါသည်။

လျှပ်စစ်ကားများကို အားသွင်းပေးရန် အားသွင်းစက်များကို လမ်းတစ်လျှောက်တွင် တပ်ဆင်ပေးထားပါသည်။ Model S ပိုင်ရှင်များက အခမဲ့အားသွင်းနိုင်ပြီး ယခင်မော်ဒယ်ပိုင်ရှင်များက တစ်ကြိမ်အခပေးထားလျှင် အားသွင်းစက်များကို အကန့်အသတ်မရှိ အသုံးပြုနိုင်ပါသည်။ညာမောင်း Model S ကို စတာလင်ပေါင် ခုနစ်သောင်းဖြင့် ဇွန်တွင်စတင်ရောင်းချမည် ဖြစ်ပါသည်။

ဗြိတိန်တွင် ဇန်နဝါရီလနှင့် ဧပြီလအတွင်းတွင် အီလက်ထရစ်ကား အစီးရေ (၁၅၄၇) စီးကို မှတ်ပုံတင်ထားပါသည်။ Model S ၏ ခရီးဝေးသွားလာနိုင်မှုကြောင့် ဗြိတိန်တွင်လျှပ်စစ်ကား စီးသူပိုမိုများပြားလာမည် ဖြစ်သည်။

ဗြိတိန်တွင် လက်ရှိအသုံးပြုနေသည့် လျှပ်စစ်ကားများသည် တစ်ခါအားသွင်းထားလျှင် မိုင်တစ်ရာသာ မောင်းနှင်နိုင်ပါသည်။ ထို့အတွက် ဗြိတိန်အဝန်း သွားလာချင်လျှင် မကြာခဏရပ်နားပြီး အားဖြည့်ရခြင်း ဖြစ်သည်။

## Microsoft က ဈေးသက်သာသည့် Windows 8.1 With Bing ဟု အမည်ရသော Operating System အသစ်ကို ကြေညာ

Microsoftကဈေးသက်သာပြီး စွမ်းဆောင်ရည်နိမ့်သော Hardware များတွင် အသုံးပြုနိုင်သည့် Operating System တစ်ခုဖြစ်သော Windows 8.1 With Bing ကို ကြေညာလိုက်ပါသည်။ Windows 8.1 With Bing သည် Windows 8.1 နှင့် ကွဲပြားမှု သိပ်မရှိဘဲ အများစုမှာ တူညီကြပါသည်။ Windows 8.1 With Bing သည် ကွန်ပျူတာထုတ်လုပ်သူများအတွက် ဈေးသက်သာပြီး ကန့်သတ်ချက်များစွာမပါရှိဘဲ စွမ်းဆောင်ရည် ကောင်းမွန်ပါသည်။

ကွန်ပျူတာ ထုတ်လုပ်သူများကို မည်သည့်ဈေးနှုန်းဖြင့် ရောင်းချပေးသည်ဆိုသည်ကို မသိရသေးပါ။ Windows 8.1 With Bing တွင် Internet Explorer ၌ Bing Search Engine ကို Default အနေဖြင့် ထည့်သွင်းထားပါသည်။ Google သို့မဟုတ် အခြား Search Engine များကို ပြောင်းလဲနိုင်ပါသည်။ ကွန်ပျူတာထုတ်လုပ်သူများက Bing ကို Default Search Engine နေဖြင့် သတ်မှတ်ရမည် ဖြစ်သည်။ အချို့ Device များတွင် Microsoft Office ကို ကြိုတင်ထည့်သွင်းပေးထားမည် ဖြစ်သည်။ များသောအားဖြင့် တက်ဘလက်များတွင်ဖြစ်ပြီး အဆိုပါ Device များတွင် Office 365 ကို တစ်နှစ်အခမဲ့ အသုံးပြုခွင့်ရရှိမည် ဖြစ်သည်။

Windows 8.1 With Bing ကို ထုတ်လုပ်သူများကိုသာ ရောင်းချပေးခြင်းဖြစ်သဖြင့် စားသုံးသူများအနေဖြင့် ဝယ်ယူ၍မရဟု သိရပါသည်။ စားသုံးသူများအနေဖြင့် Windows 8.1 With Bing ကြိုတင်ထည့်သွင်းထားသည့် Device များကိုဝယ်ယူနိုင်မည်ဖြစ်သည်။ Windows 8.1 ၏ စွမ်းဆောင်ချက်များကို လူအများစု အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဈေးသက်သာသည့် Windows 8.1 With Bing ကို ပြုလုပ်ပေးခြင်းဖြစ်သည်ဟု Microsoft က ပြောပါသည်။ Windows 8.1 With Bing ထည့်သွင်းထားသည့် ပထမဆုံး Device များကို မကြာမီကြေညာမည် ဖြစ်သည်။

# GLOBAL NEWS

SMART WATCH

## Samsung က စမတ်ဖုန်းနှင့်ချိတ်ဆက်အသုံးပြုရန်မလိုသည့် စမတ်နာရီကို တီထွင်နေ




Samsung က စမတ်ဖုန်းနှင့် Sync ပြုလုပ်ရန်မလိုသည့် စမတ်နာရီကို တီထွင်နေသည် ဟု The Wall Street Journal ကသတင်းပေးထားပါသည်။ အဆိုပါသတင်းအရ Samsung သည် စမတ်နာရီကိုဖုန်းအဖြစ် အသုံးပြုနိုင်ရန် Mobile Carrier များနှင့်ဆွေးနွေးနေပါသည်။ အသုံးပြုသူများသည် စမတ်ဖုန်းမလိုအပ်ဘဲစမတ်နာရီမှ တိုက်ရိုက်ဖုန်းပြောဆိုနိုင်မည် ဖြစ်သည်။

စမတ်နာရီများသည် ၂၀၁၄ ခုနှစ်နှင့်နောက်ပိုင်းနှစ်များတွင် နည်းပညာနယ်ပယ်တွင် ရေပန်းစားလာမည့် ခန္ဓာကိုယ်တွင် ဝတ်ဆင်အသုံးပြုရသည့် ကွန်ပျူတာများဖြစ်လာမည် ဟုကျွမ်းကျင်သူများက သုံးသပ်နေကြပါသည်။ ဈေးကွက်ထဲတွင် ယခုရောင်းချလျက်ရှိသည့်စမတ်နာရီများသည် ဖုန်းပြောဆိုရန် ၊စာပို့ရန်၊အီးမေးစစ်ဆေးရန် နှင့် အခြားစွမ်းဆောင်ချက်များ အသုံးပြုရန် စမတ်ဖုန်းနှင့် ချိတ်ဆက်အသုံးပြုရခြင်းဖြစ်ပါသည်။ ထို့အတွက် အချို့သူများက စမတ်နာရီကို အသုံးပြုလျှင် စမတ်ဖုန်းကိုပါ တွဲဖက်အသုံးပြုရသည့်အတွက် အလုပ်ပိုစေသည်ဟုယူဆကြပါသည်။ အဆိုပါ ပြဿနာကို Sam-sung က ဖြေရှင်းပေးရန်စမတ်ဖုန်း မလိုအပ်သည့်စမတ်နာရီကိုတီထွင်ခြင်း ဖြစ်နိုင်ပါသည်။

စမတ်ဖုန်းကဲ့သို့သာမက စမတ်နာရီ အဖြစ်ပါ အသုံးပြုနိုင်မည့် Samsung ၏ ထုတ်ကုန်အသစ်တွင် Tizen Operating System ကို အသုံးပြုမည်ဟုသိရပါသည်။ စမတ်နာရီ အသစ်၏အမည်ကို မသိရသေးပါ။ Samsung က Galaxy Gear ဖြင့် စမတ်နာရီဈေးကွက်သို့ ဝင်ရောက်လာသော်လည်း ဝတ်ဆင်အသုံးပြုရန်အဆင်ပြေခြင်းမရှိဘဲ စွမ်းဆောင်ရည်နိမ့်ကျပါသည်။ သူ၏မျိုးဆက် Gear 2 သည် ပိုမိုပေါ့ပါးပြီး ပါးလွှာလာသကဲ့သို့ စွမ်းဆောင်ရည် ကောင်းမွန်လာပါသည်။

Samsung ၏ စမတ်နာရီအသစ်ကို ဇွန် သို့မဟုတ် ဇူလိုင်လတွင် ရောင်းချမည် ဟုသိရပါသည်။ Samsung က စမတ်နာရီ အသစ်နှင့်ပတ်သက်၍ တရားဝင်ကြေညာခြင်းမရှိသေးသဖြင့် စောင့်ကြည့်ရမည်ဖြစ်သည်။

## Samsung Galaxy Tab S ၏ ဓါတ်ပုံထွက်ရှိ

Samsung က နယူးယောက်မြို့တွင် ဇွန်လ (၁၂) ရက်နေ့ ၌ ပွဲတစ်ခု ကျင်းပရန်ရှိနေပြီး အဆိုပါပွဲတွင်မျက်နှာပြင် အရွယ် အစားနှစ်မျိုး ထုတ်လုပ်ထားသည့် Galaxy Tab S တက်ဘလက်ကို ကြေညာမည် ဟု မျှော်လင့်ရပါသည်။

ယခင် ထွက်ပေါ်ခဲ့သောသတင်းများအရ တက်ဘလက်ကို ၈.၄ လက်မနှင့် ၁၀.၅ လက်မ နှစ်မျိုးထုတ်လုပ်မည်ဖြစ်ပြီး မျက်နှာပြင်နှစ်ခုစလုံးတွင် Super AMOLED 2560x1600 Display တပ်ဆင်ထားမည် ဖြစ်သည်။ Home Button တွင် Fingerprint Sensor တပ်ဆင်ထားမည် ဟုသိရပါသည်။ Samsung က ယခင်ရောင်းချခဲ့သည့် တက်ဘလက်များထက် ပိုမိုကောင်းမွန်သည့် မျက်နှာပြင်ကို တပ်ဆင်ထားခြင်းဖြစ်ပါသည်။

ယခုထွက်ပေါ်လာသော ဓါတ်ပုံမှာ မှိန်ဖျော့သော်လည်း Galaxy Tab S ၏ ဓါတ်ပုံဖြစ်မည်ဟု ကျွမ်းကျင်သူများကသုံးသပ်ပါသည်။ တက်ဘလက်၏ မျက်နှာပြင်မှာကြည်လင်ပြတ်သားပြီး အရောင်အသွေးစုံသည်ကို တွေ့ရှိရပါသည်။

ထွက်ပေါ်နေသော Specifications များအရ Galaxy Tab S တွင် Octa-Core Exynos 5 Processor, 3GB RAM တပ်ဆင်ထားမည် ဖြစ်သည်။ အနောက်ဘက်တွင် 1080p Full HD Video များရိုက်ကူးနိုင်သည့် 8 Megapixel Camera နှင့် မျက်နှာချင်းဆိုင်တွင် 2.1 Megapixel Camera တပ်ဆင်ထားမည် ဖြစ်သည်။ Remote Control ကဲ့သို့ အသုံးပြုနိုင်သည့် IR Blaster နှင့် Android 4.4.2 KitKat ကို လည်ပတ်မောင်းနှင်မည်ဖြစ်သည်။




## လပေါ်တွင် အင်တာနက် အသုံးပြုနိုင်မည်

လပေါ်တွင် လေ၊ ရေတို့တည်ရှိသကဲ့သို့ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်တော့မည် ဖြစ်သည်။ ယခုအခါတွင်လပေါ်၌ အင်တာနက်အသုံးပြုနိုင်မည့်နည်းလမ်းကို MIT နှင့် NASA တို့ကတွေ့ရှိပြီဖြစ်သည်။

အဖွဲ့အစည်းနှစ်ခုက ကမ္ဘာမြေပေါ်တွင်သာအသုံးပြုနိုင်သေးသည့် အင်တာနက်ကို လပေါ်တွင် အသုံးပြုနိုင်မည့် သတင်းအချက်အလက် ဆက်သွယ်မှု နည်းပညာကို ပထမဆုံးအကြိမ် သရုပ်ပြခဲ့ပါသည်။ သူတို့၏ နည်းပညာသည် ကြီးမားသည့် ဒေတာ ပမာဏနှင့် High Definition Video များကိုပါ ကြည့်ရှုနိုင်ပါသည်။

လပေါ်သို့ဒေတာများပေးပို့ရန် New Mexico တွင် တည်ရှိသော အဝေးကြည့်မှန်ပြောင်းလေးခုကို အသုံးပြုပါသည်။ မှန်ပြောင်းတစ်ခုစီတွင် သတင်းအချက်အလက်များပေးပို့နိုင်သော လေဆာထုတ်လွှင့်သည့် ကိရိယာတစ်ခုစီ တပ်ဆင်ထားပါသည်။

အဖွဲ့အစည်းနှစ်ခုသည် ကီလိုမီတာ (၃၈၄၆၃၃) ကွာဝေးသည့် ကမ္ဘာမြေနှင့်လကြားတွင် 19.44Mbps အမြန်နှုန်းဖြင့် ဒေတာများပေးပို့ခဲ့ပြီး Download Speed မှာ 622Mbps ဖြစ်ပါသည်။ ကမ္ဘာမြေမှ ပေးပို့လိုက်သော လေဆာ ရောင်ခြည်များကို လကို လှည့်ပတ်နေသည့် Satellite တွင် တပ်ဆင်ထားသည့် အဝေးကြည့်မှန်ပြောင်းမှ ဖမ်းယူမည် ဖြစ်သည်။ ထို့နောက် လေဆာရောင်ခြည်များကို သတင်းအချက်အလက်များအဖြစ် ပြောင်းလဲပေးခြင်း ဖြစ်ပါသည်။

NASA နှင့် MIT တို့သည် သူတို့၏ တွေ့ရှိမှုကို ဇွန်လ ကိုးရက်နေ့တွင် ကယ်လီဖိုးနီးယား၌ကျင်းပမည့် CLEO Laser Technology Conference တွင် ပြသမည် ဖြစ်သည်။ သူတို့၏ ကမ္ဘာမြေနှင့်လကြားတွင် လေဆာရောင်ခြည် ဆက်သွယ်မှုသည် RF Signals ကယခင်တင်ထားခဲ့သည့် စံချိန်ကို မည်သို့ ချိုးဖျက်ခဲ့သည်ကို NASA နှင့် MIT က ရှင်းလင်း ပြသမည် ဖြစ်သည်။

## Google က Home Security နယ်ပယ်ထဲသို့ ဝင်ရောက်တော့မည်

Google က နေအိမ်၏အပူချိန် နှင့် မီးခိုးများကိုတိုင်းတာပေးနိုင်ပြီး မီးလောင်ကျွမ်းမှုဖြစ်လျှင် အိမ်သားများကို အချက်ပြပေးနိုင်သည့် Nest ကို ဒေါ်လာ (၃.၂) ဘီလီယံ ဖြင့်မကြာမီက ဝယ်ယူခဲ့ပါသည်။ ယခုအခါ အင်တာနက် ချိတ်ဆက်နိုင်ပြီး နေအိမ်လုံခြုံရေးအတွက်တပ်ဆင်နိုင်သည့် ကင်မရာကို ထုတ်လုပ်သည့် Dropcam ကို ဝယ်ယူတော့မည်ဟု သတင်းထွက်ပေါ်နေပါသည်။

Dropcam ၏ အဓိက ထုတ်ကုန်မှာ နေအိမ်လုံခြုံရေးအတွက် ဗီဒီယိုများရိုက်ကူးပေးနိုင်ပြီး Cloud ပေါ်သို့ Upload ပြုလုပ် ပေးနိုင်သည့်ကင်မရာ ဖြစ်ပါသည်။ အိမ်ပိုင်ရှင်များက မည်သည့်နေရာမှမဆို ဗီဒီယိုများကို ကြည့်ရှုနိုင်ခြင်းဖြစ်ပါသည်။ Dropcam က ကင်မရာတပ်ဆင်ထားခြင်းမရှိသည့် နေရာများမှာတောင် လှုပ်ရှားမှုများကို သိရှိနိုင်သည့် စွမ်းဆောင်ချက်များကို အဆင့်မြှင့်နိုင်ခဲ့ပါသည်။ Dropcam က ဩဂုတ်လအစောပိုင်းတွင်လူများကိုသိရှိသည့် ဆော့ဖ်ဝဲလ်ကို ထည့်သွင်းပေးမည် ဟုပြောခဲ့ဖူးပါသည်။ Dropcam က ကင်မရာတစ်လုံးကို ဒေါ်လာ (၁၅၀) ဖြင့်ရောင်းချပေးလျှက်ရှိပါသည်။

Financial Times ၏ သတင်းအရ Apple ကလည်းအင်တာနက် ချိတ်ဆက်နိုင်သည့် စမတ်နေအိမ်ဈေးကွက်သို့ ဝင် ရောက်တော့မည်ဟု သိရပါသည်။ Apple က iPhone မှ တစ်ဆင့်အိမ်သုံးပစ္စည်းများကိုထိန်းချုပ်နိုင်ရန် အိမ်သုံးပစ္စည်းထုတ်လုပ်သူများကို ဆွေးနွေးမည်ဖြစ်သည်။ မီးအလင်းရောင်၊ လုံခြုံရေးစနစ် စသည်များကို iPhone မှ ထိန်းချုပ်နိုင်မည် ဖြစ်သည်။ Apple က စမတ်နေအိမ်ဆော့ဖ်ဝဲလ်ကို ဇွန်လနှစ်ရက်နေ့တွင် ကျင်းပမည့် Apple's Worldwide Developer Conference တွင် ကြေညာမည်ဟုသတင်းထွက်ပေါ်နေပါသည်။

## Sony က Play Station 4 ကို တရုတ်တွင် ရောင်းချရန်စီစဉ်

Sony က Play Station 4 ကို တရုတ်တွင် ရောင်းချရန် စီစဉ်နေသည် ဟု Engadget က သတင်းရေးသားထားပါသည်။ ပြိုင်ဖက် Microsoft က Xbox One ကို တရုတ်တွင်ရောင်းချမည်ဟု လွန်ခဲ့သည့်တစ်လက ကြေညာခဲ့သည့်အတွက် Sony ကလည်း Play Station 4 ကို တရုတ်တွင် ရောင်းချရန် စီစဉ်နေခြင်းဖြစ်နိုင်ပါသည်။

Sony က ဂိမ်းစက်များဖြန့်ဖြူးရောင်းချရန်၊ အွန်လိုင်းဝန်ဆောင်မှုများကို စီမံခန့်ခွဲရန် နှင့် ဆော့ဖ်ဝဲလ်များ ဖြန့်ဖြူးရန် တရုတ်ပြည်တွင်းကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းမည် ဟုသိရပါသည်။ Sony နှင့် ပူးပေါင်းမည့် တရုတ်ကုမ္ပဏီသည် Microsoft ၏ Partner ဖြစ်သည့် Bes TV ကို ပိုင်ဆိုင်သည့် Shanghai Media Group ၏ လက်အောက်ရှိ Shanghai Oriental Pearl Group ဖြစ်သဖြင့် စိတ်ဝင်စားစရာကောင်းသည်ဟု ကျွမ်းကျင်သူများက သုံးသပ်ပါသည်။

Microsoft က တရုတ်တွင်ဂိမ်းကစားသူ သန်းငါးရာ ရှိပြီး ပီစီ၊ မိုဘိုင်းလ်နှင့် အွန်လိုင်းဂိမ်းများမှဝင်ငွေသည် ၂၀၁၃ ခုနှစ်တွင် ဒေါ်လာ (၁၃) ဘီလီယံ ရှိသည်ဟုတွက်ချက်ပါသည်။ အဆိုပါ ဝင်ငွေပမာဏသည် များပြားသည့်အတွက် Sony ကလည်း ဈေးကွက်ဝေစုခွဲဝေယူရန် စီစဉ်ခြင်း ဖြစ်ပါသည်။

Sony ၏ Play Station 4 သည် Xbox One ထက် အမေရိကန်တွင် ရောင်းအားကောင်းပါသည်။ Play Station 4 ရောင်းချသည့် နိုင်ငံများသည်လည်း Xbox One ရောင်းချသည့် နိုင်ငံများထက် များပြားပါသည်။

Microsoft က Xbox One ကို တရုတ်တွင် စက်တင်ဘာလ၌ ရောင်းချမည်ဖြစ်သော်လည်း Sony က Play Station 4 ကို ရောင်းချမည့်ရက်ကို ကြေညာခြင်းမရှိသေးဟု သိရပါသည်။




# GAME REVIEW

Publisher : Supergiant Game
Developer : Supergiant Game . Genre : action-RPG

လူသေအလောင်းတစ်လောင်း၊ လက်နက်တစ်ခု၊ စုတ်ဖြဲခံရပြီး မြေပြင်ပေါ် စွန့်ပစ်ခံထားရတဲ့ ဝတ်စုံတစ်စုံ။အသံတစ်သံကပြောတယ်၊ " ဘယ်လိုညမျိုးပါလိမ့်၊ မင်းတစ်စစီဖြစ်မသွားသေးတာပဲတော်သေးရဲ့"

Transistor ဟာ မသိခြင်းတွေအပြည့်လျှို့ဝှက်ဆန်းကြယ်တဲ့ အခင်းအကျင်းနဲ့စတင်ပါတယ်။ ကစားသူကို ညကလပ်အဆိုတော် Red ရဲ့ဘဝမှာက်အဆိုးဆုံးသောအချိန်ကာလထဲပစ်ချပေးလိုက်တယ်။ သူမကဘယ်သူလဲ။ ဒီကမ္ဘာကဘာလဲ။ အရင်ညကဘာဖြစ်ခဲ့သလဲ။ စတာတွေကို ချက်ချင်းလက်ငင်းရှင်းပြထားတာဘာမှမရှိပါဘူး။ ဒီ သိရခက်နက်နဲတဲ့ နောက်ခံဆက်တင်ကပဲ ရှေ့ဆက်သွားမယ့်ခရီးအတွက်ပိုပြီးသို့ငင်ဖမ်းစားစရာ ဖြစ်အောင်လုပ်ပေးတယ်။ Transistor က သူ့ကိုယုံကြည်ဖို့ တောင်းခံပြီး ကိုယ်ဘယ်သွားနေတာလဲ မသိတာတောင် ခရီးကိုအတူသွားဖို့ ဆွဲဆောင်ခေါ်ငင်အောင်လုပ်မှာဖြစ်ပါတယ်။ ပြီးတော့ သင့်ရဲ့ယုံကြည်မှုအပေါ် ဆုလာဘ်တွေပြန်ပေးမယ်။ သမားရိုးကျမဟုတ်တဲ့ sci-fi ဇာတ်ကြောင်းကိုစိတ်နှလုံးညှတ်နူးဖွယ်အနုပညာဆန်လှပတဲ့ visual အမြင်တွေနဲ့ ပေါင်းစပ်ရောယှက်ပေးထားပါတယ်။

Transistor ဟာ action-RPG အမျိုးအစားဂိမ်း လေးဖြစ်ပါတယ်။ ပြင်လွယ်ပြောင်းလွယ်ဖြစ်တဲ့တိုက်ပွဲစနစ်မှာ real-time နဲ့ turn-based action ကိုရောယှက်ထားတဲ့အတွက်ထူးခြားတဲ့ခံစားချက်ကို ရရှိတယ်။ Transistor ဂိမ်းထဲမှာလှည့်လှည်သွားလာရတဲ့ ကမ္ဘာက Cloudbank ဖြစ်ပါတယ်။ အဲဒီ အထဲမှာရှေ့ဆက်သွားရင်းနဲ့ cloud-bank ကို ဖျက်ဆီးပစ်ဖို့ ထင်ရာစိုင်းနေတဲ့ the Process ဆိုတဲ့ အင်အားတစ်ခုနဲ့ရင်ဆိုင်ရမယ်။ ဂိမ်းအစမှာ လူသေကောင်ရဲ့လက်ထဲကဆွဲယူခဲ့တဲ့ transistor လို့ခေါ်တဲ့ ထူးဆန်းတဲ့လက် နက်နဲ့ရင်ဆိုင်ဖြေရှင်းရမှာပါ။ လက်နက်ကလေးလွန်းလို့ Red ဟာ အဲဒါကို ဓားတစ်ချောင်းလိုပဲတရွတ်တိုက်ဆွဲယူသယ်ဆောင်ရမှာပါ။ ရန်သူတွေက ကိုယ့်ထက် အင်အားများပြီး သူတို့ကို ကျော်လွှားဖို့ လုံလောက်တဲ့ မြန်ဆန်မှုနဲ့ ခွန်အားမရှိတာကြောင့် အမြဲတမ်း real-time ပုံစံနဲ့တိုက်ခိုက်လို့မရပါ။ ကျေးဇူးတင်စရာ Red မှာအချိန်ကိုရပ်တန့်နိုင်ပြီး turn-based ထဲရောက်သွားစေမယ့် game mode ပါ ပါသေးတယ်။

Freeze time လုပ်ပြီးရွေ့လာမယ့် ခြေလှမ်းတွေနဲ့ တိုက်ခိုက်မှုတွေကို အစီအစဉ်ချရတယ်။ ပြီးမှဆက်တိုက်လျှင်မြန်စွာဆောင်ရွက်စေခြင်းဖြစ်ပါတယ်။ ရှေ့ဆက်တိုးတက်လာနဲ့အမျှ functions လို့ခေါ် တဲ့နည်းစနစ်တွေ ပိုပိုပြီးစုဆောင်းနိုင်လာကာ skill တက်လာမယ်။ Transistor ကစမ်းသပ်လုပ်ဆောင်မှုတွေနဲ့ combat အပေါ် ကျွမ်းကျင်ပိုင်နိုင်မှုရှိလာဖို့အားပေးတယ်။ မတူတဲ့ စွမ်းရည်ပေါင်းစပ်မှုတွေ သုံးစွဲရင်နောက်ခံဇာတ်ကြောင်းအပိုင်းအစတွေ ပြသပေးပါတယ်။ ပါးနပ်လိမ်မာတဲ့ ရန်သူတွေကြောင့် တိုက်ခိုက်ရတာပျော်မွေ့နှစ်မြိုက် စရာကောင်းပါတယ်။ PC နဲ့ PS4 ပလက်ဖောင်းနှစ်ခုစလုံးမှာ ကစားနိုင်တယ်။ ၆ နာရီကြာ puzzleဆန်ဆန်ဂိမ်းမှာ အမြင်ပိုင်းတေးဂီတနဲ့အဆင့်အတန်းမြင့်မြင့် ဖန်တီးထားတဲ့ဇာတ်ကြောင်းတွေနဲ့ ကစားသူတွေအတွက် မမေ့လောက်စရာအံ့ဩဖွယ် အခိုက်အတန့်အချို့ ဖန်တီးပေးမှာဖြစ်ပါတယ်။



ကိုရီးယားထုတ်ကုန် လျှပ်စစ်ပစ္စည်း၊အလှကုန်၊အိမ်ဆောက်ပစ္စည်း၊အစားအသောက်များ Fashion များနှင့်ကားများပြသမည့်

2014
June ( 12 to 15 )

Korea Expo 2014
Tatmataw Hall

Organizer
Korean Association in Myanmar
Embassy of Republic of Korea in Myanmar
kotra
LOGIC MYANMAR

# Latest Games



## CONSOLE GAMES

### Wolfenstein (The New Order)




နာဇီပါတီကြီးစိုးသော ခေတ်တစ်ခေတ်ကို အခြေခံ၍ ခေတ်လွန်လက်နက်များ၊ စက်ရုပ်များဖြင့် တိုက်ခိုက်ရသော Update Game တစ်ပုဒ်ဖြစ်ပြီး X-Box နှင့် PS3 နှစ်မျိုးစလုံးအသုံးပြုနိုင်အောင် ဖန်တီးပေးထားသည်။

### Invizimal




Ben 10 ဂိမ်းနှင့်အနည်းငယ်ဆင်တူရိုးမှားတူသော ဂိမ်းတစ်ပုဒ်ဖြစ်သည်။ ဇာတ်လိုက်ကတော့ လူနှင့်ကျားနှစ်မျိုးရှိပြီး ကြိုက်နှစ်သက်ရာတစ်ခုကိုရွေးကာ ဆော့ကစားရမှာဖြစ်သည်။ ကလေးများအတွက် အကောင်းဆုံးကာတွန်းဂိမ်းတစ်ခုလည်းဖြစ်ပါတယ်။

### Jo Jos Bizarro Adventure all star battle



ဇာတ်လိုက်ပေါင်းများစွာအနက်မှ ကြိုက်နှစ်သက်ရာတစ်ဦးကိုရွေးချယ်ပြီး Story mode နှင့် Vs mode နှစ်မျိုးစလုံးကစားနိုင်သောဂိမ်းမျိုးဖြစ်ပါတယ်။

### Young Justice




ဇာတ်လိုက် ၆ ယောက်ပါဝင်ပြီး ဇာတ်လိုက်တစ်ယောက်စီတွင် ပါဝါတစ်မျိုးစီရှိပြီး step အလိုက်မည်သည့်ဇာတ်လိုက်ဖြင့် အသုံးပြုရမည်ကို စဉ်းစားပြီး ကစားရမည့်ကာတွန်းဂိမ်းတစ်မျိုးဖြစ်သည်။

### Dark Souls II




Namo Bandai Game ကထုတ်လုပ်ဖြန့်ချိထားတဲ့ Action ဂိမ်းအမျိုးအစားတစ်ခုဖြစ်ပြီး ကျိန်စာသင့်နေတဲ့ undead တစ်ယောက်အနေနဲ့ ကစားရမှာဖြစ်သည်။ ကျိန်စာပျယ်ဖို့ကြိုးစားနေတဲ့ အချိန်မှာ ရန်သူ Soul တွေနဲ့ တိုက်ခိုက်ရမယ့် game ဖြစ်သည်။ PC ဂိမ်းမှ P3 ဂိမ်းသို့အသွင်ကူးပြောင်းထားသောဂိမ်းတစ်ပုဒ်လည်းဖြစ်သည်။

### Kingdom Hearts



RPG အမျိုးအစားဖြစ်ပြီး ရောမခေတ်တစ်ခေတ်ရဲ့ အာဏာရှင်အချင်းချင်းတိုက်ခိုက်ရသောဂိမ်းတစ်မျိုးဖြစ်သည်။ PS3 နှင့် X-Box နှစ်မျိုးစလုံးကစားနိုင်သည်။

ကိုဖက်တီး
GAME SALE & SERVICE
အမှတ်(၁၉၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
PH: 01-372686, 09 50 80622

နောက်ဆုံးတော့လည်း Huawei ဟာ wearable gadget လောကထဲဝင်ရောက်လာပါပြီ။ စပိန်နိုင်ငံဘာစီလိုနာမြို့မှာကျင်းပတဲ့ Mobile World Congress (WMC) ပြပွဲမှာ fitness tracker နဲ့ bluetooth headset ဆိုတဲ့ ပစ္စည်းနှစ်ခုကို 2 in 1 ပုံစံပေါင်းစပ်ထားတဲ့ TalkBand B1 ဆိုတဲ့ ပစ္စည်းလေးကို ပြခဲ့ပါတယ်။ တစ်နည်းအားဖြင့် လက်မှာပတ်တဲ့ smartband နဲ့ နားမှာချိတ်နားထောင်တဲ့ Bluetooth headset ကိုပေါင်းစပ်ထားတာပေါ့။ သူတို့နှစ်ခုအကြား သီးသန့်စီခွဲထားရင် Bluetooth 4.1 နဲ့ paring လုပ်ပြီးပူးထားစဉ်မှာ NFC pairing လုပ်တယ်။ သူတို့နှစ်ဦးကို 2 in 1 လုပ်ထားရင် လက်ပတ်နာရီတစ်လုံးထက် လက်ပတ်ကွင်း wristband တစ်ခုနဲ့ ပိုတူတယ်။ Bluetooth headset ကို wristband ထဲက ဆွဲချွတ်ပြီး နားမှာချိတ်ပြီး ဖုန်းပြောလို့ရမယ်။ ပြီးရင် ပြန်စွတ်ထားလို့ရတယ်။ IP57 water-and-dust-resistant စံနှုန်းနဲ့အကြမ်းခံရေစိမ်ခံတည်ဆောက်ထားတာကြောင့် ရေပန်းအောက်မှာရေချိုးနေချိန်မှာတောင် ချွတ်ထားဖို့မလိုဘူး။ Talkband မှာ 1.4inch OLED black and white display တပ်ဆင်ပေးထားတယ်။ Minimalistic frameless and floating display ပေါ့။ အနားကွပ်ဘောင်တွေ မပါတာကြောင့် လှပရိုးရှင်း ဆန်းသစ်ဆိုတဲ့ ဂုဏ်အင်္ဂါအားလုံးနဲ့ ပြည့်စုံနေတယ်။ fitness tracking ဆိုတဲ့ ကျန်းမာရေးစောင့်ကြည့်မှတ်တမ်းတင်မှုကိုလည်း လုပ်ပေးဦးမယ်။ ခြေလှမ်းတွေကို တိုင်းတာပေးပြီး တစ်နေ့တာအတွင်းလှုပ်ရှားမှု ပြုလုပ်ချိန် (activity time) ကယ်လိုရီလောင်ကျွမ်းအသုံးပြုမှု (calories burned) လမ်းလျှောက်အပြေးလေ့ကျင့်ရင်းရောက်ခဲ့တဲ့ အကွာအဝေး (distance) အိပ်မက်မှုပုံစံ (sleep tracking) တွေကိုထောက်လှမ်းတိုင်းတာဖော်ပြပေးပြီး မှတ်တမ်းတင်ပေးထားနိုင်ပါတယ်။ အချက်အလက်တွေကို ဖုန်းမှာပါတဲ့ Health app သုံးပြီး သက်ဆိုင်ရာ website ဆီပေးပို့ပြီး ဆန်းစစ်ချက်ရလဒ်တွေ ထုတ်ယူနိုင်စေပါမယ်။ Bluetooth 4.1 သုံးပြီး ဖုန်းပြောဆိုစဉ်ဆူညံနှောင်ယှက်သံတွေကို လျှော့ချပေးဖို့ dual mic noise reduction စနစ်ပါတယ်။built-in battery ပါပြီး ဘက်ထရီအားသွင်းချိန် (၂) နာရီပဲကြာမယ်။ ဘက်ထရီအားအပြည့်နဲ့ဆိုရင် talktime 7 hours နဲ့ standby time 2 weeks ခံမယ်။ ဖုန်းဝင်လာရင် caller ID နဲ့ ဖုန်းနံပါတ်ကို display ပေါ်မှာဖော်ပြပေးနိုင်ပါတယ်။

## Huawei TalkBand B1



# တက်လှု
## လူငယ့်ရေးရာဂျာနယ်




တက်လှုဂျာနယ်ဟာ လူငယ့်ရေးရာကိုသာ အဓိကထားအာရုံစိုက်သွားမယ့် အပတ်စဉ်ထုတ်ဂျာနယ်ဖြစ်ပါတယ်။ ပန်းပေါင်းစုံဖူးပွင့်ဝေဆာတဲ့ စာပေပန်းခင်းထဲမှာ စာနယ်ဇင်းအသီးသီးဟာ ကိုယ်ပိုင်မူဝါဒ၊ ကိုယ်ပိုင်လမ်းကြောင်းတွေနဲ့လျှောက်လှမ်းနေကြပါတယ်။ တက်လှုဂျာနယ်ဟာလည်း ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်လမ်းကြောင်းနဲ့ ကိုယ်ပိုင်ယုံကြည်ချက်အတိုင်း တမူထူးခြားစွာ ဖောက်ထွက်တင်ဆက်နိုင်ဖို့ ရည် ရွယ်ထားပါတယ်။

လူငယ်တွေအတွက် ဘဝတိုးတက်အောင်မြင်ရေးမှာတစ်ထောင့် တစ်နေရာက အထောက်အကူရစေဖို့ လက်တွဲခေါ်ဆောင်မယ့် နည်း ပေးလမ်းပြများအပြင် လက်တွေ့အသုံးဝင်မယ့်အကြောင်းအရာတွေလည်း ထည့်သွင်းတင်ဆက်ပေးသွားမှာပါ။ ခေတ်သစ်လူငယ်တွေအတွက် မရှိမဖြစ်အရေးကြီးတဲ့ အင်္ဂလိပ်စာနဲ့ အိုင်တီဆိုင်ရာသင်ခန်းစာနဲ့ဗဟုသုတတွေပါရှိမယ်။ကမ္ဘာကြီးပေါ်ကခြင်းရာဖြစ်ရပ်တွေအကြောင်း၊သိပ္ပံသဘောတရားတွေအကြောင်း၊ လူမှုကျင့်ဝတ်ဆိုင်ရာသင်ခန်း စာတွေပေးတဲ့အီစွတ်ပုံပြင်တွေ၊ လူမှုစိတ်ပညာအကြောင်းတွေ၊ ပညာရေးအကြောင်းဆောင်းပါးတွေ၊ ရသစာစု တွေလည်း ပါရှိမယ်။ နောက်ဆုံး ဘာရည်ရွယ်ချက် ကြီးကြီးမားမားမှမရှိဘဲ ကောက်ဖတ်မိတဲ့သူ တွေအတွက်တောင် လက်ကပြန်မချဖြစ်အောင်လို့ သတင်း၊ ဖျော်ဖြေရေးကဏ္ဍ၊ ဟာသ၊ ကိုယ်တိုင်လုပ်ပရောဂျက်များ၊ ဝါသနာပါရာ အပန်း ဖြေစရာ၊ ပဟေဠိစတာတွေနဲ့ စိတ်အပန်းပြေစရာဖြစ်အောင်လည်း စီစဉ်ထားပါသေးတယ်။

သမားရိုးကျ ဂျာနယ်ပုံစံမဟုတ်ဘဲ စာအုပ်ပုံစံထုတ်ထားတာကလည်း ရည်ရွယ်ချက် ရှိပါတယ်။ ဖတ်ပြီးရင် လွှင့်ပစ်ဖို့မဟုတ်ဘဲ ဖတ်ပြီးရင်လည်း သိမ်းထားသင့်တဲ့စာတွေ ပါဝင်အောင် ကြိုးစားထားလို့ပါပဲ။ ကဏ္ဍတစ်ခုချင်းစီကို ရှေ့နောက် အဆက်အစပ်နဲ့ အပတ်စဉ်တင်ဆက်သွားမှာမို့ ဆက်တိုက်ဖတ်ရှုသွားရင် လူငယ်များအတွက် တစ်စုံတစ်ရာအကျိုးရှိလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ အခု တက်လှုဂျာနယ်ရဲ့ပထမဆုံးခြေလှမ်းကို ပရိသတ်တွေရှေ့မှောက်အရောက်ပို့ဆောင်ခဲ့ပြီးပြီမို့ စမ်းသပ်မြည်းစမ်းကြည့်နိုင်ပြီဖြစ်ပါကြောင်း...




**အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်**

အမှတ်(၈၄၂)၊ ပထမထပ်၊ ခ/၈လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၁၇၇၂၁၅၆။ Email : tetlhu.journal@gmail.com

# PHONE PARADISE

**Mobile Technical Service and Training School**

" **Mobile Phone** တစ်လုံးက သင့်ဘဝရဲ့ရပ်တည်မှုကို **(Knowledge age)**
ပညာခေတ်ကြီးထဲမှာ စီးမျောနိုင်ဖို့ အထောက်အပံ့ကောင်းများစွာကို ပံ့ပိုးပေးနိုင်နေပါပြီ။
ဒါကြောင့် **Mobile Phone** တစ်လုံးဟာ လူတိုင်းအတွက် မရှိမဖြစ်ပါပဲ"

" **Mobile Phone** သုံးစွဲသူ သိန်းပေါင်းများစွာရှိပေမယ့်
အမှန်တကယ်နားလည်တတ်ကျွမ်းပြီး ပြုပြင်သင်ကြားပေးနိုင်တဲ့
ပညာရှင်ကတော့ အများကြီးမရှိပါဘူး"



**Mobile Phone** နဲ့ပတ်သက်ပြီး
စိတ်တိုင်းကျပြုပြင်ချင်ရင်ပဲဖြစ်ဖြစ်၊



**Power User** တစ်ယောက်လို
နားလည်ချင်ရင်ပဲဖြစ်ဖြစ်



**Professional Mobile Technician**
တစ်ယောက်လို အသက်မွေးချင်ရင်ပဲဖြစ်ဖြစ် . . .

**Mobile Phone** နဲ့ပတ်သက်ပြီး သင်စိတ်ဝင်စားနေပြီဆိုရင်တော့
**Phone Paradise** ကိုသာ ဆက်သွယ်လိုက်ပါ
သင်ရဲ့ **Mobile Phone** နဲ့ပတ်သက်တဲ့ကိစ္စအဝဝကို
ကျွန်တော်တို့တာဝန်ယူပါတယ်



အမှတ် (၂၆၅)၊ ပညားဒလလမ်း(ယုဇနပလာဇာအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၈ ၅၄၈ ၉၈၉၊ ၀၉ ၄၀ ၂၅ ၂၉၇၈၅

Email : phoneparadise.pp@gmail.com

*Hotline* : **09 430 90 691**

# The audio people

See more Hear more



MUSICAL FIDELITY · ACAPELLA · DA-LITE · THIEL · VISUAL SPORTS · GRANDVIEW · Stockfisch · CHESKY RECORDS

Cambridge Audio · UNIVERSAL remote control · MKSOUND The Choice of Professionals · MONITOR AUDIO · JVC / PRO · mbl · STRAIGHT WIRE · Sunfire

BRYSTON · Pioneer · Auralex acoustics

The Audio People, # 337, Pyi Road, San Chaung Township, Mont Taung Quarter, Yangon, Myanmar. Phone : 01-536309, 09 450019889,
Fax : 536309, Email : theaudiopeople.ygn@gmail.com, www.theaudiopeople.net, www.theaudiopeople.mm.com


AppleCare
Works with iPhone
iPod iPhone iPad
iAngel®
Apple Collection &
Professional Service
Apple's Product နှင့် Accessories
များကိုပစ္စည်းမှန်၊ ဈေးနှုန်းမှန်ကန်စွာဖြင့် စိတ်တိုင်းကျအကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။
iPhone 5 S
Yangon Shop (1) : No.192, Nguwar Street, Ground Floor, Ahlone Township, Yangon.
: 01 216852, 09 5014436, 09 5078123
Taunggyi Shop (II) : No.413. Zizawar Street, Kan Out Qrt,
: 081 200365, 09 421735999, 09 73234888, 09 36166555
Candy


TTe
TOTAL TECHNOLOGY ENGINEERING
Honeywell
- Vista
- Notifier
- Silent Knight
U.S.A
CCTV & DVR SYSTEM
Welcome to IP-AK2!
Your IP Solutions
DOOR ACCESS CONTROL SYSTEM
FIRE ALARM SYSTEM
FIRE FIRE PUSH PULL
INTRUSION ALARM SYSTEM
နာမည်ကျော် U.S.A Brand တစ်ခုဖြစ်တဲ့ Honeywell အမျိုးအစား လုံခြုံရေးစနစ်များကို သင့်တင့်သောဈေးနှုန်းဖြင့် ရရှိနိုင်ပါပြီ။ CCTV Camera နှင့် DVR စနစ်များ၊ မီးဘေးကြိုတင်သတိပေးစနစ်များ၊ တံခါးအဝင်၊ အထွက် ထိန်းချုပ်ရေးစနစ်များနှင့် အဆောက်အဦအတွင်းသို့ ဖောက်ထွင်းဝင်ရောက်မှုကြိုတင် သတိပေးစနစ်များကို Total Technology Engineering Co.,Ltd မှ တရားဝင် ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချပေးနေပြီး အကောင်းဆုံးဝန်ဆောင်မှုများဖြင့် တပ်ဆင်ပေးနေပါပြီ။ တစ်ဆင့်ခံပြန်လည်ရောင်းချလိုသူများလည်း Total Technology Engineering Co.,Ltd သို့ ဆက်သွယ်နိုင်ပါသည်။
Total Technology Engineering Co.,Ltd
Showroom : No,76,Damaryone Street,Sanchaung Tsp,Yangon.. Tel: 0951 74322, 0950 91551, 0931 946113


Prepaid Plan Only Promotion
REDLINK®
COMMUNICATIONS
Broadband Internet Service
www.redlink.net.mm
Prepaid Plan Only
360,000 Ks
( 8 GB Package Free )
Limited Stock
99 Subscribers Only
Prepaid Cards Promotion
8 GB Package - 80, 000 Ks
16 GB Package - 160, 000 Ks
Postpaid Customer Promotion
Silver, Gold, Platinum အတွက်
6 Month Advance bill - Get 1 Month Free
Promotion Period
23.5.14 ~ 1.6.14
*Terms & Conditions Apply
အသေးစိတ်သိရှိလိုပါက -
Sales Office & Service Center
* Pearl Condo : 09 730 31684 ~ 85
* BAK (IT Mall) : 09 431 700 15
* Junction Square : 09 431 700 16
* Chaw Twin Gone : 01 660 304, 664 282
* Junction Maw Tin : 09 431 38326
* Dagon Center (I) : 09 317 86635, 01-527292
526971,536796 Ext : 224
* 9 Mile : 09 49208224, 250722149
* United Living Mall : 09 30360845
နှင့် Sales Agent များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။
YANGON ICT FAIR 23.5.14 ~ 25.5.14
Tatmadaw Hall
30.5.14 ~ 1.6.14
2nd Mobile and Tablet Fair

acer

*explore beyond limits™*



# Explore everywhere

***Aspire*** | E3-111

4th Gen. Intel® Celeron® Processor N2830
2GB DDR3, 500GB HDD, **Display 11.6" HD 1366 x 768 resolution,**
LEDbacklit TFT LCD ,SD card reader, GLAN, WLAN, Bluetooth, USB 3.0,
Webcam, 3 cells Li-ion Battery

***PRICE - 310 USD***

1 YEAR Mini-Notebook WARRANTY




Acer Tablet, Netbook, Notebook, Desktop (Acer Dealers, Resellers) ဝယ်ယူပြီး ရွှေလမင်းနဂါးတွင် Register လုပ်ထားသည့် ၂၀၁၃–၂၀၁၄ တက္ကသိုလ်ဝင် ကျောင်းသား/သူ များမှ

**(1/2) D** ဖြင့်အောင်မြင်သူ (10) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **5%**
**(3) D** ဖြင့်အောင်မြင်သူ (5 ) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **10%**
**(4) D** ဖြင့်အောင်မြင်သူ (5 ) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **15%**
**(5) D** ဖြင့်အောင်မြင်သူ (5 ) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **20%**
**(6) D** ဖြင့်အောင်မြင်သူ (5 ) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **30%**

စုစုပေါင်း (30) ဦးကို မဲစနစ်ဖြင့် ရွေးချယ်၍ ဂုဏ်ပြုဆုအဖြစ်ပြန်လည် ချီးမြှင့်သွားပါမည်။

## Students Challenging **Opportunities**

မြန်မာတပြည်လုံးရှိ Acer Dealer, Reseller ဆိုင်များတွင် Acer Product များ ဝယ်ယူရင်း အထူးအခွင့်အရေးများကို အရယူလိုက်ပါ...

Authorized Distributor : Shwe Lamin Nagar Co., Ltd. | Ph : 09-250177761, 01-2301797, 01-227781, 01-218041 | Email : shwelaminnagar@sln-myanmar.com

လက်ကျန်ရက်မှာ ပွန်းဝယ်မယ်!

Outlab Biz Group

# 2nd MOBILE & TABLET FAIR

မေလ (၃၀) ရက်နေ့မှ ဇွန်လ (၁) ရက်နေ့ | 9 am to 5 pm | တပ်မတော်ခန်းမ

LG SAMSUNG HUAWEI C B BANK SINGTECH CONNECTING YOUR WORLD

- Brand အစုံကြည့်ရှုဝယ်ယူနိုင်မယ်...
- အလဲအထပ်လုပ်ချင်တာလား...
- အရစ်ကျဝယ်မှာလား...
- စာအုပ်ဘူဖေးအစီအစဉ်လည်းပါမယ်...

ADATA ALPHA anitech Ansus ARCHOS cherry mobile e21 ELECOM HiWAY KingCom Myanmar Book Centre Phone Corner REDLINK SONY Transcend

Broatcastaing Media Partner : MRTV-4 Technology Partner : REDLINK Bank Partner : C B BANK

Printed Media Partners : Digital life INTERNET Journal MobileGuide NetGuide

# ASIA TECH IT & Mobile Centre

မိုးရာသီ အထူးဈေးရောင်းပွဲ

From 28th.May,2014 to 10th.Jun,2014.

Laptop ဝယ်ယူအားပေးသူတိုင်းအတွက်

DELL acer hp lenovo ASUS

$20 Discount + Gift 10 items + Dealer Gifts

DeskTop ဝယ်ယူအားပေးသူတိုင်းအတွက်

Keyboard + mouse + ballpan card reader + notepad

Gift 5 items

Hot Line - 01-392951, 09-4480 22288.